ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (8-4-2015) (စ၁၆၉)

## အေးစေ မြစေ မေတ္တာရေ

- ❁ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- ❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- ❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- ❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- ❁ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- ❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- ❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- ❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- ❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟုမ္မလင်းမြို့နယ်အတွင်း လက်ဖက်နှင့်ရော်ဘာစိုက်ပျိုးထားရှိမှုများ လှည့်လည်ကြည့်ရှု

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်း-ခန္တီး လမ်းပေါ်ရှိ ဒေါ်သိန်းကြွယ် လက်ဖက်ခြံ ၇ ဒသမ ၆၂ ဧက သို့ရောက်ရှိကြပြီး လက်ဖက်ခြောက်နမူနာများနှင့် လက်ဖက်အခြေခံထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုကြသည်။(အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱



## မြန်မာနိုင်ငံ၌ စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ တစ်ဟုန်ထိုးမြင့်တက်လျက်ရှိ

မြန်မာနိုင်ငံရှိ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများတွင် အဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံသည့် ပမာဏမှာ ၂၀၁၂ ခုနှစ်တွင် ၄၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၁ ဒသမ ၄ သန်းထိ ရောက်ရှိလာမှုနှင့်အတူ တစ်ဟုန်ထိုးမြင့်တက်လျက်ရှိကြောင်း The Straits Times က ရေးသားဖော်ပြသည်။ မြို့ပြဖွံ့ဖြိုးရေး၊ ဆက်သွယ်ရေးနှင့် ဘဏ္ဍာရေးနယ်ပယ်များတွင် သုံးစွဲမှုကောင်းမွန်လျက်ရှိကြောင်း စင်ကာပူနိုင်ငံအခြေစိုက် ကုန်သွယ်ရေးအေဂျင်စီ International Enterprise(IE)မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး လိုင်ရှုယင်က ပြောကြားသည်။

ယင်းသို့ ပြောကြားခြင်းမှာ မြန်မာနိုင်ငံ၏ အလျှံအပယ်ကြွယ်ဝသော သဘာဝ၊ လူသားရင်းမြစ်များနှင့် အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှဒေသ၏ လမ်းဆုံလမ်းခွ၌ မဟာဗျူဟာမြောက် တည်ရှိမှုများကြောင့် ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

### ထူးခြားသည့် နေ့အပူချိန်များ

| | | |
|---|---|---|
| အောင်လံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်း | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၁ | ဒီဂရီစင်တီဂရိတ် |

BBB
ဘိုသုံးလုံး ကားရောင်းစင်တာ
38+40 ကမ္ဘာအေးဘုရားလမ်း
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

ကြေးမုံ စာတည်းရှထောင့် ၈-၄-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ကျန်းမာရေးအသိစွဲမြဲရှိ

အာရောဂျံ ပရမံ လာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ရှင်စော ဗုဒ္ဓမိန့်ကြားခဲ့သည်။ အနာရောဂါကင်းရှင်း ကျန်းမာခြင်းသည် သက်ရှိလူသားများအတွက် အဖိုးအနဂ္ဃထိုက်မြတ်သော ဆုလာဘ်ရတနာတစ်ပါးဖြစ်သည်။ အသက်ရှည်ကြာ အနာမဲ့ခြင်း အကြောင်းရင်းတရားလေးပါးရှိသည်။ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"ဟူ၍ ဖြစ်ပါသည်။

ကံဟူသည် "အလုပ်" ဖြစ်သည်။ ဝန်နှင့်အား မျှတစွာလုပ်ကိုင်တတ်ဖို့လိုသည်။ မမျှမတတစ်ဖက်စောင်းနင်းဆိုပါက အသက်တိုရောဂါထူပြောဘဝမလှမပနှင့်နိဂုံးချုပ်သွားရသူအများအပြား။ အသက်ကို ဉာဏ်စောင့်ဆိုစကားအတိုင်း ကံသုံးပါးစလုံးမှာ ဉာဏ်လျှင်ရှေ့သွားပြုလျက် ကျင့်ကြံနေထိုင်တတ်ပါမှ။ သို့မဟုတ်ပါလျှင် အဖျက်အမှောင့် ပယောဂပေါင်းစုံ မိမိခန္ဓာအိမ်အား စုပြုံဝင်မွှေဒုက္ခတွေ့နိုင်ပါသည်။

ဗုဒ္ဓအလိုကျ အဆုံးအမတရားသုံးပါးအနက် ပဓာနအကျဆုံးတရားအနှစ်သာရမှာ "သစိတ္တပရိယောဒပနံ" မိမိစိတ်ကို ဖြူစင်စေခြင်းဟူ၍ ဖြစ်သည်။ စိတ်ကိုသချာကိန်းဂဏန်းအားဖြင့် ရေတွက်ပြထားသည်မှာ စိတ်တစ်ခု ယုတ်ကိုးဆယ်၊ အကျယ်အားဖြင့် တစ်ရာနှစ်ဆယ့်တစ်ဟူ၍ ဖြစ်သည်။စိတ်၏ကျယ်ပြန့်နက်နဲမှု။ ခန္ဓာငါးပါးတွင်လည်း ရူပခန္ဓာတစ်ပါးမှအပ ကျန်လေးပါးမှာ စိတ်နှင့်တိုက်ရိုက်ဆက်နွှယ်နေသော နာမ်ခန္ဓာအိမ်များဖြစ်ကြသည်။ စိတ်၏အရေးပါမှု "စိတ်ထားတတ်ကမြတ်သည်" ဆိုစကားရှိသည်။ အယုတ်၊ အလတ်၊ အမြတ်သုံးပါးကို ကွဲပြား သိသာစေမှုမှာ စိတ်ထားအနိမ့်အမြင့်နှင့် သက်ဆိုင်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်လျှင် ယောနိသော မနသိကာရ အရာရာတွင် အသင့်အတင့်နှလုံးသွင်းကျင့်ကြံနေထိုင်တတ်မှုက အသက်ရှည်ဆေးဖြစ်ပါသည်။

မိမိ၏ခန္ဓာအိမ်နှင့် လိုက်လျောညီထွေသဟဇာတဖြစ်စေသည့် ဥတုသပ္ပာယအရပ်ဌာနမှာ အခြေချနေထိုင်တတ်မှုကလည်းအကြင်သူ၏ ကျန်းမာရေးအတွက် အထူးအရေးပါလှသည်။ မိမိမွေးဖွားရာ ဇာတိမြေသည် ထိုပုဂ္ဂိုလ်အတွက်အကောင်းဆုံး။ အကြောင်းအမျိုးမျိုးကြောင့် မွေးရပ်မြေမှခွဲခွာ တစ်ရပ်တစ်ရွာမှာ အခြေချရပြီဆိုလျှင်လည်း မွေးရပ်မြေရာသီဥတုနှင့်အနီးစပ်ဆုံးနေရာမျိုးဖြစ်သင့်သည်။ မိမိနှင့်ပုံမှန်ဖြစ်နေသည့် ဥတုရာသီပင်လျှင် တစ်ရာသီနှင့် တစ်ရာသီအပြောင်းအလဲများတွင် အနေအထိုင်မဆင်ခြင်ပါက ကောက်ကာငင်ကာ နေထိုင်မကောင်းဖြစ်သွားတတ်သေးသည်။ ကျန်းမာရေးတွင်ဥတုရာသီ၏အရေးပါမှု။

သက်ရှိများဟူသမျှ အာဟာရနှင့် ကင်း၍မရ။ အာဟာရနှင့် ဖွဲ့တည်မတ်ခိုင်ထားသော ခန္ဓာအိမ်အတွက် ပုံမှန်အာဟာရမှီဝဲရသည်။ ထိုသို့ မှီဝဲရာတွင် 'အစာလည်းဆေး၊ ဆေးလည်းအစာ ရွေးချယ်စားသုံးတတ်ပါက တစ်ချက်ခုတ်နှစ်ချက်ပြတ် အကျိုးဖြစ်ထွန်းစေပါမည်။ ခန္ဓာအိမ်အတွက် ပုံမှန်လိုအပ်သော အာဟာရအုပ်စုသုံးမျိုးကို အချိုးမျှညီစားသုံးတတ်ဖို့လည်း လိုအပ်ပါသည်။ ထို့ကြောင့် လူတိုင်းကျန်းမာရေးအသိရှိနေဖို့လိုအပ်ပါသည်။ "မရှိတာထက် မသိတာခက်"၍ အသက်ကိုထိ အန္တရာယ်ဖြစ်စေနိုင်သည့် အစာအာဟာရများ ရှိနေတတ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီး၏ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ခရီးစဉ်တွင် "ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးရန် ကာကွယ်ရေးနည်းလမ်းများ သိရှိစေရန်အတွက် ဆွေးနွေးမှုများ၊ ဟောပြောပွဲများပြုလုပ်ပေးရန် ဆေးရုံတွင်သာမက နယ်မြေဆင်းပြီး ပြည်သူလူထုနှင့်ထိတွေ့ကာ ကျန်းမာရေးအသိပညာပေးရန်၊ စာသင်ကျောင်းများတွင် ဟောပြောပွဲများပြုလုပ်ရန်"များကို အဓိကထားလမ်းညွှန်မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏"ဆိုဖွယ်ရာမရှိသော အဆိုအမိန့်စကား။ သို့သော် ကြိုတင်ကာကွယ်နိုင်ဖို့ ကျန်းမာရေးနှင့်အညီ ကျင့်ကြံနေထိုင်တတ်ဖို့ ကျန်းမာရေးအသိရှိဖို့လိုသည်။ ထိုကျန်းမာရေးအသိကို အခြေခံပညာ ကျောင်းသားအရွယ်ကတည်းက သိရှိစွဲမြဲသွားစေပြီဆိုပါလျှင် မိမိတို့နိုင်ငံ၏ အနာဂတ်ကျန်းမာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရှိလာမည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။ ။

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် မေ ၇**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက်၊ မေ ၁၆ ရက် စနေနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များသည် မေ ၁၅ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋက ကောဝိဒဆရာတော်များ၊ စာထောက် စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ နှစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယကောဝိဒ တစ်ပါး၊ ဒီဃဘာဏက ငါးပါး၊ ဝိနယကောဝိဒ ငါးပါး၊ ဝိနယဓရ ၁၆ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ငါးပါး၊ ဥဘတောဝိဘင်္ဂဓရ ၅၄ ပါး စုစုပေါင်း စာအောင်သံဃာ အပါး ၉၀၊ ပင့်သံဃာ ၁၇၅ ပါး အပါအဝင် စုစုပေါင်းသံဃာတော် ၂၆၅ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်သဖြင့် အလှူရှင်များ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ဖုန်း ၀၁-၆၅၂၇၉၄၊ ၀၁-၆၆၄၄၆၅ နှင့် ၀၁-၆၆၄၅၇၈ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိကာယ်စာမေးပွဲကျင်းပမည်

**နေပြည်တော် မေ ၇** - သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်မှ နယုန်လပြည့်ကျော် ၁၂ ရက်အထိ ၂၀၁၅ ခုနှစ် ဇွန်လ ၉ ရက်မှ ဇွန်လ ၁၃ ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း ကျမ်းစာအလိုက်သတ်မှတ်ထားသည့် ပြဋ္ဌာန်းကျမ်းစဉ်အတိုင်း နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုကြရမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်ကပ်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## စာအုပ်စာပေ လှူမိတ်ဆွေ




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၃၃၀၀ | - | ၆၈၄၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၃၃၀၀ | - | ၆၈၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၈၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၅၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၁၅၀. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၆၉. ၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၂. ၄၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၈၉. ၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၁၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၈၀. ၆၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၆. ၅၀၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၇၉၇. ၆၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၅. ၆၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



## ပြည်တွင်းရေးရာ

**✻ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဟုမ္မလင်းမြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးမှုအခြေအနေ၊ စိုက်ဧက၊ စိုက်ပျိုးသည့်မျိုး၊ လက်ဖက်စိုက် တောင်သူဦးရေ၊ စိုက်စရိတ်၊ ဈေးကွက်တင်ပို့မှု၊ ဒေသခံပြည်သူများအလုပ်အကိုင်၊ ဝင်ငွေရရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဒေသခံလက်ဖက်စိုက်တောင်သူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားရာ နိုင်ငံတော်သမ္မတအား လက်ဖက်စိုက် တောင်သူများက ဒေသထွက် လက်ဖက်ခြောက်လက်ဆောင်များ ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ဒေသခံလက်ဖက်စိုက်တောင်သူများနှင့် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များကို အဝတ်အထည်များနှင့် ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လက်ဖက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ဟုမ္မလင်းမြို့နယ်အနေဖြင့် လက်ဖက်ဧက ၆၇၀၀ ကျော် စိုက်ပျိုးထားကြောင်းသိရသည်။ လက်ဖက်သီးနှံသည် ဟုမ္မလင်းမြို့နယ် အတွင်းရှိ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး တစ်နိုင်တစ်ပိုင်လုပ်အားဖြင့် လုပ်ကိုင်နိုင်သည့်လုပ်ငန်းဖြစ်သည်။ ဟုမ္မလင်းမြို့နယ်မှ ထွက်ရှိသည့်လက်ဖက်သည် စိုက်ပျိုးပြုစုချိန်ကာလတစ်လျှောက် ဓာတုပစ္စည်းသုံးစွဲထားခြင်းမရှိသည့် သဘာဝထွက်ကုန်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟုမ္မလင်း-ခန္တီးလမ်းဆုံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ချင်းတွင်းအထက်ဒေသရှိ လမ်းကွန်ရက်များ၏ လက်ရှိအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်လမ်းများပေါ်ရှိ တံတားများ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန်များကို မှာကြားခဲ့သည်။

သက္ကယ်ကျင်း - ဖောင်းပြင်- ဟုမ္မလင်း-ခန္တီးလမ်းကို ၁၉၈၇ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်တို့မှ တာဝန်ယူဖောက်လုပ်ခဲ့သည့်လမ်းဖြစ်ပြီး ယခုအချိန်တွင် ကတ္တရာလမ်း ၅ မိုင်၊ အမာခံလမ်း ၂၀၅ မိုင် ၄ ဖာလုံ၊ မြေလမ်း ၁၁၉ မိုင်ရှိကြောင်း သိရသည်။ ထို့ပြင် အဆိုပါလမ်းကို ဘဏ္ဍာရေးနှစ်အလိုက် မြေကြီးတာပေါင်တင်ခြင်း၊ မြေသားလမ်းချဲ့ပြီး အမာခံလမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ သစ်သားတံတား၊ RCC တံတား၊ အုတ်ခုံဘေလီတံတားနှင့် အုတ်ခုံသစ်သားတံတားများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် လက်ရှိအစိုးရလက်ထက်တွင် ကတ္တရာလမ်း ၃၀၅ မိုင်၊ ကျောက်လမ်း ၆၅ မိုင်၊ မြေသားလမ်း မိုင် ၁၃၀ ဖောက်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နောင်လွန်ကျေးရွာရှိ ဦးဌေးမောင်၏ ရတနာ ဧက ၅၀ ရော်ဘာခြံသို့ရောက်ရှိပြီး ရော်ဘာစိုက်ပျိုးထားမှုနှင့် ရော်ဘာအစေးထုတ်လုပ်နေမှုကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မိုးသိန်းအဆင့်မြင့်နှစ်ရှည်သီးနှံ ဧက ၅၀၀ စိုက်ခင်းသို့ရောက်ရှိပြီး နှစ်ရှည်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မြသရဖူ ရော်ဘာခြံသို့ ရောက်ရှိရာ ဟုမ္မလင်းမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးကျော်စွာလွင်နှင့် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးတာဝန်ခံက စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဟုမ္မလင်းမြို့နယ်အတွင်း နှစ်အလိုက်ရော်ဘာစိုက်ပျိုးခဲ့မှု၊ တိုးချဲ့စိုက်ပျိုးနိုင်မှုနှင့် ရော်ဘာထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရော်ဘာစိုက် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ရော်ဘာအစေးထုတ်ပစ္စည်းများနှင့် ရော်ဘာပြားများအား ကြည့်ရှုသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရော်ဘာဧက ၁၁၇၀၀ စိုက်ပျိုးထားပြီး ဟုမ္မလင်းမြို့နယ်အနေဖြင့် ရော်ဘာဧက ၁၉၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သီတဂူစကျုဆေးရုံတော်သို့ ရောက်ရှိပြီး နိုင်ငံတော်သံဃာ့ဝန်ဆောင် မိုင်းကိုင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သမိုင်းဝင်ဆုတောင်းပြည့် စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟုမ္မလင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ခန္တီးမြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခန္တီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများအား ခန္တီးရိပ်သာ၌တွေ့ဆုံခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံလက်ဖက်စိုက်တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားစဉ်။** (ပြန်/ဆက်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (ပြန်/ဆက်)


### ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### ပြည်ခရိုင်
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လမ်းခင်းကျောက်ရွယ်စုံနှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် -၂၈-၄-၂၀၁၅ရက်(အင်္ဂါနေ့) ၁၆:၀၀နာရီ
တင်ဒါရွေးချယ်မည့်ရက်/အချိန် -၃၀-၄-၂၀၁၅ရက် (ကြာသပတေးနေ့)၊ နံနက် ၉:၀၀နာရီ
တင်ဒါရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်ခရိုင်၊ ပြည်မြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်ခရိုင်၊ ပြည်မြို့ တွင် ၇-၄-၂၀၁၅ရက်မှစ၍ ရုံးချိန် အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ပြည်ခရိုင် ၊ ပြည်မြို့
ဖုန်း-၀၅၃-၂၄၂၄၂ ၊ ၀၅၃-၂၄၁၀၄



ဥတုရာသီ တောကိုမှီ၏



### သတ္တုတွင်းဝန်ကြီးဌာနထံတွင် ကတိခံဝန်ထားချက်အရ တန်ဖိုးငွေနှင့်အမြတ်ငွေများ ပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီ(၂)ခုအား တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်းသတိပေးအကြောင်းကြားခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ရတနာပြပွဲများတွင် ဝယ်ယူခဲ့သော ကျောက်စိမ်းအတွဲများကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သော ကုမ္ပဏီများအနက် အောက်ပါ ကုမ္ပဏီ(၂)ခုသည် ကတိဝန်ခံချက်ပါ စည်းကမ်းများအရ တန်ဖိုးငွေနှင့် အမြတ်ငွေများကို သတ်မှတ်ကာလအတွင်း ပြည်တွင်းသို့ ပြန်လည်ပေးသွင်းရန် ပျက်ကွက်ခဲ့ပါသည်-

(က) ဂိုမ်းဖောနဂါးကျောက်မျက်ကုမ္ပဏီ
(ခ) နိုင်ဗညားကျောက်မျက်ကုမ္ပဏီ

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့များသို့ ပေးသွင်းရန်ကျန်ရှိသည့် တန်ဖိုးငွေနှင့်အမြတ်ငွေများကို ၂၆-၃-၂၀၁၅ရက် အပြီးပေးသွင်းရန် အကြောင်းကြားခဲ့သော်လည်း ယနေ့အချိန်ထိ ပေးသွင်းရန်ပျက်ကွက်ခဲ့ပါသည်။

၃။ အထက်ပါကုမ္ပဏီ(၂)ခုသည် ကတိဝန်ခံချက်အရ ပြည်တွင်းသို့ ပြန်လည်ပေးသွင်းရန်ကျန်ရှိသည့် တန်ဖိုးငွေနှင့်အမြတ်ငွေများကို ၃၀-၄-၂၀၁၅ရက် အပြီးပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။



### (အင်းထိပ်)အမက
### တတိယအကြိမ် အာစရိယပူဇော်ပွဲ

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်ရပ်ကွက်၊ အမက (အင်းထိပ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၁၁ရက်(၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော်၈ရက်၊ စနေနေ့) ညနေ ၄နာရီတွင် အမက (အင်းထိပ်)၌ကျင်းပရန် စီစဉ်ထားပြီး ဧပြီ ၁၁ရက်၊ ညနေ၆နာရီတွင် မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အမက(အင်းထိပ်)ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဆရာဦးမင်းသူ(ကျိုက္ကော်)၊ ဦးအေးလွင် ဖုန်း-၀၅၇-၆၉၇၉၆(ကျိုက္ကော်)၊ ဦးရွှေဇင်ထွန်း ဖုန်း-၀၉-၄၂၁၇၄၄၂၂၇ (ရန်ကုန်) နှင့် ဒေါ်မြတ်မြတ်စိုး ဖုန်း-၀၅၇-၆၉၁၃၉ (ကျိုက္ကော်)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



ကျော် PPTT မူလတန်းဆရာနှင့်ရာထူးများဝင်ခွင့်
နှစ်ဆန်း(၂)ရက်နေ့ တန်းခွဲသစ်ကြိုတင်အပ်ပါ။
သချာအောင်သင်း
၈-တန်း၊ ၉-တန်း၊ ၁၀-တန်းနှင့် တက္ကသိုလ်ဝင်ခွင့်
၁၀၃၊ အနော်ရထာလမ်းမကြီး။ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:09421042332,09420005131

POST မူလတန်းပြဆရာမဝင်ခွင့်
(PPTT) 09420129333
● စနေ၊တနင်္ဂနွေ (၁၁.၄.၂၀၁၅) ၈:၀၀-၁၁:၀၀/၁၁:၃၀-၂:၃၀
● စာမေးပွဲအနီးကပ် (၆) ရက်တက်တန်းခွဲများ သင်ကြားပို့ချပြီးမည်။
● ၁၈.၄.၂၀၁၅မည်။ ● စာအုပ်ရပြီ ၆၀၀၀။
၁၆၅၊ဆိပ်ကမ်းသာလမ်း(လယ်)၊ကျောက်တံတားမြို့နယ်။ ပန်းဆိုးတန်းမှတ်တိုင်

## အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်း မလေးရှားပါလီမန်တွင် အတည်ပြု

**ကွာလာလမ်ပူ  မေ ၇**

မလေးရှားပါလီမန်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းတစ်ရပ်ကို မေ ၇ ရက်တွင် အတည်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းနှင့် ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ထွက်ခဲ့သည်။ အကြမ်းဖက်သမားအဖြစ် သင်္ကာမကင်းခံရသူကို ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ထိန်းသိမ်းထားရန် ခွင့်ပြုပေးခြင်းအတွက် လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့အစည်းများက ကန့်ကွက်ခဲ့ကြသည်။

အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေအရ အကြမ်းဖက်သမားအဖြစ် သင်္ကာမကင်းခံရသူတစ်ဦးကို နှစ်နှစ်အထိ ထိန်းသိမ်းထားနိုင်ခွင့်ရှိသည်။ ထို့အပြင် ဥပဒေအရ အာမခံချက်မရှိဘဲ ထိန်းသိမ်းမှုကာလကို သက်တမ်းတိုးချဲ့နိုင်သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကဲ့သို့သော စစ်သွေးကြွအဖွဲ့များ ခေါင်းထောင်လာနေချိန်တွင် အကြမ်းဖက်မှုဘေးအန္တရာယ်ခြိမ်းခြောက်မှု ကြီးမားလာနေခြင်းကြောင့် အကြမ်းဖက်သမားအဖြစ် မသင်္ကာရသူကို ထိန်းသိမ်းထားနိုင်ခွင့်အာဏာရှိသင့်သည်ဟု အစိုးရအဖွဲ့က ပြောကြားသည်။

ယင်းဥပဒေပါ လုပ်ပိုင်ခွင့်အရ နိုင်ငံရေးယုံကြည်ချက်ကြောင့် ထိန်းသိမ်းမှုများ ပြုလုပ်မည်မဟုတ်ကြောင်း မလေးရှားပြည်ထဲရေးဝန်ကြီး အာမက်ဇာပစ်ဟာမဒီက ပြောကြားသည်။

အဆိုပါဥပဒေကြမ်းကို အတည်ပြုရေးနှင့်ပတ်သက်၍ အာဏာရညွန့်ပေါင်းအဖွဲ့နှင့် အတိုက်အခံတို့အကြား အကြိတ်အနယ် ဆွေးနွေးငြင်းခုံခဲ့ကြသည်။ **ပီတီအိုင်။**



## အမျိုးသားလုံခြုံရေး တိုးမြှင့်ဆောင်ရွက်ပေးရန် ကင်ညာပြည်သူများ စုဝေးချီတက်ဆန္ဒပြ

**နိုင်ရိုဘီ  မေ ၇**

လွန်ခဲ့သည့် ရက်သတ္တပတ်က ဆိုမာလီနိုင်ငံမှ အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြောင့် လူပေါင်း ၁၄၈ ဦး သေဆုံးခဲ့ရပြီးနောက် အမျိုးသားလုံခြုံရေးအတွက် အစိုးရက တိုးမြှင့်ဆောင်ရွက်ပေးရန် ပြည်သူများက မေ ၇ ရက်တွင် စုဝေးချီတက်ကာ ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ထိုစဉ်အတွင်း ကင်ညာဂျက်တိုက်လေယာဉ်များက အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော အယ်လ်ရှာဘတ်သူပုန်အဖွဲ့၏ စခန်းများတည်ရာ ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ကင်ညာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ထောက်လှမ်းရေးဌာနက ကြိုတင်သတိပေးချက်များ ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိမှုအတွက် ပြည်သူများအတွင်း ဒေါသဖြစ်လျက်ရှိကြသည်။

ကင်ညာနိုင်ငံ ဂါရစ်ဆာမြို့ရှိ တက္ကသိုလ်တွင် ဧပြီ ၂ ရက်က အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာတွင် အထူးတပ်ဖွဲ့ဝင်များ ယင်းတက္ကသိုလ်သို့ ရောက်ရှိရန် ခုနစ်နာရီကြာမြင့်ခဲ့သည်။ မြို့တော်နိုင်ရိုဘီမှ ၃၆၅ ကီလိုမီတာ (၂၂၅ မိုင်)အကွာ ဂါရစ်ဆာမြို့ရှိ တက္ကသိုလ်တွင် စစ်သွေးကြွများက ခရစ်ယာန်ဘာသာဝင် ကျောင်းသားကျောင်းသူများကို ရွေးထုတ်၍ ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် ကျောင်းသား ကျောင်းသူ ၁၄၂ ဦး၊ ရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် စစ်သည်သုံးဦး သေဆုံးခဲ့ရသည်။ **ပီတီအိုင်။**

## အိန္ဒိယရဲတပ်ဖွဲ့က စန္ဒကူးမှောင်ခိုသမား ၂၀ ကို သုတ်သင်

**ဘူဘန်နက်စ်ဝါ (အိန္ဒိယ)  မေ ၇**

အိန္ဒိယရဲတပ်ဖွဲ့သည် ဧပြီ ၆ ရက်က ပြုလုပ်ခဲ့သည့် ဝေးလံခေါင်ဖျားသော တောအုပ်များအတွင်း မှောင်ခိုကူးမှုကို ချေမှုန်းသုတ်သင်သည့် နှစ်ပေါင်းများစွာအတွင်း အကြီးမားဆုံးစစ်ဆင်ရေးတွင် သံသယဖြစ်ဖွယ် စန္ဒကူးမှောင်ခိုသမား ၂၀ ဦးအား သတ်ဖြတ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ အန်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ရဲတပ်ဖွဲ့နှင့် ရွာပါး၍တန်ဖိုးကြီးမားသော စန္ဒကူးပင်မှောင်ခိုကူးသူအုပ်စုတစ်စုကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဂျေဗွီရာမူဒူက ပြောကြားသည်။ မှောင်ခိုသမားများသည် ရက်စက်ကြမ်းကြုတ်သူများဖြစ်ပြီး အစောပိုင်းက သစ်တောတာဝန်ရှိသူများကိုလည်း သတ်ဖြတ်ခဲ့ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည့်နေရာမှာ တရုတ်နှင့် ဂျပန်နိုင်ငံတို့၌ ပရိဘောဂပြုလုပ်ရာတွင် အလွန်တန်ဖိုးထားသည့် စန္ဒကူးနီပင်များ ပေါက်ရောက်ရာနေရာဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ မှောင်ခိုသမားကိုးဦးမှာ နေရာတစ်နေရာ၌ သုတ်သင်ခံခဲ့ရပြီး ၁၁ ဦးမှာ တစ်ကီလိုမီတာ (မိုင်ဝက်) အကွာတွင် ဖြစ်ပွားခဲ့သည့် ဒုတိယမြောက်တိုက်ပွဲတွင် ချေမှုန်းခံခဲ့ရခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အလိုရှိဆုံး စန္ဒကူးမှောင်ခိုသမား ဗီယပ်ပန်မှာ ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတစ်ခုအတွင်း ပစ်သတ်ခံခဲ့ရချိန်ကတည်းက စန္ဒကူးဂိုဏ်းငယ်များ မှိုလိုပေါက်လာခဲ့သည်။ စန္ဒကူးပင်အများစုကို အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ မှောင်ခိုကူးခြင်းဖြစ်သည်။ **ရိုက်တာ။**



## ကူးတို့သင်္ဘောရေယာဉ်မှူးအား သေဒဏ်စီရင်ချက်ချမှတ်ရန် အစိုးရရှေ့နေများ တိုက်တွန်း

**ဆိုးလ်  မေ ၇**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်နှစ်က နစ်မြုပ်ခဲ့သော ကူးတို့သင်္ဘောတစ်စင်း၏ ရေယာဉ်မှူးအား သေဒဏ်ပြစ်ဒဏ်စီရင်ချက် ချမှတ်ပေးရန် အစိုးရရှေ့နေများက မေ ၇ ရက်တွင် အယူခံတရားရုံးတစ်ရုံးသို့ တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၁၄ ခုနှစ် ဧပြီ ၁၆ ရက်က တောင်ကိုရီးယားအနောက်တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းကမ်းလွန်တွင် ဆီဝိုးလ်အမည်ရှိ ကူးတို့သင်္ဘောနစ်မြုပ်ခဲ့ရာတွင် ရေယာဉ်မှူးက လူအများ အသက်သေဆုံးနိုင်မှုကို သိလျက်နှင့် သင်္ဘောကို တမင်တကာ စွန့်ခွာသွားခဲ့သည်ဟု အစိုးရရှေ့နေများက စွဲချက်တင်ခဲ့ကြသည်။

လူပေါင်း ၄၇၆ ဦး တင်ဆောင်လာသော အဆိုပါ ကူးတို့သင်္ဘောနစ်မြုပ်ခဲ့ရာတွင် သေဆုံးသူ ၃၀၄ ဦး အနက် ၂၅၀ မှာ လေ့လာရေးခရီးထွက်လာခဲ့ကြသော ကျောင်းသား ကျောင်းသူ ကလေးငယ်များဖြစ်ကြသည်။

ရေယာဉ်မှူး လီယောင်ဆွန်**(အပေါ်ပုံ)**နှင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သော ရေယာဉ်ဝန်ထမ်း ၁၄ ဦးတို့ကို ပြီးခဲ့သည့်နိုဝင်ဘာလက ထောင်ဒဏ်ငါးနှစ်မှ ၃၆ နှစ်အထိ ပြစ်ဒဏ်အသီးသီးကျခံစေရန် စီရင်ချက်ချမှတ်ခဲ့သည်။

ရေယာဉ်မှူးလီကို ထောင်ဒဏ် ၃၆ နှစ် ကျခံစေရန် ပြစ်ဒဏ်စီရင်ချက်ချမှတ်ခဲ့သော်လည်း လူသေစေမှုစွဲချက်မှ ကင်းလွတ်ခွင့်ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးရန် နိုင်ငံတောင်ပိုင်း ကွမ်ဂျူးမြို့ရှိ တရားရုံးချုပ်သို့တင်ပြရန် အစိုးရရှေ့နေများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည်။ **ပီတီအိုင်။**

## တောင်အာဖရိကတွင် အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းမည့် မိန်းကလေးတစ်ဦးကို ထိန်းသိမ်း

**ဂျိုဟန်နက်စဘတ်  မေ ၇**

တောင်အာဖရိကနိုင်ငံ တာဝန်ရှိသူများက အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး ( အိုင်အက်စ်)အဖွဲ့နှင့် သွားရောက်ပူးပေါင်းရန်ကြိုးစားသည့် (၁၅) နှစ်အရွယ် မိန်းကလေးတစ်ဦးကို ထိန်းသိမ်းတားမြစ်နိုင်ခဲ့ကြောင်း နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနက မေ ၇ ရက်တွင် ပြောကြားသည်။

မိန်းကလေးငယ်၏ အိပ်ခန်းအတွင်း အိုင်အက်စ်အဖွဲ့ လူသစ်စုဆောင်းသူများနှင့် အပြန်အလှန်ဆက်သွယ်ထားသည့် အထောက်အထားများ ရှာဖွေတွေ့ရှိပြီးနောက် ကိပ်တောင်းမြို့လေဆိပ်တွင် ကြားဖြတ်ဟန့်တားနိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

“သူက ဒီနိုင်ငံကနေထွက်ခွာပြီး အိုင်အက်စ်အဖွဲ့နဲ့ ပူးပေါင်းဖို့ စီစဉ်ထားတယ်ဆိုတာ ကျွန်တော်တို့ အတည်ပြုနိုင်ပါတယ်။ နောက်ပြီး လူမှုမီဒီယာတွေမှာလည်း တွေ့ဆုံဖို့ချိန်းထားကြပါတယ်” ဟု နိုင်ငံတော်လုံခြုံရေးဝန်ကြီး ဒေးဗစ်မာလိုဘို၏ ပြောကြားချက်ကို စတားသတင်းစာကရေးသားဖော်ပြသည်။ **ရိုက်တာ။**

## ယီမင်တွင် တိုက်ခိုက်မှုများကြောင့် လူ ၅၄၀ သေဆုံး

**ဂျီနီဗာ  မေ ၇**

လွန်ခဲ့သည့် သီတင်းပတ်များအတွင်း ယီမင်နိုင်ငံတွင် တိုက်ပွဲများပိုမိုပြင်းထန်လာမှုကြောင့် သေဆုံးသူ ၅၄၀ နှင့် ဒဏ်ရာရရှိသူ ၁၇၀၀ ခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က မေ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

“ယီမင်နိုင်ငံမှာ မတ် ၁၉ ရက်ကတည်းက ဖြစ်ပွားနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် လူ ၅၄၀ ကျော် သေဆုံးပြီး ၁၇၀၀ ကျော် ဒဏ်ရာရရှိခဲ့ပါတယ်” ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ကုလသမဂ္ဂနိုင်ငံတကာကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ် ၂၆ ရက် နောက်ပိုင်း တိုက်ခိုက်မှုများတွင် ကလေးသူငယ် အနည်းဆုံး ၇၄ ဦး သေဆုံးပြီး ၄၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

**အေအက်ဖ်ပီ။**



# ကလေးလူငယ်များ အခြေခံကောင်းကောင်းနှင့် ပညာသင်ကြားခွင့်ရစေရန် မိဘ၊ ဆရာ၊ အုပ်ချုပ်သူများ၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြစေလို



**နေပြည်တော် မေ ၇**

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရည်မြင့်မားမှုအထူးလိုအပ်ပါကြောင်း၊ ဖိုးသုညနှင့် တိုင်းပြည်တည်ဆောက်၍မရနိုင်ဟု ရှေးလူကြီးသူမများ ပြောဆိုခဲ့ကြကြောင်း၊ နိုင်ငံတွင် ပညာတတ်များ ပေါ်များစေရေးအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကလေးလူငယ်များ အခြေခံကောင်းကောင်းနှင့် ပညာသင်ကြားခွင့်ရစေရန် မိဘ၊ ဆရာ၊ အုပ်ချုပ်သူများ၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်များ ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်းရှိ ပညာရေးကျောင်းများသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်ခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ NGO အဖွဲ့အစည်းများ၊ ပြည်နယ်/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုသည် လွန်စွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကပင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် မဖြစ်မနေပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကိစ္စအောင်မြင်ရေးအတွက် ကတိကဝတ်တည်ရှိခြင်း၊ နားလည်မှု၊ ယုံကြည်မှု၊ စာနာမှုများဖြင့် ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမှာ မိမိနိုင်ငံ၏ပကတိလိုအပ်ချက်ဖြစ်ကြောင်း၊ လူတိုင်းလူတိုင်း မိမိဘဝတိုးတက်အောင်မြင်လိုသကဲ့သို့ နိုင်ငံတိုင်းကလည်း ဖွံ့ဖြိုးတိုးတက်လိုကြပါကြောင်း၊ အခြားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုအားကျသည်ထက် မိမိနိုင်ငံကို တိုးတက်လိုစိတ်ဖြင့် အားလုံးကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိရန်လိုအပ်သကဲ့သို့ ဆက်လက်ပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့တိုင်းပြည်တွင် မြေပေါ်မြေအောက်သယံဇာတ၊ ရေသယံဇာတများစွာရှိကြောင်း၊ ယင်းသယံဇာတများကို စနစ်တကျအသုံးပြုရန်လိုအပ်သကဲ့သို့ ကုန်ကြမ်းထုတ်လုပ်ရောင်းချမှုအစားတန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ဆောင်ရွက်နိုင်ပါက များစွာအကျိုးကျေးဇူးရနိုင်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်မည်ဖြစ်ကြောင်း၊ ယင်း၏အခြေခံမှာ အတန်းပညာပင်ဖြစ်ကြောင်း၊ ပညာသင်ကြားခြင်းသည် ဝမ်းစာဖြည့်ခြင်းဖြစ်၍ ပညာသင်ကြားချိန်တွင် အမှန်တကယ်တတ်မြောက်အောင် သင်ကြားရန်လိုကြောင်း၊ ပညာသင်ချိန်တွင် အခြားကိစ္စရပ်များ စိတ်ဝင်စားနေခြင်းကြောင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အရည်အသွေးများ ကျဆင်းစေနိုင်ကြောင်း၊ ပညာသင်ကြားရာတွင် တန်းစဉ်ကူးပြောင်းသင်ကြားမှုသည်လည်း အရေးကြီးပါကြောင်း၊ တိုးတက်အောင်မြင်နေသည့်နိုင်ငံများကို လေ့လာဆန်းစစ်ကြည့်ရာ မူလတန်းမှ တက္ကသိုလ်အဆင့်အထိ တန်းစဉ်ကူးပြောင်းသင်ကြားနိုင်မှု ၉၀ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရပါကြောင်း၊ မိမိနိုင်ငံတွင် တန်းစဉ်ကူးပြောင်းသင်ကြားနိုင်မှု ရာခိုင်နှုန်းနည်းပါးနေခြင်းကိုလည်း သတိကြီးစွာထား၍ လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ၂၀၀၃ ခုနှစ်၌ သူငယ်တန်းတက်ရောက်ခဲ့သူ ၁၀၄၅၆၉ ဦးရှိခဲ့ရာ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူအင်အားမှာ ၂၅၄၅၀ သာရှိ၍ သူငယ်တန်းမှ ဒသမတန်းအထိ တန်းစဉ်ကူးပြောင်းမှုမှာ ၂၅ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ယင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၄၆၁၉ ဦးသာရှိ၍ တန်းစဉ်ကူးပြောင်း၍ တက္ကသိုလ်အဆင့်တက်ရောက်နိုင်မှု ရာခိုင်နှုန်း လွန်စွာနည်းပါးနေသည်ကို တွေ့ရပါကြောင်း၊ ယနေ့သည် နည်းပညာခေတ်ဖြစ်သော်လည်း အခြေအနေမပေးခြင်း၊ လေ့လာစူးစမ်းလိုစိတ်နည်းခြင်းတို့ကြောင့် နည်းပညာဆိုင်ရာ အားနည်းချက်များရှိနေပါကြောင်း၊ သို့ဖြစ်၍ နည်းပညာ၏အခြေခံဖြစ်သည့် ကွန်ပျူတာပညာသင်ကြားနိုင်ရန် ကွန်ပျူတာအား လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် မီး ၂၄ နာရီရရှိသည်နှင့် ကွန်ပျူတာများလှူဒါန်းရန်ဆိုသည့်စိတ်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လှူဒါန်းသည့်ကွန်ပျူတာများကိုလည်း တန်ဖိုးရှိရှိ အသုံးချစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိသားစုကလှူဒါန်းသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအား ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ကလည်းကောင်း၊ သီးခြားအလှူရှင်များက ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ဆက်လက်လှူဒါန်းပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်းရှိ ပညာရေးကျောင်းများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များ၏ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ယနေ့ပြုလုပ်သည့် ရခိုင်ပြည်နယ်အတွင်းမှ ပညာရေးကျောင်းများအတွက် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့်အတူ ကမ္ဘောဇကုမ္ပဏီလီမိတက်၊ မက်(စ်)မိသားစု၊ ထူးဖောင်ဒေးရှင်းမိသားစု၊ ချန်းဟိန်းကုမ္ပဏီလီမိတက်မိသားစု၊ အိုင်ဂျီအီးမိသားစု၊ Jewellery Lucky Production ကုမ္ပဏီလီမိတက်မိသားစု၊ Gateways Group of Companies မိသားစု၊ Asia World ကုမ္ပဏီလီမိတက်မိသားစု၊ ဒေင်ကုမ္ပဏီလီမိတက်မိသားစု၊ ကြယ်နီလာကုမ္ပဏီများအုပ်စုမိသားစု၊ Sky One & Lucky Man လီမိတက်မိသားစု၊ အောင်မြင်သူများကုမ္ပဏီအုပ်စုမိသားစု၊ Amazing ကုမ္ပဏီလီမိတက်မိသားစု၊ နောင်တံုကုမ္ပဏီလီမိတက်မိသားစုနှင့် Authentic ကုမ္ပဏီလီမိတက်မိသားစုတို့ကလည်း ပူးပေါင်းပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်တွေမြို့ မြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်စေရေး၊ မြို့လယ်ချောင်းနှင့် ကုလားတန်မြစ်ဆုံချောင်းဝ သန့်ရှင်းသာယာလှပရေး၊ လုပ်ငန်းခွင်အခြေအနေနှင့် ကုလားတန်မြစ်ဘေး မြို့ပြမြေယာတိုးချဲ့ဖော်ထုတ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များအကြံပြုဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ View Point အပန်းဖြေစခန်း အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်နေမှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအားတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လောက်ကိုင်ဒေသဖြစ်စဉ်နှင့်ပတ်သက်၍ တစ်တိုင်းပြည်လုံး ထောက်ခံအားပေးခဲ့သည်မှာ တပ်မတော်သားများစိတ်ဓာတ်ကို အသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်း၊ ယင်းကောင်းမွန်သောစိတ်ဓာတ်ကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်ရေးအတွက် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ဖြင့် တည်ဆောက်နေသကဲ့သို့ တပ်မတော်သားများ အပြည့်အဝလုပ်ငန်းတာဝန်ထမ်းဆောင်နိုင်ရန်အတွက် စားဝတ်နေရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်စွန့်သွားသူ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရသူ၊ သက်ပြည့်တာဝန်ထမ်းဆောင်ခဲ့သူများအတွက် စစ်မှုထမ်းဟောင်းအိမ်ရာများကို စီစဉ်ဆောင်ရွက်ပေးနေကြောင်း၊ မိမိ၏ စစ်သားဂုဏ်ရည်ကို ထိန်းသိမ်းပြီး စည်းကမ်းကောင်းသော၊ စိတ်ဓာတ်ကောင်းသော တပ်မတော်သားများအဖြစ် ကြိုးပမ်းလုပ်ဆောင်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တွေတပ်နယ်ရှိ ပညာရေးကျောင်းများအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ရာ ဒေသကွပ်ကဲရေးမှူးက လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်ရင်း/တပ်ဖွဲ့များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းက သုတ၊ ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က အားကစားပစ္စည်းများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်းက စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆေးကုသမှုအခြေအနေအသေးစိတ်ကိုမေးမြန်းကာ ဆေးကုသမှုဆိုင်ရာလိုအပ်ချက်များ၊ တစ်ဦးချင်း၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် အမျိုးသမီးလူနာဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော မိသားစုဝင်များအားတွေ့ဆုံ၍ ဆေးကုသမှုအခြေအနေအသေးစိတ်ကို မေးမြန်းကာ အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တော်မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကာ ရွှေသင်္ကန်းများကပ်လှူပြီး အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---

### ❖ မြန်မာမှ

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ဖြေလျှော့မှုများပြုလုပ်သည်မှာ သုံးနှစ်သာရှိသေးသော်လည်း ရင်းနှီးမြှုပ်နှံမှုမှာ သိသိသာသာ မြင့်တက်လာသည်။ ပြီးခဲ့သည့်နှစ်တွင် United Overseas Bank က ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ခုအရ အာရှစီးပွားရေးလုပ်ငန်းလေးခုတွင် တစ်ခုမှာ ယခုနှစ်တွင် မြန်မာနိုင်ငံသို့လာရောက်ကာ လုပ်ငန်းချဲ့ထွင်ရန် စီစဉ်နေကြောင်း သိရသည်။ စင်ကာပူနိုင်ငံမှာ ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံ၏ တတိယမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၃ ဘီလီယံရှိသည်။ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုမြင့်တက်လာခြင်းက IE အား ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့တော်၌ ရုံးခွဲတစ်ခုဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာစေခဲ့သည်။

ရုတ်တရက်ဝင်ရောက်ရင်းနှီးမြှုပ်နှံခဲ့သည့် စင်ကာပူကုမ္ပဏီတစ်ခုမှာ မြန်မာနိုင်ငံမှ မိသားစုပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြင့် ဖက်စပ်လုပ်ငန်းတစ်ခုဖွဲ့စည်းပြီးနောက် ပြီးခဲ့သည့်နှစ်က ရန်ကုန်မြို့တော်၌ House of Singapura နှင့် Peperani Pizzeria ဟူသော စားသောက်ဆိုင်နှစ်ဆိုင် ဖွင့်လှစ်ခဲ့သည့် Les Amis စားသောက်ဆိုင်အုပ်စုဖြစ်သည်။ Les Amis မှ ပြောရေးဆိုခွင့်ရှိသူ ရေမွန်လင်းက မြန်မာနိုင်ငံ၌ ကနဦးရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ထိ ရောက်ရှိလာပြီဖြစ်သော်လည်း လုပ်ငန်းတိုးချဲ့မှုကို ချင့်ချိန်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ မြန်မာနိုင်ငံ၏ စားသုံးသူကို အခြေခံမှုမှာ လူလတ်တန်းစားနှင့် ဝင်ငွေအလယ်လတ်ရှိ လူလတ်တန်းစားတစ်ရပ်ပေါ်လာသောအချိန်တွင် တိုးမြင့်လာမည်ဖြစ်သော်လည်း အချိန်မည်မျှကြာမည်ဆိုသည်မှာ မသေချာကြောင်း စင်ကာပူအမျိုးသားတက္ကသိုလ် အရှေ့တောင်အာရှသမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာမိုင်ထရီအောင်သွင်က ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ မြို့ပြတွေမှာ သိသိသာသာပြောင်းလဲနေပေမယ့် ကျေးလက်ဒေသတွေမှာ မပြောင်းလဲသေးပါဘူး။ အိမ်ရာနဲ့ လူနေမှုစရိတ်တွေ မြင့်တက်လာခဲ့ပြီး မြို့ပြနေပြည်သူတွေအတွက် တစ်နေ့တာ ကုန်ကျစရိတ်တွေကို ဖြည့်ဆည်းပေးဖို့ ခက်ခဲစေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ သူက စီးပွားရေးလုပ်ငန်းများအား မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေး ဦးစားပေးလုပ်ငန်းများကို လေ့လာရန် တိုက်တွန်းခဲ့သည်။ စင်ကာပူကုမ္ပဏီများအနေဖြင့် အလယ်အလတ်နှင့် ရေရှည်စီးပွားရေးလုပ်ငန်းများထံမှသာ အမြတ်အစွန်းများရရှိရေး ပြင်ဆင်ထားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အသွင်ကူးပြောင်းရေးကာလတွင် ဈေးကွက်အတွင်း ကုမ္ပဏီများအတွက် ပြဿနာအချို့မှာ မြေယာပိုင်ဆိုင်မှု၊ ဒေသခံလုပ်သားများအား လေ့ကျင့်ခြင်းနှင့် ကန့်သတ်ချက်များရှိသည့် အခြေခံအဆောက်အအုံဝန်းကျင်၌ အလုပ်လုပ်ကိုင်ရမှုတို့နှင့် သက်ဆိုင်ကြောင်း ရေမွန်က ပြောကြားသည်။ စင်ကာပူကုမ္ပဏီများသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့်အခါ ရေရှည်ရှုထောင့်တစ်ရပ်ဖြင့်ကြည့်သင့်ပြီး အပြန်အလှန်အကျိုးကျေးဇူးဖြစ်ထွန်းသည့် စဉ်ဆက်မပြတ်သော စီးပွားရေးလုပ်ငန်းများအပေါ် အလေးပေးသင့်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

**(သုတ)**

# ပန်ဆုယူ တာရေသွန်းချိန်မို့

ဇေယျာရှာသား(အောင်လံမြို့နယ်)

ဟောင်းရွက်ညှာ ခါလှစ်လို့
တာသစ်ကယ်တဲ့ နံ့ကြိုင်
သုတ်ဖြူးလေဆော်က
ပန်းကံ့ကော် ဝတ်မှုန်ကျင်း
သင်းပျံ့လို့လှိုင်။
ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း၊
စိတြယ်နှင့် ငွေလသော်တာတို့
ပုဂန်ချာ တောင်တော်စွန်းမှာ
ထွန်းထိန်လို့လင်း။ ။

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီသဖြန်တွင် ရေးဖွဲ့ထားသည့်အတိုင်း . .

ရွှေဟောင်းညှာကြွေနွေမိန်တပေါင်းမှ နှစ်သစ်(တာသစ်)ကိုပြောင်းသည့် တာကူးသင်္ကြန်(တန်ခူးလ)ကို ဆင်ယင်ကြသည့်ကာလတွင် နေမင်းကပူ၊ လေပြည်က သုတ်ဖြူးလိုက်သည့်အခါ သစ်ရွက်သစ်ပင်တို့ စိမ်းမြမြ မြစိမ်းရောင်မှ ရွှေဝါရောင်ရွှေရေးလူပြီး ငြိမ့်ငြိမ့်သက် မြေသို့ကျဆင်းရွက်ကြွေသည့်ရှုခင်းမှာ ရသေ့၊ ရဟန်းတို့စျာန်ပျံ့ရာမှ စျာန်လျှောကျစေနိုင်သည်အထိ လှပသည့်လတန်ခူး၏ ထူးခြားသည့်မြင်ကွင်းများ ဖြစ်ပါသည်။

တာအကူးပေမို့
သာကြူးငယ်သိမ်လွန်သည်။
တိမ်ကွန်ဇာငွေလှိုင်းက
ဝေမှိုင်းမှုန်ရီလို့
ဒုန္ဒုဆီ ဆော်ကွန့်ပါဘိ၊
မြော်ဝံ့အောင်။ ။

အထက်ပါ ဖိုးသူတော်ဦးမင်း၏ တန်ခူးလဘွဲ့ လေးချိုးကြီးတွင် တာကူး၏အဓိပ္ပာယ်မှာ နှစ်ကူးသည်ဟု ဆိုလိုကြောင်း ဖော်ပြပါသည်။ သို့ပါ၍ ရာသီတစ်ဆယ့်နှစ်ပါး၊ ရတုခြောက်ပါး၊ ဥတုသုံးပါးရှိသည့်အနက် တန်ခူးလသင်္ကြန်အခါမှာ မည်သည့်ရာသီ၊ မည်သည့်ရတု၊ မည်သည့်ဥတုကိုမျှ ကူးပြောင်းခြင်းမရှိပါ။ နှစ်ဟောင်းမှသာ နှစ်သစ်သို့ ကူးပြောင်းခြင်းပြုပါသည်။ ထို့ကြောင့် "တာ"၏အနက်ကို လ၊ ရာသီဥတုများကို မပေးနိုင် နှစ်ကိုသာလျှင် ပေးနိုင်ကြောင်း ဆရာကြီးဦးဖိုးလတ်၏ မြန်မာလအမည်များတွင် ဖော်ပြထားသည်ကို မှတ်သားရပါသည်။

သင်္ကြန်ဟူသော ဝေါဟာရမှာ "သင်္ကြန္တ" ရွှေ့ပြောင်းရွှေ့လျားခြင်းဟူသော သဘောအဓိပ္ပာယ်ရှိသည့် "သင်္ကြတ" ဘာသာမှ ဆင်းသက်လာခြင်းဖြစ်သည်။

**တန်ခူးလ၏ သင်္ကြန်ပုံရိပ် ပိတောက်ပန်းကား တစ်နှစ်မှာ သည်တစ်လတည်း၊ တစ်လတွင် တစ်ရက်သာ ပွင့်သည်မို့ ဆွတ်ယူပန်ဆင်သူတို့ အမြတ်တနိုး တန်ဖိုးထားကြသည်။**

သင်္ကြန်ကျသည်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်ပါ၏။

သင်္ကြန်စာ မြန်မာ့ရိုးရာအယူအဆအရ "ကမ္ဘာဦး ကာလတွင် သိကြားမင်းနှင့် အာသီအမည်ရှိသော ဗြဟ္မာမင်းတို့သည် ဗေဒင်ဆိုင်ရာပြဿနာတစ်ရပ်နှင့် အငြင်းပွားကြရာ လူ့ပြည်မှ ဗေဒင်ပညာရှင် ကဝိလမိုင်းဆရာကြီးထံ အဆုံးအဖြတ်ခံယူရန် သဘောတူညီကြပြီး နိုင်သူက ရှုံးသူ၏ဦးခေါင်းကို ဖြတ်ကြရန်ကိုလည်း ကတိပြုသည်။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း ဆုံးဖြတ်သည်။ သိကြားမင်းက ဗြဟ္မာမင်း၏ဦးခေါင်းကို မဖြတ်လိုသော်လည်း ကတိပြုခဲ့သည့်အတိုင်း ဗြဟ္မာမင်းက အစိဋ္ဌာန်ဖြင့် မိမိဦးခေါင်းကို ဖြတ်စေသည်။ ဖြတ်သွားသည့် ဗြဟ္မာဦးခေါင်းကို သမုဒ္ဒရာသို့ပစ်ချပါက ရေများခန်းခြောက်သွားမည်။ မြေပြင်ပေါ်ပစ်ချပါက မီးဟုန်းဟုန်းတောက်သည်။ လေထုအတွင်းပစ်ချပါက မိုးလေဝသ ပျက်ယွင်းမည်။ သို့ဖြစ်၍ သိကြားမင်းသည် နတ်သမီး ခုနစ်ဖော်အား အလှည့်ကျပွေ့ချီထားစေသည်။ နတ်သမီးတစ်ဦးလက်မှ တစ်ဦးလက်သို့ ပွေ့ချီပြောင်းရွှေ့ပေးသောကာလကို လူတို့အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သည့်အချိန်နှင့်ညီမျှ၍ သင်္ကြာရာဇ်ဦးခေါင်းပြောင်းသည်ဟုခေါ်ဝေါ်ကာ သင်္ကြန်ပွဲများ ကျင်းပကြသည်ဟု ယူဆချက်ရှိပါသည်။

တစ်ဖန် ကမ္ဘာဦးအစ လူသားမျိုးနွယ်များ စတင်ဖြစ်ထွန်းလာသည်နှင့်အတူ နေနှင့်လ ဖြစ်ပေါ်လာပြီး နေ့အချိန် ညအချိန်ဖြစ်ပေါ်လာသည့်အခါ သိကြားမင်းသည် လူ့ပြည်သို့ဆင်း၍ ခုနှစ်၊ လများ သီးသန့်ပေးသည်။ ယင်းသို့ သိကြားမင်းအစီအစဉ်ဖြစ်သောကြောင့် သိကြားမင်း၏ အမည်ဖြစ်သော သက္ကရာဇကို လူတို့က သက္ကရာဇ်ဟု သုံးစွဲသည်ဟု အယူအဆလည်းရှိပါသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးပုံနည်းစနစ်မှာ နက္ခတ်ဗေဒပညာရှင်များက တွက်ချက်မှုဖြင့် သင်္ကြန်ဟုခေါ်ဆိုသည်။



နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် နေ့ရက်အချိန်ကာလကို ဖော်ပြသတ်မှတ်သည်။ ဘာဏုရာဇာအမည်ရှိ တနင်္ဂနွေဂြိုဟ်(နေမင်း)သည် တပေါင်းလဖြစ်သည့် "မိန်ရာသီ" ရေဝတီနက္ခတ်မှ တန်ခူးလ "မိဿရာသီ" အဿဝတီနက္ခတ်သို့ ပြောင်းရွှေ့သည်ဟု ပြဆိုပါသည်။

မိဿရာသီတန်ခူးလတွင် စန်းယှဉ်နက္ခတ်မှာ စိတြဖြစ်၏။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်၍ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ကံ့ကော်ဖြစ်ပါ၏။

၁၃၇၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်နေ့ (၂၀၁၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့) အင်္ဂါနေ့ မြန်မာစံတော်ချိန် နံနက်အချိန် သင်္ကြန်ကျမည်ဖြစ်၏။ လပြည့်ကျော် ၁၂ ရက် (ဧပြီ ၁၅ ရက်) ဗုဒ္ဓဟူးနေ့တွင် သင်္ကြန်ကြတ်၍ လပြည့်ကျော် ၁၃ ရက် (ဧပြီ ၁၆ ရက်နေ့) ကြာသပတေးနေ့ မြန်မာစံတော်ချိန် ည စက် ၈ နာရီ ၃၅ မိနစ် ၅၇ စက္ကန့်တွင် သင်္ကြန်တက်သည်။ ၁၃၇၇ ခု တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့ (၂၀၁၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့) သောကြာနေ့သည် နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးပြောင်း၍ နှစ်ဆန်းတစ်ရက်ဖြစ်ကြောင်း သံဝိဋ္ဌပြက္ခဒိန်တွင် ပြဆိုထားသည်။

အတာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုအရ နှစ်သစ်ပုဂံခေတ်ရေးထိုးခဲ့သည့် စောလှဝန်းကျောက်စာတွင် မီးဖုန်း၊ သင်္ကြန်၊ ညောင်ရေသွန်းဟူသည့် ဝေါဟာရများတွေ့ရှိ၍ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ကျင်းပနေပြီဟု ယူဆရပါသည်။ သင်္ကြန်သည် လ၊ ဥတု၊ ရာသီပြောင်းသည်ဟု မဖော်ပြသော်လည်း နှစ်စဉ်ကျင်းပသည့် (၁၂) ရာသီပွဲတော်စာရင်းတင်ထားခဲ့ရာမှာ ရှေးအခါကပင်ဖြစ်၏။

လက်ဝဲသုန္ဒရအမတ်ကြီးက သာဓိနပျို့တွင်

သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ
စာပလွေခင်း၊ ပဉ္စင်းတော်ခံ၊
စာရေးတံနှင့် မြစ်ယံပွဲကြီး၊
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုန်း၊
ဂူလုံးသဲပုံ၊ စေ့စုံစီလျှဉ်
ဤသို့ ယှဉ်သား

ဟူ၍ ပြဆိုထားသည်။ လစဉ် ဆယ့်နှစ်ဘွဲ့ (၁၂) ရာသီပွဲတော်ရှိသကဲ့သို့ ရာသီအလိုက် သင်္ကြန်ပန်းကစ၍ ဖူးပွင့်သည်ကို ကင်းဝန်မင်းကြီးက ရေးဖွဲ့ထားသည်။

ပန်းကံ့ကော် ရွှေစံကား
ငွေသားန စံပယ်မှန်
မုလေး၊ ခတ္တာနှင့်
ရွှေရင်းမာ ကြာခဝဲ၊
ဖွဲ့စနင်းလှုံ။
သဇင်ကျုံ ခွာတံပေါက်လဲ
ပွင့်ဝတ်မှုန် ရွှေဖီမင်းရယ်
သင်းထုံနံ့ကဲ

ဟူ၍ လအလိုက် ဖူးပွင့်ကြသည့်ပန်းမှာ တန်ခူးလတွင် ကံ့ကော်ပန်းဟု ပြဆိုထားသည်။ သို့သော် မြန်မာတို့သည် သင်္ကြန်ဆိုသည်နှင့်ပိတောက်ပန်းကို ဘုရားကျောင်းကန်စေတီဦးမှာ ကပ်လှူပူဇော်၊ သင်္ကြန်မဏ္ဍပ်တွင် ပိတောက်တွေ ရွှေရည်လူးသည့်နှယ် ဆင်ယင်ကာ လှပျိုဖြူတို့ဦးခေါင်းတွင် ဝေနေအောင်ပန်ဆင်ကြနှင့် လုလင်၊ လုံမငယ်တို့ ချစ်ရေးချစ်ရာသင်္ကေတတွင် ပါဝင်၏။ ထိုသို့ အတာ ရေဖျန်းမှုနှင့်အတူ ပိတောက်ပန်းက ဝင့်ဝင့်ဝါဝါ အရေးပါသည်ကို စာဆိုတော်ဦးကြော့က ဖွဲ့ဆိုထားသည်မှာ ခေတ်အဆက်ဆက် သစ်လွင်နေဆဲဖြစ်ပါသည်။

❀ လတန်ခူးပေမို့၊ အလှထူးပါဘိ၊
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ။
❀ တကယ်တမ်းသာဖြင့်၊
ဘယ်ပန်းသော် စံမတူဘာ။
နန္ဒာမူဖန်ကူထိပ်မှာလ၊
ပစ္စေကာ ချွေးတော်သိပ်ရတယ်။
အေးရိပ်ဆာယာ။
❀ တစ်နှစ်တွင် သည်တစ်လပေပ၊
တစ်လတွင် တစ်ရက်ထဲ။
ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊
ပွင့်ရှာကြ စုံပြိုင်တွင်း။
❀ မြူမင်းလွင်ထန်
ကြူသင်း၊ တာချိန်ယံမတော့။
ရွှေဝတ်ဆံ ငုံတံညောက်ကယ်နှင့်။
ခါသင်္ကြန် ဂိမှာန်ရောက်ပြန်တော့၊
သိန်သရေ ထိန်ဝေလို့တောက်တဲ့ပြင်။
လမ်းတစ်လျှောက်သင်းပါဘိ၊
ဆန်းသလောက် မလင်းနိုင်ဘ
ပန်းပိတောက်မင်း။

တန်ခူးလ၏ သင်္ကြန်ပုံရိပ် ပိတောက်ပန်းကား တစ်နှစ်မှာ သည်တစ်လတည်း၊ တစ်လတွင် တစ်ရက်သာ ပွင့်သည်မို့ ဆွတ်ယူပန်ဆင်သူတို့ အမြတ်တနိုး တန်ဖိုးထားကြသည်။ ပိတောက်ပန်းနှင့်အတူ နှစ်သစ်မှာ တစ်ကြိမ်သာ ကျင်းပခွင့်ရသည့်သင်္ကြန်ပွဲတော်ကိုလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်အဖြစ် ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြပါသည်။

ကျေးလက်ဒေသများတွင် ဘုရားသွား ကျောင်းတက်၊ ရေလှူ ဆွမ်းကျွေး၊ စတုဒိသာအလှူပွဲများအပြင် သက်ကြီးရွယ်အို အဘိုးအဘွားများအား ရေချိုးပေးခြင်း၊ နံ့သာလိမ်းကျံခြင်း၊ ကန်တော့ကြခြင်းစသည့် အစဉ်အလာများကို အိုးစည်ဒိုးပတ်၊ ပလွေများတီးမှုတ် ကခုန်ကာ သူ့အဖွဲ့နှင့်သူ ကုသိုလ်ကောင်းမှုပြု၍ တစ်သွယ်၊ အမွှေးနံ့သာရည်၊ သပြေခက်ဖြင့် ရေပက်ကစားသည်က တစ်ဖုံစသည်ဖြင့် ချစ်စရာကောင်းသည့် ရိုးရာဓလေ့စုံလင်စွာ ပျော်ရွှင်စွာဆင်နွှဲလေ့ရှိကြသည်။

မြို့ပြဒေသများတွင် သူ့ထက်ငါ ရေကစားမဏ္ဍပ်ကြီးများကို အပြိုင်အဆိုင်တည်ဆောက်၊ အနောက်တိုင်းတေးဂီတတူရိယာအစုံအလင် အဆိုအကများနှင့် ရေပက်ကစားကြရာ အလှပြယိမ်းကားများ၊ ရေပက်ခံကားများ၊ ဆိုင်ကယ်များ၊ လမ်းလျှောက်သူများဖြင့် တိုးမပေါက်အောင် စည်ကားကြသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဘက်ရေကစားခြင်းအမှုကို ပြုကြသည်။ အရက်သေစာ သောက်စားမူးယစ်ခြင်းနှင့် မပေါ်တပေါ်၊ မလုံ့တလုံဝတ်စုံများ၊ မြူဆွယ်အကများဖြင့် ရီဝေရီဝေ သင်္ကြန်မိုးစွေကြသည်က များနေသည်ကို ဝမ်းနည်းဖွယ် တွေ့ရသည်။ အရိုးကို အရွက်မဖုံးဘဲ မြန်မာ့ယဉ်ကျေးမှု စစ်စစ်ဖြင့် ရိုးရာသင်္ကြန်ပွဲတော် အစဉ်အလာမပျက်စေရန် ကျင်းပရေးကို နိုင်ငံတော်က တင်းတင်းကျပ်ကျပ် ကွပ်ကဲရန်မလိုပါ။ မြန်မာအမျိုးသား အမျိုးသမီးတိုင်း အသိစိတ်ဓာတ်ဖြင့် မိမိကိုယ်ကို ဆင်ခြင်ပြုပြင်ကြဖို့သာ လိုအပ်ပါသည်။ ဘယ်သူမပြုမိမိမှု မြန်မာ့ရိုးရာသင်္ကြန်ယဉ်ကျေးမှုအစဉ်အလာကို ဖျက်ဆီးသူမဖြစ်စေရန် သတိပြုရမည်ဖြစ်ပါသည်။

ကျွန်တော်တို့သည် ခေတ်ပုံရိပ်များကိုပယ်၍ ခေတ်ဟောင်းကို လွမ်းမောတသနေရန်မဟုတ်ပါ။ ခေတ်သစ်တွင် သင်္ကြန်ပွဲသဘင်၌ မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သည့် အရက်သေစာသောက်စားမူးယစ်ဆူပူရမ်းကားခြင်းနှင့် ဟီရိဩတ္တပ္ပတရားမရှိ မပေါ်တပေါ်၊ မလုံမလဲ မြူဆွယ်သောဝတ်စားဆင်ယင်မှုကို ရှောင်ရှားရန်တို့ကို တိုက်တွန်းလိုပါသည်။

မဟာအတုလမင်းကြီးဖွဲ့ဆိုခဲ့သည့် တန်ခူးလဘွဲ့ လွမ်းချင်းတစ်ပုဒ်နှင့် မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာကို ရင်မှာထွေးပိုက်ထားပါရစေ။

နွေခါမီငယ်
ရာသီမိဿ၊ ဂိမှာနမို့
စိတြကြယ်၊ တိမ်မိုးလယ်မှာ၊
စံပယ်ကွန့်ကာ၊ တိမ်ငွေချာဝယ်၊
ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့
နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာ ဖန်တော့တယ်၊
နိုင်ငံကြော့ ပြည်သူမှာ၊
ပန်ဆုယူ တာရေသွန်းချိန်မို့
လွမ်းလှတယ်လေး။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြု

**နေပြည်တော် ဧပြီ ၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက **“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၅၀နှင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၄၅ ချက်တို့ကို တင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယင်းတင်သွင်းချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားကိုရယူပြီး **“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်သည့် အချက် ၅၀ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပြီး **“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်းသည့် ပြင်ဆင်ချက် ၄၅ ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။

ယင်းနောက် **“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသည့် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် ၃၆ချက်နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုပြီး လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**



ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်း

မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၈-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၄၅ | ကြည်နူးဖွယ်ရာမကုန် ပဲခူးဘုရားအစုံ |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၀း၃၅ | ဖွံ့ဖြိုးစည်ပင်ဒေသတစ်ခွင် ဆီဆိုင်မြို့နယ် (ဘန်းယဉ်ဒေသ) |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “လက်တွဲဖော်” (အပိုင်း-၈) |
| ၁း၄၀ | ပီသကြည်မြမဟာဂီတ |
| ၁း၅၅ | ခါသကြ်န်အဆိုအကများ |
| ၂း၀၅ | တန်ဖိုးထားထိန်းသိမ်းပါအစဉ် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် (အပိုင်း-၃) (လန်ပိကျွန်းစုဆီသို့) |
| ၂း၃၅ | မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့ -သုခုမရင်ခွင်အငြိမ့်သဘင် “တစ်ခိုင်လုံးရွှေအငြိမ့်” (မင်းသမီး-တစ်ခိုင်လုံးရွှေအေးအေးမြင့်၊ လူရွှင်တော်-ချစ်ချော၊ ပွမ်ပွမ်၊ စိန်းလန်း၊ စိုပြေ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏အလုပ်အမှုဆောင်အဖွဲ့တွင် သင့်လျော်သည့် နိုင်ငံ့ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းခွင့်ရှိ

**နေပြည်တော် ဧပြီ ၇**

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၄၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီးဦးခင်ဇော်ကရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်၏ **ဟုမ္မလင်းမြို့နယ် ဝဲဟတ်ကျေးရွာအုပ်စု နန်းတပ်ကျေးရွာမှ (၅)ဖာလုံခန့် အကွာတွင် တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးခင်ဇော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ဝဲဟတ်ကျေးရွာအုပ်စု နန်းတပ်ကျေးရွာကို ဖြတ်သန်းစီးဆင်းလျက်ရှိသော နန်းတပ်ချောင်းသည် မွန်ဖူးအင်းမှတစ်ဆင့် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်ပါကြောင်း။

နန်းတပ်ချောင်းဘေးဝဲ/ယာတစ်လျှောက်ရှိလယ်မြေဧရိယာဧက(၅၅၀) ခန့်သည် နန်းတပ်ချောင်းရေဖြင့် စပါးစိုက်ပျိုးလျက်ရှိပါကြောင်း၊ နန်းတပ်ချောင်းကိုတမံပိတ်၍ ရေပေးဝေမည်ဆိုပါက လက်ရှိဧကအပြင် လယ်မြေ ဧက ၁၅၀ ခန့်အားတိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ရာတွင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် တင်ပြတောင်းခံခြင်းမရှိပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

အလားတူမကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်၏ **မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာအမျိုးသားကော်မတီ (MNCOLD) ဖွဲ့စည်းခြင်း**နှင့် ဆက်စပ်သည့် မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာအမျိုးသားကော်မတီ အသင်းဖွဲ့စည်းခွင့်ကို ယာယီမှတ်ပုံတင်လက်မှတ် (ပြည်တွင်း/၀၀၁၅)ဖြင့် ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီးဦးခင်ဇော်



ဦးအောင်ချစ်လွင်

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီ(MNCOLD)သည် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့အဖြစ် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်၍ လှုပ်ရှားဆောင်ရွက်မည်ဖြစ်သဖြင့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအခန်း (၉)၊ ပုဒ်မ ၃တွင် မည်သည့်နိုင်ငံ့ဝန်ထမ်းမဆို ဤဥပဒေအရ ဖွဲ့စည်းသောအသင်းအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝင်ရောက်လှုပ်ရှားဆောင်ရွက်နိုင်သည်ဟူ၍ ပြဋ္ဌာန်းချက်အရ MNCOLD ၏ အလုပ်အမှုဆောင်အဖွဲ့တွင် သင့်လျော်သည့် နိုင်ငံ့ဝန်ထမ်းများပါဝင်ဖွဲ့စည်းခွင့်ရှိပါကြောင်း။

ထို့ပြင် MNCOLDအတွက် အပြည်ပြည်ဆိုင်ရာတမံကြီးများကော်မရှင် (ICOLD) သို့ မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးများကိုကော်မတီရန်ပုံငွေဖြင့် ၂၀၁၅ ခုနှစ်အထိ ပေးသွင်းပြီးဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ပေးသွင်းရမည့် နှစ်စဉ်ကြေးကို ဆည်မြောင်းဦးစီးဌာနရန်ပုံငွေမှ ကျခံပေးသွင်းနိုင်ရေး နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြတောင်းခံသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဂမ်ဆိုင်း၏ **ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲထားရှိပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ်ခွဲအသစ်တစ်ခုဖွင့်လှစ်ရန်အတွက် ဝန်ထမ်းဖွဲ့စည်းပုံရရှိရေးနှင့်ဝန်ထမ်းခန့်ထားရေး၊ ဘဏ်ခွဲဖွင့်လှစ်ရန်အတွက် မြေနှင့်အဆောက်အအုံရရှိရေး၊ ဘတ်ဂျက်ရန်ပုံငွေရရှိရေးများလိုအပ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဝိုင်းမော်မြို့နယ် ဘဏ်ခွဲအသစ်ဖွင့်လှစ်ရေးအတွက် ဘတ်ဂျက်ရန်ပုံငွေထည့်သွင်းတောင်းခံထားခြင်းမရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝိုင်းမော်မြို့နယ်အတွက် ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသော်လည်း တောင်သူလယ်သမားချေးငွေရရှိရေးအတွက် မြစ်ကြီးနားမြို့ ဘဏ်ခွဲမှ ပူးတွဲ တာဝန်ယူဆောင်ရွက်ပေးနေသည့်အတွက် လတ်တလောတွင် ဝိုင်းမော်မြို့နယ် ဘဏ်ခွဲအသစ်ဖွင့်လှစ်ပေးမည့်အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့လာရောက်လေ့လာ

**နေပြည်တော် ဧပြီ ၇**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင်ဦးဝင်းအောင် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၃၇ ဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာမြင့် ခေါင်းဆောင်သည့် အုပ်ချုပ်သူဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၁၀၀၊ တူရကီနိုင်ငံ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာပညာရေးနှင့် တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ Mr.Vugar Babeyev, Director of Studies, Horizon International Schools (မြန်မာနိုင်ငံအခြေစိုက်) ခေါင်းဆောင်သည့်အဖွဲ့ဝင် ငါးဦးနှင့် ပြည်သူ့လွှတ်တော်သို့ ဘာသာရေးစာအုပ်လှူဒါန်းသော အလှူရှင်များဖြစ်သည့် ဗိုလ်မှူးကြီး ခင်မောင်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်နှင်းသီတာ စုစုပေါင်း ၂၄၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၂ ကြိမ် မြောက်ပုံမှန်အစည်းအဝေး(၄၀)ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းရန် ၉ ဒသမ ၂ မဂ္ဂါဝပ် မီးစက်သုံးလုံး ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Myanmar Central Power ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ Rolls-Royce ကုမ္ပဏီမှထုတ်လုပ်သော ၉ ဒသမ ၂ မဂ္ဂါဝပ်မီးစက်သုံးလုံးသည် နော်ဝေနိုင်ငံ CLIPPER NEWHAVEN သင်္ဘောဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

အဆိုပါ Myanmar Central Power ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်ကတည်းက ပထမအဆင့်အဖြစ် လှော်ကားဓာတ်အားပေးစက်ရုံသို့ ၀ မဂ္ဂါဝပ်မီးစက် ၂၆ လုံးဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေကြောင်း သိရသည်။

**(ဥမ္မာသန့်)**



## ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သည့်အဖွဲ့ ခန္တီးခရိုင်မှဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ




**နေပြည်တော် မေ ၇**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းဦးဆောင်သည့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ခန္တီးခရိုင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများ၊ ခန္တီးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ခန္တီးမြို့နယ်အတွက် Sky Net ရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ခြုံစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ရေထွက်ကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံး ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

**❖မြန်မာစာရင်းအင်းမှ**

စီးပွားရေးနှင့် ပြည်သူ့ကဏ္ဍများတွင် စီးပွားရေးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းဖြင့် တိကျခိုင်မာပြီး မြေပြင်နှင့် အမှန်ဆုံးနီးစပ်သည့် စာရင်းအင်းများသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခု၏ သတင်းအချက်အလက်ဆိုင်ရာစနစ်တွင် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ အမျိုးသားစာရင်းအင်းစနစ်ကို စီမံကိန်းရေးဆွဲသူများ၊ သုတေသနပြုသူများနှင့် မူဝါဒချမှတ်သူများအတွက် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မည့် စွမ်းဆောင်မှုရှိသည့် အမျိုးသားစာရင်းအင်းစနစ်အဖြစ် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ပြန်သည့် စာရင်းအင်းစာစောင်များတွင် မြန်မာနိုင်ငံ၏ စာရင်းအင်းအချက်အလက်များ၊ ညွှန်းကိန်းများ ထည့်သွင်းဖော်ပြနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ နောက်ခံအခြေအနေများနှင့်အတူ ကမ္ဘာ့စာရင်းအင်း အချက်အလက်စနစ်များလည်း ပြောင်းလဲခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာစာရင်းအင်းစနစ်ကို နိုင်ငံတကာစံနှုန်းများ၊ လုပ်ငန်းကျင့်စဉ်များနှင့် ကိုက်ညီအောင် ပြောင်းလဲပေးရန် လိုအပ်ပါကြောင်း၊ ကုလသမဂ္ဂအမျိုးသားစာရင်းဇယားစနစ်နှင့်အညီဖြစ်စေရန် နိုင်ငံစာရင်းအင်းစနစ်၏ ပကတိလိုအပ်ချက်များနှင့် ပတ်သက်၍ ကျိုးကြောင်းခိုင်လုံသော အဆိုပြုချက်များ ကမ်းလှမ်းပြီး နည်းပညာနှင့်ကျွမ်းကျင်မှု အကူအညီရရှိရန် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဗဟိုစာရင်းအင်းအဖွဲ့၏ လုပ်ပိုင်ခွင့်၊ စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေးအပါအဝင် လိုအပ်သည့် အရင်းအမြစ်များ အပ်နှင်းနိုင်ရေးအတွက် ၁၉၅၂ ခုနှစ် ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် အဓိက လိုအပ်ချက်ဖြစ်၍ အမြန်ဆုံးပြီးမြောက်အောင် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ မျှော်မှန်းချက်အမြင်၊ ရည်မှန်းချက် တာဝန်များနှင့် ရေတိုရေရှည်လုပ်ငန်းစဉ်များ ပါဝင်သည့် အမျိုးသားစာရင်းအင်းအရည်အသွေးတိုးမြှင့်ရေး မဟာဗျူဟာကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းရေးဆွဲမှုကိုလည်း အချိန်ကာလသတ်မှတ်ပြီး ဆောင်ရွက်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန်အတွက် တစ်ဦးကျဝင်ငွေဆိုင်ရာ စံသတ်မှတ်ချက်၊ လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ စံသတ်မှတ်ချက်နှင့် စီးပွားရေးထိခိုက်နစ်နာလွယ်မှု စံသတ်မှတ်ချက် ညွှန်းကိန်းသုံးခုအတွက် သတ်မှတ်ထားသည့် စံနှုန်းကို ပြည့်မီရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ စုဆောင်းတွက်ချက်ပြုစုထုတ်ဝေသည့် အရည်အသွေးမီ ညွှန်းကိန်းများဖြစ်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအချင်းချင်း စာရင်းအင်းဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းမှုသည် အရေးကြီးသည့်အတွက် ပုံမှန်အစည်းအဝေးများကျင်းပပြီး အရည်အသွေးရှိသော၊ အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်သော စာရင်းအင်းကိန်းဂဏန်းများ ရရှိရေးအာမခံချက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးတင်ပြရာတွင် စာရင်းအင်းများမှာ ကုလသမဂ္ဂစာရင်းအင်းဆိုင်ရာ အခြေခံစည်းမျဉ်း (UN Fundamental Principle of Statistics)၊ အာဆီယံ စာရင်းအင်းကျင့်ထုံးဥပဒေသ (ASEAN code of Statistics)တို့နှင့် ကိုက်ညီသော စာရင်းအင်းများဖြစ်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စာရင်းအင်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းရေးဆွဲလျက်ရှိပါကြောင်း၊ လက်ရှိ ကျင့်သုံးလျက်ရှိသည့် ၁၉၅၂ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်အက်ဥပဒေကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ် အထောက်အပံ့ဖြင့် ပြည်ပကျွမ်းကျင်သူ အကူအညီကိုရယူပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီ အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး ဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စတုတ္ထအကြိမ်မြောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ် ကော်မတီအစည်းအဝေးနှင့် EU-ASEAN COMPASS အစီအစဉ်စတင်ခြင်းအခမ်းအနားကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက် အထိ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ဗဟိုစာရင်းအင်းအဖွဲ့မှ ကြီးမှူးလက်ခံကျင်းပခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မှုအစီအမံများအား ရှင်းလင်းဆွေးနွေးတင်ပြကြပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များအပေါ် လမ်းညွှန်ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ပထမပြန်စာမေးပွဲ နောက်ဆုံးနေ့ကျင်းပ

**နေပြည်တော် မေ ၇**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၂၃၈ ခုတို့၌ ဖြေဆိုကြသည်။

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမကြီး စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၁၅၁၄၃ ပါးအနက် ၁၁၄၀၄ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၃၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**သာသနာရေးဝန်ကြီးဌာန**

**၁၃၇၆-ခုနှစ်၊ ပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ**

ရက်စွဲ၊ ၇-၅-၂၀၁၅

**ဖြေဆိုသည့်ဘာသာ၊** ပထမကြီးတန်း- ဇာတ်တော်ကြီး(ဘာသာပြန်)

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ပထမကြီးတန်း | ၁၅၁၄၃ | ၁၁၄၀၄ | ၃၇၃၉ | ၇၅. ၃၁ |

# မူလတန်းကျောင်းဆောင်သစ် ပန္နက်တင် အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း RC သုံးထပ်ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါကျောင်း ပရဝဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းရီ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းကိုလှ၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဆောက်လုပ်မည့် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ ရွှေတောင်ကုမ္ပဏီက ၈၃ ကျောင်းမြောက် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ၆၀၄၈ စတုရန်းပေ၊ အလျား ၈၄ ပေ၊ အနံ ၇၂ ပေ ကျယ်ဝန်းကာ စာသင်ခန်း ကိုးခန်း၊ ရုံးခန်း နှစ်ခန်းနှင့် ခန်းမ တစ်ခန်း ပါဝင်သည်။ ကျောင်းဆောင်သစ်ကို ယခုနှစ် အောက်တိုဘာလတွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ပြီး ငွေကျပ်သိန်း ၄၅၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရားမဝင်တားမြစ်ဆေးများရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မတ္တရာ မေ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မေ ၆ ရက်က ဆေးဆိုင်များ တားမြစ်ဆေးဝါးများနှင့် ကာမရာဂစိတ်ကြွဆေးများ ရောင်းချခြင်းမရှိစေရေးအတွက် မတ္တရာမြို့မရဲစခန်းမှူး ဦးစီး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မတ္တရာမြို့ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ မတ္တရာမြို့ပေါ်ရှိ ဆေးဆိုင်များနှင့် မြို့မဈေးအတွင်းရှိ ဆေးဆိုင်ရှစ်ဆိုင်အား တားမြစ်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ပြီး တစ်ဆိုင်ချင်းအလိုက် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

**❐ အာဆီယံမှ**

အိမ်ရှင်ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်တို့နှင့်အတူ ကျရောက်နေပြီး အုပ်စု(က)တွင် ဩစတြေးလျ၊ ယူ-၂၀၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှားတို့ ကျရောက်နေသည်။ မြန်မာအသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် မေ ၂ ရက်တွင် ဗီယက်နမ်နှင့် စတင်ကစားရမည်ဖြစ်ပြီး မေ ၄ ရက်တွင် ဖိလစ်ပိုင်၊ မေ ၆ ရက်တွင် မလေးရှားအသင်းတို့နှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲအပြီး မတ် ၂၃ ရက်မှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်လျက်ရှိသည်။ လက်ရှိတွင် ပဏာမလက်ရွေးစင် ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲကို ကစားသမား ၂၃ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်ရန် စီစဉ်လျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းစနစ်အကြံပေး ဦးအေးမောင်ကြီး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ ဒေါ်စန်းစန်းသိန်း၊ ဂိုးနည်းပြ ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား- မြဖူးငုံ၊ သီတာဦး၊ ခင်သီတာအေး၊ နောက်တန်း- ဇင်မာဝင်း၊ ခင်သန်းဝေ၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ နန်းကြေးငုံ၊ ဇာခြည်ဦး၊ အေးအေးမိုး၊ ငယ်ငယ်ထွေး၊ အလယ်တန်း-လဲ့လဲ့လှိုင်၊ မေစံပယ်ဖူး၊ ရူပါခိုင်၊ ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ သန်းသန်းထွေး၊ စန်းစန်းမော်၊ ရှေ့တန်း-ရီရီဦး၊ ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်းနှင့် နီလာဝင်းတို့ ပါဝင်ကြသည်။

**❂ ကျောဖုံးမှ**

အမေရိကန်အိုးပင်းပြိုင်ပွဲမှစတင်ကာ နာမည်ကြီး ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပေ။

၂၀၀၈ ခုနှစ်၏ နောက်ပိုင်းနှစ်များတွင်လည်း ဒဏ်ရာပြဿနာများဖြင့်သာ ရင်ဆိုင်ခဲ့ရပြီး ဖလားလက်မဲ့ရာသီများကိုသာ ဖြတ်သန်းခဲ့ရသည်။ သို့ရာတွင်ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ၌၁၉၉၇၊ ၂၀၀၁၊ ၂၀၀၂နှင့် ၂၀၀၅ ခုနှစ်များတွင် အနိုင်ရဗိုလ်စွဲမှုလေးကြိမ်၊ ပီဂျီအေချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်များတွင် အနိုင်ရဗိုလ်စွဲမှု လေးကြိမ်၊ အမေရိကန်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ၂၀၀၀၊ ၂၀၀၂ နှင့် ၂၀၀၈ ခုနှစ်များတွင် အနိုင်ရ ဗိုလ်စွဲမှုသုံးကြိမ်၊ အိုးပင်း ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ၂၀၀၀၊ ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်များတွင် အနိုင်ရ ဗိုလ်စွဲမှုသုံးကြိမ် စသည်ဖြင့် နာမည်ကြီး ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် (၁၄)ကြိမ်အထိ ဗိုလ်စွဲနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ၂၀၁၅ မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ၌ (၁၅)ကြိမ်မြောက်အဖြစ် ဗိုလ်စွဲနိုင်မည်ဟု ယုံကြည်ထားကြောင်း တိုက်ဂါးဝုဒ်က လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့သည်။ **(နိုင်လင်းကြည်)**

**သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ပြည်တွင်းရေးရာ

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော်  မေ  ၇**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

မေ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာ ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သော မေ ၁၅၊ ၁၈၊ ၂၂ ရက်များတွင် ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး မေ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**(ကြေးမုံ)**

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(မူကြမ်း)ကို ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အပေါ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီလျောင်မင်ထံမှပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့်ပတ်သက်၍ သတင်းထုတ်ပြန် ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီလျောင်မင်ထံမှ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(မူကြမ်း) လက်မှတ်ရေးထိုးနိုင်ခြင်းနှင့်ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပေးပို့ခဲ့ပါသည်။

၂။ အဆိုပါသဝဏ်လွှာတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(မူကြမ်း) လက်မှတ်ရေးထိုးနိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်နှင့် မြန်မာပြည်သူများ အပေါ် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါ သမိုင်းမှတ်တမ်းတင်နိုင်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် အနာဂတ်ငြိမ်းချမ်းရေးနှင့် ပြန်လည်စည်းလုံးသင့်မြတ်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာ၌ အထောက်အပံ့ဖြစ်မည်ဖြစ်ပြီး ငြိမ်းချမ်းသော၊ စည်းလုံးညီညာသော၊ သာတူညီမျှရှိသော မြန်မာနိုင်ငံကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း အကျိုးစီးပွားနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဖော်ဆောင်ရာတွင် ပံ့ပိုးနိုင်မည်ဟု အခိုင်အမာယုံကြည်ကြောင်းနှင့် သမ္မတကြီး ဦးသိန်းစိန်၏ ဦးဆောင်ဦးရွက်ပြုမှုအောက်တွင် အစိုးရနှင့် မြန်မာပြည်သူ ပြည်သားများအနေဖြင့် ဒီမိုကရေစီနှင့် အမျိုးသား ပြန်လည်စည်းလုံးသင့်မြတ်ရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်မိပါကြောင်း ဖော်ပြထားပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# သမိုင်းဝင် NCA စာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်မှုအပေါ် NGO အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၏ သဘောထားအမြင်များ

**ခင်မောင်ဝေ့**

ဘဝတစ်ခုအစပြုသည်နှင့် သတ္တဝါတိုင်း အေးအေးချမ်းချမ်းနေထိုင်စားသောက်လိုကြသည်။ အသိဉာဏ်မြင့်မားသောလူသားတို့က ငြိမ်းချမ်းသာယာသော လူ့ရွာ လူ့ကမ္ဘာကို ပိုမိုပိုင်ဆိုင်ရန် လိုလားကြသည်။

သို့မို့ကြောင့် သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရက တစ်ဦးချင်း ငြိမ်းချမ်းရေးရမှ ကမ္ဘာ့ငြိမ်းချမ်းရေးရမည်ဖြစ်၍ တစ်ဦးချင်း ငြိမ်းချမ်းမှု (Individual Peace)ကို အရင်ဆုံးတည်ဆောက်ကြရမည်ဖြစ်ကြောင်း "ဗုဒ္ဓတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး" တရားတော်တွင် ထည့်သွင်းဟောကြားတော်မူခဲ့ပေသည်။

ပစ္စက္ခတွင်မူ အမျိုးမျိုးသောဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲကို အခြေပြု၍ ဖြစ်တည်လာခဲ့သော မြန်မာနိုင်ငံ၏ အရှည်ကြာဆုံးပြည်တွင်းပဋိပက္ခသည် ငြိမ်းချမ်းမှုကို လိုလားသော တစ်ဦးချင်း၏ စိတ်စေတနာ အာသီသများကြောင့် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး(NCA) သဘောတူစာချုပ်မူကြမ်းကို UPWC နှင့် NCCT တို့ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုး နိုင်ခဲ့ချေပြီ။ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး မုခ်ဦးကို လှမ်းမြင်တွေ့နေရချေပြီ။


သို့ဖြင့် ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကိုတည်ထောင်ပြုရန် အမွန်အစဖြစ်သည့် သမိုင်းဝင် NCA စာချုပ်မူကြမ်းလက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် နတ်လူသာဓုခေါ်ခဲ့ကြရာ NGO အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူအချို့၏ သဘောထားအမြင်များကိုလည်း ကောက်နုတ်စုစည်း ဖော်ပြလိုက်ရပါသည်။

**ဦးမြတ်သင်းအောင်**
**(ဗဟိုအလုပ်အမှုဆောင် UMFCCI )**

မငြိမ်းချမ်းမှုတွေကြောင့် ပြည်သူတွေပဲ နစ်နာကြရတယ်။ အခုလို ငြိမ်းချမ်းရေးရရင် ပြည်နယ်တွေမှာ သယံဇာတထုတ်လုပ်မှုအပိုင်း ပိုပြီးတော့ ဖွံ့ဖြိုးလာမယ်။ သယံဇာတတွေကလည်း နယ်စပ်ဒေသတွေမှာ ပိုပြီးများတာကြောင့် နိုင်ငံတော်အတွက် ပိုပြီးအကျိုးရှိလာမယ်။ တိုင်းရင်းသားတွေအတွက်လည်း အခွင့်အလမ်းတွေ ပိုရလာမယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ အနေနဲ့ကတော့ အခုလိုငြိမ်းချမ်းရင် ပိုပြီးသဘောကျတာပေါ့၊ တိုင်းပြည်အေးချမ်းတော့ ဘယ်သွားသွား အဆင်ပြေတာပေါ့။

**ဦးရဲထွန်း**
**(အထွေထွေအတွင်းရေးမှူး မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း)**

နိုင်ငံရေးမတည်ငြိမ်ရင် စီးပွားရေးလည်း မတည်ငြိမ်တာကြောင့် ငြိမ်းချမ်းရေးက ပိုအရေးကြီးတာပေါ့။ အခု ဂျပန်ဘက်က ရင်းနှီးမြှုပ်နှံမှုနည်းနေတယ်ဆိုတာက လက်နက်ကိုင်ပဋိပက္ခတွေကြောင့်လည်းပါဝင်တယ်။ အခု ငြိမ်းချမ်းရေးရသွားပြီဆိုရင် ဂျပန်ဘက်က အရင်ကထက်ပိုပြီးတော့ စိတ်ချယုံကြည်စွာနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာမယ်လို့ ထင်တယ်။ ဂျပန်ဘက်က ဆောက်လုပ်ရေးလုပ်ငန်းတွေကို စိတ်ဝင်စားတယ်။ ဒါ့အပြင် နည်းပညာတွေ ပေးမယ်။



ဦးရဲထွန်း

ရေရှည်ဖွံ့ဖြိုးမှုအတွက် သင်တန်းတွေလည်း ဆောင်ရွက်ပေးချင်တယ်။ ငြိမ်းချမ်းရေးရသွားရင် ဒေသခံတိုင်းရင်းသား လူငယ်တွေအတွက် အခွင့်အလမ်းတွေ ပိုရလာမယ်လို့ ထင်တယ်။

**ဦးနှင်းဦး**
**(ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်)**

NCA စာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်တဲ့အတွက် ဝမ်းသာပါတယ်။ ဟိုဘက်ခေတ်က ညှိနှိုင်းလို့မရခဲ့ဘဲနဲ့ လိပ်ခဲတည်းလည်း ထားခဲ့ရတယ်။ အခုတော့ ဟိုဘက် ဒီဘက် အပြန်အလှန် လျှော့တာတွေ တွေ့ရတယ်။ ဒါ့အပြင် တစ်ဖက်ကလည်း ငြိမ်းချမ်းရေးလိုချင်တာကြောင့် ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမယ့်လူတွေကလည်း ပိုပြီးတော့ စိတ်ဝင်စားတာပေါ့။ အချို့နေရာဒေသတွေဆိုရင် ရင်းနှီးမြှုပ်နှံမှုကောင်းတဲ့ကိစ္စတွေ အများကြီးရှိတယ်။ ဒါကြောင့် ငြိမ်းချမ်းသွားရင် ဘာလုပ်ကြမလဲလို့ ပြင်ပက ရင်းနှီးမြှုပ်နှံမှုအတွက် စဉ်းစားနေတဲ့သူတွေလည်း ရှိလာတယ်။ ပြည်တွင်းကလည်း ငြိမ်းချမ်းသွားပြီဆိုတာကြောင့် စီးပွားရေးအခွင့်အလမ်းတွေ ဖြစ်လာတာပေါ့။

**ဦးကျော်ဝင်း**
**[(ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်) အတွင်းရေးမှူး မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်း]**

ငြိမ်းချမ်းရေးစာချုပ် ချုပ်လိုက်ပြီဆိုရင် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း ပိုပြီးစိတ်ချသွားတာပေါ့။ နိုင်ငံရေးတည်ငြိမ်လာမယ်။ အားလုံးကောင်းလာမယ်လို့ အမြင်တွေရှိတော့ နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှု ပိုလာစရာပဲရှိပါတယ်။ ကောင်းပါတယ်။ ငြိမ်းချမ်းရေးကို ခိုင်မာသထက် ခိုင်မာအောင် ဆက်ကြိုးစားသွားဖို့ပဲ လိုပါတယ်။ အခုစာချုပ်က အပြီးအစီးချုပ်သေးတာ မဟုတ်ပါဘူး။ အပြီးအစီးအထိ ခိုင်ခိုင်မာမာထွက်လာရင် နိုင်ငံတော်အတွက်လည်း ပိုကောင်းမယ်။ လုပ်ငန်းရှင်တွေ အတွက်လည်း ကောင်းမယ်။ လုပ်ငန်းရှင်တွေက ပိုပြီးတော့မျှော်လင့်တာပေါ့။ နိုင်ငံရေးတည်ငြိမ်လာရင် ငွေကြေးတည်ငြိမ်မယ်။ ငွေကြေးတည်ငြိမ်ရင် ရွှေဈေးလည်းတည်ငြိမ်မယ်။ ကုန်ဈေးနှုန်းလည်းတည်ငြိမ်လာမယ်။ ဒါတွေအားလုံးက ကွင်းဆက်အနေနဲ့ ဆက်စပ်နေတာကြောင့် အရေးပါပါတယ်။

# မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး ဟောပြော

**ပန်းတနော်  မေ  ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု ကြိုတင်ကာကွယ်တားဆီးရေးပညာပေးဟောပြောပွဲကို မေ ၅ ရက် ညနေပိုင်းက အလယ်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်အောင်မြက သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးများ သုံးစွဲခြင်း၊ ရောင်းချခြင်းတို့ကို တားဆီးကာကွယ်ရေးနှင့် မြန်မာတို့၏ ရိုးရာနှစ်သစ်သင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာရေကစားကြသည့် အများပြည်သူများအား မလိုလားအပ်သော နှောင့်ယှက်မှုများ၊ အခြားပြစ်မှုများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများရောင်းချမှုများ သတင်းရရှိပါက သတင်းရယူ၍ ပူးပေါင်းဖော်ထုတ်အရေးယူဆောင်ရွက်ရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဝင်းက သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေး၊ ယာဉ်မောင်းသူများ မူးယစ်ဆေးများ သုံးစွဲ၍ မောင်းနှင်ခြင်းများကို ရှောင်ရှားကြရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောသွားကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# အမြန်ချောပို့လုပ်ငန်းကို သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ပေးမည်

**နေပြည်တော်  မေ  ၇**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် နှစ်သစ်ကူးမဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ၂၀၁၅ ခုနှစ် မေ ၁၅ ရက်နှင့် နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သော ၂၀၁၅ ခုနှစ် မေ ၂၀ ရက်တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူးမဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ရက်များအတွင်း ဝတ်စုံအပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်၊ ကြေးနန်းပို့ လုလင်များကို ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့စာတိုက်လုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီဖွဲ့စည်းရန် ဖိတ်ခေါ်

**ရန်ကုန်  မေ  ၇**

ရန်ကုန်မြို့ အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် အများပြည်သူယုံကြည်အားထားရသည့် ဘတ်စ်ကားစနစ် ပေါ်ပေါက်စေရန် ရည်ရွယ်၍ ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီကို နိုင်ငံတော်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှု (Public-Private-Partnership-PPP) ပုံစံဖြင့် အများပိုင်ကုမ္ပဏီကို စတင်ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံတော်နှင့် ပုဂ္ဂလိကပါဝင်မှုကို ၄၀း၆၀ အချိုးဖြင့် စတင်မည်ဖြစ်ပြီး ပထမအဆင့် (Phase I)အနေဖြင့် ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့တွင် အမြန်ဘတ်စ်ကားစနစ်(အပေါ့စား) BRT (Lite) ကို အကောင်အထည်ဖော်မည်ဖြစ်သည်။ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီထူထောင်ရေး စိတ်ဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ လက်ရှိဘတ်စ်ကားပြေးဆွဲနေသူများနှင့် ပြည်သူများအား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ထားကြောင်းနှင့် အသေးစိတ်အချက်အလက်များနှင့် စိတ်ဝင်စားသူများ ဖုန်း-၀၁-၃၇၈၇၉၈ နှင့် ၀၉-၂၅၀၁၉၁၄၅၃ တို့သို့ အသေးစိတ် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နွေရာသီ ဗုဒ္ဓဝင်နှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်း

**ညောင်တုန်း  မေ  ၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စု အမြောင်းကျေးရွာတွင် ဝေဠုဝန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဦးသုနန္ဒ၏ ဦးဆောင်မှုဖြင့် နွေရာသီ ဗုဒ္ဓဝင်နှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မေ ၇ ရက် နံနက်က အဆိုပါကျောင်းတိုက်အတွင်းရှိ ဘဝလမ်းညွှန်စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းကို မတ်လအတွင်းက ဖွင့်လှစ်ခဲ့ပြီး ကျေးရွာအတွင်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၁၂၇ ဦး တက်ရောက်ကြပြီး သင်တန်းဆရာတစ်ဦး၊ ဆရာမ နှစ်ဦးတို့ လာရောက်ကူညီသင်ကြားပေးကြပြီး သင်တန်းကာလ တစ်လကြာမြင့်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ဆရာတော်က ပထမ၊ ဒုတိယ၊ တတိယရရှိကြသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းများမှ ကျောင်းသားကျောင်းသူများအား ဆုပစ္စည်းနှင့် ငွေသားများ ဆုချီးမြှင့်ကြကြောင်း သိရသည်။

**(၀၇၆)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး မအူပင်တွင် ဆောင်ရွက်ပေး



**နေပြည်တော် ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး လင်းရေးဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးအိမ်စုကျေးရွာအုပ်စု နယ်မြေ(၂)၌ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ၁၆၀ ကေဗွီအေ ထရန်စဖော်မာမှ ကျေးရွာအတွင်း နေအိမ်များသို့ သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အား လိုင်းအား စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင် ပို့လွှတ်ပေးသည်။

ဆက်လက်၍ နယ်မြေ(၆)၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို အလားတူကျင်းပခဲ့ပြီး အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ လျှပ်စစ် မီးဖွင့်လှစ်ပေးခဲ့သည့် ကျေးရွာအုပ်စုများမှ ပြည်သူများ သည် လျှပ်စစ်မီးရရှိရေးကို နှစ်ပေါင်းများစွာ မျှော်လင့် ခဲ့ရကြောင်း၊ ယနေ့မှစ၍ လျှပ်စစ်မီးကို အသုံးပြုနိုင်ပြီဖြစ်ပြီး ယခုရရှိသည့် လျှပ်စစ်မီးကို အကျိုးရှိစွာအသုံးပြု၍ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် သွားကြရန်၊ တစ်ဦးချင်း စီးပွားရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး သတိပြုသုံးစွဲသွားကြရန် အကျယ်တဝင့် မှာကြားပြီး မအူပင်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် ပေးထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည် တည်တံ့ကောင်းမွန်အောင် သားစဉ်မြေးဆက် ထိန်းသိမ်း စောင့်ရှောက်သွားကြရန်မှာကြားသည်။

ထို့နောက် လေးအိမ်စုကျေးရွာအုပ်စု နယ်မြေ(၂) နှင့် နယ်မြေ(၆)တွင်လည်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး လင်းရေးဖွင့်လှစ်ပေးခဲ့ရာ ကျေးရွာမှ ကျေးလက်နေ ပြည်သူများကိုယ်စား လျှပ်စစ်မီးလင်းရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းလှိုင်က လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် လေးအိမ်စုကျေးရွာအုပ်စု နယ်မြေ (၂)နှင့် နယ်မြေ(၆) ကိုယ့်အားကိုယ်ကိုး လျှပ်စစ် မီးလင်းရေးအတွက် ၁၁ ကေဗွီအေလိုင်း ၁ ဒသမ ၉ မိုင်၊ သုည ဒသမ ၄ ကေဗွီလိုင်း ၂ ဒသမ ၆၉ မိုင်၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးတို့ တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၃၀၀ ခန့်အား လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် မလက်တိုကျေးရွာအုပ်စု၊ ထနီးကျေးရွာအုပ်စု၊ စစ်ကိုင်းကျေးရွာအုပ်စု၊ တလုပ်လပ် အရှေ့ကျေးရွာအုပ်စု၊ လက်ျာကြီးကျေးရွာအုပ်စု၊ သောင်ဇာကျေးရွာအုပ်စု၊ ဝါးတောကျေးရွာအုပ်စု၊ အလန်း ကျေးရွာအုပ်စုနှင့် မီးသွေးချောင်းကျေးရွာအုပ်စုများရှိ ကျေးရွာခွဲ ၆၁ ရွာမှ လူဦးရေ ၈၀၀၀၀ ကျော်တို့သည် မကြာမီ နိုင်ငံတော်ဓာတ်အားလိုင်း တလုပ်လပ်အရှေ့ ကျေးရွာ မအူပင်တံတားအနီးရှိ ၃၃/၁၁ ကေဗွီ ၂ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ လျှပ်စစ်မီးရရှိတော့မည်ဖြစ် ကြောင်းနှင့် မအူပင်မြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အား လိုင်းမှ ကျေးရွာခွဲပေါင်း ၃၆ ရွာမှာ လျှပ်စစ်မီးရရှိသုံးစွဲနေပြီ ဖြစ်ကြောင်း သိရသည်။ **(၁၀၇)**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက် ဘောလုံးပြိုင်ပွဲကို ဧပြီစတုတ္ထပတ်မှ စ၍ ကျင်းပသွားမည်ဖြစ်သည်။

ယခုရာသီ ရှုံးထွက်ပြိုင်ပွဲကို MNL အသင်း ၁၂ သင်း၊ ပထမတန်းအသင်း ၁၀ သင်း စုစုပေါင်း ၂၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲကို ပထမအဆင့်၊ ဒုတိယအဆင့်၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်ပွဲစဉ်များကို ဧပြီ စတုတ္ထ ပတ်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယခု ရာသီတွင် ပထမတန်း၌ ယှဉ်ပြိုင် နေသည့်အသင်း ၁၀ သင်းနှင့် MNL တန်းတက်နှစ်သင်းဖြစ်သော ဟံသာ ဝတီ၊ ရခိုင်တို့လည်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ကျန် MNL အသင်း ၁၀ သင်းဖြစ်သည့် ရန်ကုန်၊ ဧရာဝတီ၊ ရတနာပုံ၊ မကွေး၊ ကမ္ဘောဇ၊ ချင်း ယူနိုက်တက်၊ နေပြည်တော်၊ ဇေယျာ ရွှေမြေ၊ မနောမြေနှင့် ဇွဲကပင်အသင်း တို့မှာ ဒုတိယအဆင့်မှ စတင်ကစားရ မည်ဖြစ်သည်။



**သတင်းနှင့်ဓာတ်ပုံ ချစ်ကိုကို**

**၂၀၁၄ ခုနှစ် ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဧရာဝတီနှင့် နေပြည်တော် ယှဉ်ပြိုင်နေစဉ်။**

ရှုံးထွက်ပြိုင်ပွဲကို MFF Cup အမည်ဖြင့် ၂၀၁၀ ခုနှစ်မှစ၍ ကျင်းပ ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဟံသာဝတီ၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် ဧရာဝတီ အသင်းတို့က ဗိုလ်စွဲခဲ့သည်။ ဧရာဝတီ အသင်းမှာ နှစ်ကြိမ်ဆက် ဗိုလ်စွဲခြင်း ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ပြိုင်ပွဲကျင်းပ နိုင်ခြင်းမရှိခဲ့ပေ။ ယခုနှစ်တွင် ပြိုင်ပွဲ အမည်ကို ပြောင်းလဲခဲ့ပြီး ဗိုလ်ချုပ် အောင်ဆန်း၏ နှစ်(၁၀၀) ပြည့်မွေး နေ့နှင့် တိုက်ဆိုင်နေသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက် ပြိုင်ပွဲအဖြစ်ကျင်းပသွားမည်ပြီး ပြိုင်ပွဲ ပွဲစဉ်များ မဲခွဲပွဲကို ဧပြီ ၈ ရက်တွင် MFF ရုံး၌ ကျင်းပမည်ဖြစ်သည်။

# စစ်ကိုင်းမြို့ မြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်ကျင်းပမည်

**နေပြည်တော် ဧပြီ ၇**

စစ်ကိုင်းမြို့ မြို့တည်နန်းတည် နှစ်(၇၀၀) ပြည့်ပွဲတော်ကို စစ်ကိုင်းမြို့ စစ်ကိုင်းခရိုင် အားကစားကွင်း အတွင်း ဇူလိုင် ၈ ရက်မှ ၁၀ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်း မြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ စတင်ကျင်းပတဲ့နေ့မှာ ဒေဝါဝင်း၊ ရာဇာဝင်းနဲ့ ခေတ်ပေါ် ဇေယျာဝင်းတွေနဲ့ မြို့တွင်းမှာ လှည့်မယ်။ ကွင်းအတွင်းမှာ တိုင်းရင်း သားပဒေသာကပွဲတွေ၊ အခြားပျော်ပွဲ ရွှင်ပွဲတွေကိုလည်း ထည့်သွင်းကျင်းပ သွားမှာဖြစ်ပါတယ်၊ အထူးခြားဆုံး ကတော့ ထမင်းရှင်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိခဲ့တဲ့ ငခင်ညိုပြဇာတ်နဲ့လည်း ဖျော်ဖြေ တင်ဆက်သွားမှာ ဖြစ်ပါ တယ်" ဟု ပွဲတော်ကျင်းပရေး ကော်မတီဝင် စာရေးဆရာ၊ ကဗျာ ဆရာ ဦးရဲထွဋ်(မောင်မျက်ရှင်)က ပြောကြားသည်။

စစ်ကိုင်းမြို့ကို စစ်ကိုင်းအသင်္ခယာ စောယွင်းမင်းက သက္ကရာဇ် ၆၆၇ ခုနှစ်တွင် "မဟာဇေယျပူရ" အမည် ဖြင့်မော်ကွန်းစိုက်ထူတည်ထောင်၍ ထီးနန်းစိုးစံခဲ့သည်။ မြို့တည်နန်းတည် သက္ကရာဇ်အား နှောင်းလူများ မှတ်သားရလွယ်ကူစေရန် "သံတံတိုင်း စစ်ကိုင်းတည်"ဟူသည့် အလင်္ကာကို လည်း မှတ်သားကြရမည်ဖြစ်သည်။

"စစ်ကိုင်းအသင်္ခယာစောယွင်း မင်းဟာ ပင်းယတစ်စီးရှင် သီဟသူနဲ့ မြောက်နန်း မိဖုရားကြီး မစောဦးတို့ရဲ့ သားတော်တစ်ပါးဖြစ်တယ်။ သူ နန်းတက်စက အသက်(၁၄)နှစ်ပဲ ရှိသေးတယ်၊ နန်းစံသက် ရှစ်နှစ်တာ ကာလ သက္ကရာဇ် ၆၈၄ ခုနှစ်မှာ နတ်ရွာစံခဲ့တယ်လို့ သမိုင်းမှာ မှတ်သားရတယ်"ဟု ၎င်းက ဆိုသည်။

စစ်ကိုင်း မြို့တည် နန်းတည် နှစ်(၇၀၀) ပြည့်အထိမ်းအမှတ်အဖြစ် အမြင့် ၁၃ ပေ ၂ လက်မရှိ စစ်ကိုင်း အသင်္ခယာစောယွင်းမင်းရုပ်တုကို စစ်ကိုင်းမြို့ အိုးဖိုအဝိုင်းတွင် တည် ဆောက်သွားမည်ဖြစ်ကြောင်း သိရ သည်။

"မူလနန်းတော်ဟောင်းတည်ရာ ရပ်ကွက်တွေဖြစ်တဲ့ စိန်ကုန်းရပ်၊ ဗျဉ်းညားရပ်၊ မင်းဇံရပ်၊ တကောင်းရပ် တွေကိုလည်း စစ်ကိုင်းမှာယနေ့တိုင် မြင်တွေ့ကြရမှာ ဖြစ်တယ်။ စစ်ကိုင်းမြို့ သာသနာဝင်မှတ်တမ်း တွေအရ စစ်ကိုင်းမှာ ညောင်ကိုးမျိုး၊ အင်းကိုးအင်း၊ အပြင်မုဋ္ဌော ကိုးဆူ၊ အတွင်းမုဋ္ဌော ကိုးဆူ၊ မော် ကိုးမော် ဘုရား၊ အတွင်းကိုးကုန်း၊ အပြင် ကိုးကုန်းဘုရား၊ အတွင်းကိုးကျင်း၊ အပြင် ကိုးကျင်း၊ ချောင် ကိုးချောင်၊ ဂူ ကိုးလုံး၊ သကြား ကိုးဆူနဲ့ တည် ကိုးတူ ရှိတဲ့မြို့အဖြစ်လည်း လေ့လာ မြင်တွေ့ကြရမှာ ဖြစ်ပါတယ်" ဟု မှတ်သားစရာများကို စာရေးဆရာ၊ ကဗျာဆရာ (မောင်မျက်ရှင်) က ပြန်လည်မျှဝေခဲ့သည်။

ခေတ်အဆက်ဆက် ရာသီအလီလီ မည်သို့ပြောင်းလဲခဲ့စေကာမူ စစ်ကိုင်း အသင်္ခယာစောယွင်း မင်းတရားကြီး စတင်တည်ထောင်ခဲ့သည့် စစ်ကိုင်း မြို့သည် ယနေ့ နှစ်ပေါင်း (၇၀၀) ရှိသည့်တိုင် စည်ကားလျက်ရှိနေသည် ဆိုသည်ကိုမူ ငြင်းဆို၍ မရနိုင်တော့ ပြီဖြစ်သည်။

**မင်းမင်းဇော်(ကလေး)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန-ပဲခူးမြို့
## (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် လမ်းလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ကတ္တရာ(၈၀/၁၀၀)အမျိုးအစား (၉၅၅)တန်အား မြန်မာကျပ်ငွေတန်ဖိုးဖြင့် ဝယ်ယူလိုပါသည်။

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာ အား ထုတ်လုပ်သည့် နိုင်ငံအမည် ကတ္တရာ(၁) တန်ဈေးနှုန်း ကတ္တရာ(၁)တန်တွင် ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်း ခွင့်ပြု ပြီး သွင်းကုန်ပစ္စည်းခွန်(Custom Duty)ပေးဆောင်ထားပြီးကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ကတ္တရာအရည်အသွေး စစ်ဆေးထောက်ခံ ချက်တို့နှင့်အတူ အောက်ပါကတ္တရာ အရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်။

**SPECIFICATION OF STRAIGHT ASPHALT 80/100 GRADE**

| Sr.No | Specifications | |
|---|---|---|
| 1. | Penetration at 25˚ C | 100 ± 20 |
| 2. | Softening Point (Ring & Ball) | 41-51 |
| 3. | Solubility in Trichloroethylene(%) min-99.5 | |
| 4. | Specific Gravity at 25˚ C | 1.00-1.06 |
| 5. | Ductility at 25˚ C(cm) | min-100 |
| 6. | Loss on Heating (%) | max-0.5 |
| 7. | Flash-Point(˚C) | min-225 |
| 8. | Penetration after loss on heating at 25˚ C (0.1 mm)(% of original) | min-80 |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ၇-၄-၂၀၁၅ရက် မှ ၂၃-၄-၂၀၁၅ရက် ရုံးချိန်အတွင်း လာရောက် ထုတ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၃-၄-၂၀၁၅ရက်၊ ၁၆း၃၀နာရီဖြစ်ပြီး ဖွင့်လှစ်မည့် အချိန် နှင့်နေရာမှာ ၂၄-၄-၂၀၁၅ရက် နံနက် ၁၀နာရီ တွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပဲခူးမြို့၌ ဖြစ်ပါသည်။

၅။ တင်သွင်းမည့် ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့် ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မ တန်ဖိုး(ရန်ကုန်အထိုင်ဈေးနှုန်း)အပေါ်တွင် ပြည်တွင်း အခွန်များဦးစီးဌာနသို့ ပေးချေရမည့် With Holding Taxကို ခုနှိမ်၍ ကျန်ငွေအား ပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ၇-၄-၂၀၁၅ရက်မှ ၂၃-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက် စုံစမ်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။
**Ph-052-21523,24572,21220**

မီး
သတိပြု

**ကားရောင်းမည်**
Canter Box-10'
2C/3---
ph:09-5102194

ရွှေထိပ်တန်း ချောင်းသာ(နေ့စဉ်)
+ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး
+တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမ့်စမ်း၊ လွိုင်ကော်၊ဂူ
+အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (ဆောက်ကြား)
စီးလုံးငှားလက်ခံသည်
သကြံန်တွင်း ပိတ်ရက်မရှိပါ
ကြိုတင်လက်မှတ်ရောင်းမြို
01-701015,01-710436,09-5403844,09-5044830

# လေယာဉ်ဆီဖြည့်သည့် Refueller အသစ်နှစ်စီးရောက်ရှိ

**နေပြည်တော် ဧပြီ ၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ဆီဖြည့်တင်းရာတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ တင်ဒါခေါ်ဝယ်ယူတင်သွင်းခဲ့သော Refueller အသစ်နှစ်စီးသည် မတ် ၅ ရက်တွင် မင်္ဂလာဒုံလေယာဉ်ဆီဌာနခွဲသို့ ရောက်ရှိလာသည်။**(ယာပုံ)**

အဆိုပါ Refueller အသစ်နှစ်စီးမှာ ပြင်သစ်နိုင်ငံ Titan Aviation ကုမ္ပဏီမှ ထုတ်လုပ်သည့် Titan Aviation အမျိုးအစား ဆီဖြည့်ယာဉ်များဖြစ်ပြီး လေယာဉ်ဆီဂါလန် ၇၂၀၀ စီဖြည့်တင်းနိုင်ကြောင်းနှင့် လေယာဉ်ကွင်းအတွင်း ဆင်းသက်သည့် လေယာဉ်များ များပြားလာမှုကြောင့် Remote Area များ၌ ရပ်နားသည့် မည်သည့်လေယာဉ်အမျိုးအစားကိုမဆို လေယာဉ်ဆီလိုက်လံဖြည့်တင်းပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခု အသစ်ရောက်ရှိလာသည့် Refueller စက်ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းရန် Titan Aviation ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့်အဖွဲ့ဖြင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား မတ် ၁၀ရက်မှ ၁၄ ရက်အထိ စက်ပစ္စည်းများကိုင်တွယ်ထိန်းသိမ်းပုံ၊ ထိန်းသိမ်းနည်းများအား သင်တန်းပေးပြီးနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စတင်အသုံးပြုလျက်ရှိပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တစ်စီး ပို့ဆောင်၍ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယခင် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ရောက်ရှိခဲ့သော ယူနိုက်တက်ကင်းဒမ်းမှ ထုတ်လုပ်သည့် Flight Line အမျိုးအစား လေယာဉ်ဆီ ဂါလန် ၄၀၀၀ စီဆံ့ လေယာဉ်ဆီဖြည့်ယာဉ်နှစ်စီးနှင့် ယခုအသစ် ရောက်ရှိလာသည့် လေယာဉ်ဆီဂါလန် ၇၂၀၀ ဆံ့လေယာဉ်ဆီဖြည့်ယာဉ်တစ်စီး စုစုပေါင်း လေယာဉ်ဆီဖြည့်ယာဉ် သုံးစီးဖြင့်လည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယခင်ဂါလန် ၄၀၀၀



ဆံ့လေယာဉ်ဆီဖြည့်ယာဉ်နှစ်စီး၊ ယခုအသစ်ရောက်ရှိလာသည့် လေယာဉ်ဆီ ဂါလန် ၇၂၀၀ ဆံ့ လေယာဉ်ဆီဖြည့်ယာဉ်တစ်စီး စုစုပေါင်း လေယာဉ်ဆီဖြည့်ယာဉ် သုံးစီးဖြင့်လည်းကောင်း ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများသို့ လေယာဉ်ဆီဖြည့်တင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မူဆယ်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခွင့်ပြုချက်တောင်းခံ၍ ဆန္ဒထုတ်ဖော်

**မူဆယ် ဧပြီ ၇**

မူဆယ်မြို့နယ်တွင် ဧပြီ ၆ ရက် နံနက် ၉ နာရီက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ဒေသခံပြည်သူ ၃၀၀၀ ခန့်သည် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ခွင့်ပြုချက်တောင်းခံ၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီရှင်သန်ခိုင်မာရေး၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေး စသည့် ကြွေးကြော်သံများကြွေးကြော်၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ ဆူပူမှုကိုအလိုမရှိစသည့် ပိုစတာများကိုင်ဆောင်ကာ မူဆယ်လေယာဉ်ကွင်းဟောင်းလမ်းဆုံစုရပ်မှ စတင်လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် မြို့နယ်အားကစားကွင်းသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိခဲ့ရာ ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သည့် ဦးစိုင်းခမ်းမြတ်က ဆန္ဒထုတ်ဖော်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောခဲ့ပြီး ဒေသခံပြည်သူများက ကြွေးကြော်သံများ ကြွေးကြော်ကြကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများ ရောင်းချခြင်း/သုံးစွဲခြင်း မရှိစေရေး ဆောင်ရွက်

**မကွေး ဧပြီ ၇**

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများ တရားမဝင်ရောင်းချခြင်း/သုံးစွဲခြင်းမရှိစေရေးအတွက် မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီး၍ တာဝန်ရှိသူများက ဧပြီ ၆ ရက်တွင် မကွေးမြို့ ရွာသစ်(၁၈) လမ်းရှိ ကိုခင်မောင်ဆန်း(ခ)ပလိုကိုး နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်စတိုခန်းအတွင်းမှ တရားမဝင် တားမြစ်ဆေးများနှင့် ဆေးဝါးအဝါရောင်နှင့် အစိမ်းရောင်ရှိ ဆေးတောင့် ၁၀ တောင့်ပါ Tramacap ဆေးကတ် ၃၇ ကတ်အား တွေ့ရှိရသဖြင့် အရေးယူထားကြောင်းသိရသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် မကွေးမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းနိုင်ဝင်းနှင့် တာဝန်ရှိသူများက မကွေးမြို့ ရွာသစ်(၁၈)လမ်းရှိ ဦးခင်မောင်ကျော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အဆိုပါနေအိမ်အတွင်းရှိ စတိုခန်းအတွင်းမှ ခွင့်ပြုချက်မရှိ တားမြစ်ဆေးဝါး ၃၇ မျိုးအား တွေ့ရှိခဲ့သဖြင့် တားမြစ်ဆေးဝါးများ လက်ဝယ် တွေ့ရှိသူ ဦးခင်မောင်ကျော်အား မကွေးမြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# သင်္ကြန်ကာလအတွင်း ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး စစ်ဆေး

**ကျိုက်ထို ဧပြီ ၇**

ကျိုက်ထိုမြို့နယ်၌ သင်္ကြန်ကာလအတွင်း ကာမစိတ်ကြွဆေး၊ မူးယစ်ဆေးဝါးနှင့် တရားမဝင် တားမြစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက် ညနေ ၃ နာရီတွင် ကျိုက်ထိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး ဦးစိုးမွန်ဦးနှင့် ကုံကော်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်တို့အဖွဲ့က ကျိုက်ထိုမြို့ပေါ်ရှိ ရပ်ကွက် ခြောက်ရပ်ကွက်အတွင်း ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များကို ဝင်ရောက်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးမှုပြုလုပ်ရခြင်းမှာ သင်္ကြန်ကာလအတွင်း ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးများသုံးစွဲ၍ ပျော်ပါးမှုမရှိစေရန်နှင့် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(iprd)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**




# မိုင်းတုံမြို့၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထောက်ခံဆန္ဒထုတ်ဖော်

**မိုင်းတုံ ဧပြီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့၌ ပြည်သူလူထုအင်အား ၃၀၀ ခန့်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်မူကြမ်းအတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအား ကြိုဆိုထောက်ခံသည့် ဆန္ဒထုတ်ဖော်ပွဲကို ခွင့်ပြုချက်ရယူပြီး ဧပြီ ၆ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

ယင်းသို့ ဆန္ဒထုတ်ဖော်ရာ၌ ဒို့တာဝန်အရေးသုံးပါး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ပြည်ထောင်စု ထာဝရငြိမ်းချမ်းရေးနှင့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်ရှင်သန်ခိုင်မာရေး စသည့်ဆောင်ပုဒ်နှင့် ကြွေးကြော်သံများဖြင့် မိုင်းတုံမြို့ ပန်းခြံရှေ့မှ လမ်းမတော်လမ်းအတိုင်း မြို့လယ်အားကစားကွင်းထိ ငြိမ်းချမ်းစွာဖြင့် စီတန်းလမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၇**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု ချီးမြှင့်နိုင်ရေးနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် မြို့နယ်ဆု/စံပြကျေးရွာဆု ကွင်းဆင်းစိစစ်ရေးအဖွဲ့ငယ် ခေါင်းဆောင်များနှင့်အတူ မေ ၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရှင်းလင်းဆွေးနွေးခဲ့ပြီး ကျောက်ဆည်မြို့နယ် အုပ်ချုပ်ရေးမှူးက ကျောက်ဆည်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုတို့ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်သော ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ကြောင်ပန်းကုန်းကျေးရွာရှိ Big M Group Services Co., Ltd. ၏ ကညွတ်စိုက်ခင်း၊ သင်ပုတ်ကျေးရွာအုပ်စု သင်ပုတ်ကျေးရွာရှိ ကြယ်စဉ်သစ်စိုက်ပျိုးရေးခြံတွင် နဂါးမောက်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍဖြစ်သော မြဘုရင်နွားမွေးမြူရေးခြံတွင် နွားမွေးမြူထားရှိမှုအခြေအနေ၊ မြို့ပြအသေးစား၊ အလတ်စား ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော မြဘုရင်နို့ချက်စက်ရုံ၊ နေလသုခဆန်စက်တို့နှင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းကဏ္ဍအနေဖြင့် မြတ်ကျွန်းသာ အသေးစားငွေချေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော ရဲစုရပ်ကွက်စာကြည့်တိုက်နှင့် ကျောက်ဆည်မြို့ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း ဆေးဝါးကုသမှုအခြေအနေ၊ အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍဖြစ်သော ဇော်ဂျီရေထိန်းဆည်၊ မြို့ရေပေးရေး စက်ရုံအမှတ် (၁) မှ မြို့ရေပေးဝေမှုအခြေအနေ၊ ပတ္တာကျေးရွာအုပ်စု ပတ္တာကျေးရွာရှိ ဆင်ဖြူချပ်ပရဟိတကျောင်းနှင့် မီးသတ်တပ်ဖွဲ့စခန်းရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုအခြေအနေ၊ ရဲစုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ကျောက်ဆည်မြို့မ ရဲစခန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန် ၄၅ မြို့နယ် အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူမှု အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိ

***ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင် လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်ရှင်အဖွဲ့ခွဲမှလည်း အခြေခံမဲဆန္ဒရှင်စာရင်းများကို အဆင့်သုံးဆင့်ခွဲ၍ ကောက်ယူနေကြောင်း သိရသည်။ အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။***

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၀ မြို့နယ်မှာ အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူထားတာသိရပါတယ်။ ကျန်တဲ့မြို့နယ်တွေကိုလည်း ဘယ်လိုကောက်ယူသွားမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ အခုလောလောဆယ် ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်အတွက် အခြေခံမဲဆန္ဒနယ်စာရင်းဆိုတာ ပြုစုနေပါတယ်။ ရွေးကောက်ပွဲမကြေညာသေးခင်မှာ ရွေးကောက်ပွဲကို အထောက်အကူပြုဖို့အတွက်၊ အခြေခံယူဖို့အတွက် မဲဆန္ဒရှင်စာရင်းကို ပြုစုတာပါ။ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၅ မြို့နယ်ရှိတယ်။ ကျွန်တော်တို့က အဆင့်သုံးဆင့် ခွဲထားပါတယ်။ အဆင့် (၁)မှာ ၁၀ မြို့နယ် ရွေးလိုက်တယ်။ ဘာကိုဦးတည်ပြီးရွေးသလဲဆိုတော့ လူဦးရေအနည်းဆုံး ၁၀ မြို့နယ်ကို စရွေးလိုက်တယ်။ အဲဒီ ၁၀ မြို့နယ်က နိုဝင်ဘာလဆန်းလောက်ကစပြီးတော့ မဲဆန္ဒရှင်စာရင်းတွေကို ပြုစုတယ်။ ပြုစုပြီးတော့ တွေ့ရှိတဲ့ အချက်အလက်တွေကို ကွန်ပျူတာထဲတည့်ပြီး စာရင်းပြုစုတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီလောက်မှာ ပြီးပါတယ်။ မတ်လကုန်မှာ မဲဆန္ဒရှင်တွေရဲ့စာရင်းတွေကို သက်ဆိုင်ရာ ကော်မရှင်ရုံးတွေမှာကပ်ပြီး ကြေညာထားပါတယ်။ မတ် ၃၀ ရက်ကနေ မေ ၁၂ ရက်အထိ နှစ်ပတ်တိတိ ကပ်ထားမှာပါ။ ကပ်ထားတဲ့အခါမှာ မဲဆန္ဒရှင်တွေက လာကြည့်မယ်။ သူတို့နာမည်မပါရင် ပုံစံ ၃ နဲ့ လျှောက်မယ်။ အတွဲအချက်အလက်တွေ မမှန်ကန်ဘူးဆိုရင် ပုံစံ ၄ (ဂ)နဲ့ ပြင်ဆင်ပေးဖို့ လျှောက်မယ်။ မပါသင့်တဲ့သူ မဲစာရင်းမှာပါနေရင် ပုံစံ ၄ နဲ့ ကန့်ကွက်မယ်။ အဲဒါတွေအားလုံး ကျွန်တော်တို့ ဆွေးနွေးပြီးတဲ့အခါ ၂၃ ရက်ကစပြီးတော့ ၃၀ ရက်အထိ မဲစာရင်းပြင်ဆင်စရာရှိရင် ပြင်ဆင်ပေးမယ်။ ထည့်ပေးစရာရှိရင် ထည့်ပေးမှာပါ။ အဲဒီလုပ်ငန်းစဉ်တွေ ဆက်လုပ်သွားမှာပါ။ ပြီးမှ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းက ပြီးမှာပါ။ အဆင့် (၂) မှာတော့ ၁၄ မြို့နယ် ရွေးထားပါတယ်။ ဘာကိုအခြေခံရွေးလဲဆိုတော့ ရန်ကုန်တိုင်းဒေသကြီးထဲက လူဦးရေအများဆုံးမြို့နယ်တွေကို ရွေးလိုက်တယ်။ အရင် ၁၀ မြို့နယ်မှာလိုပဲ မဲဆန္ဒရှင်စာရင်းကိုပြုစုမယ်။ ကွန်ပျူတာထဲထည့်မယ်။ အခုလုပ်နေပါတယ်။ အကုန်မပြီးသေးပါဘူး။ ၁၄ မြို့နယ်မှာ တစ်ဝက်ကျော်ကျော်လောက်က ပြီးနေပါပြီ။ နည်းနည်းပဲကျန်တော့တယ်။ မေလကုန်ရင် ဒုတိယအသုတ် ပြီးသွားမယ်လို့ မျှော်မှန်းထားပါတယ်။ ဒုတိယအဆင့်ပြီးသွားရင် ၁၀ မြို့နယ်ကလိုပဲ မဲဆန္ဒရှင်စာရင်းကို ကပ်ထားမယ်။ ကြေညာမယ်။

၁၀ မြို့နယ်ပြီးပြီ။ ၁၄ မြို့နယ်ပြီးပြီ။ နောက်ဆုံး ၂၁ မြို့နယ်ကျန်တယ်။ အဲဒါက တတိယအဆင့်အနေနဲ့ ဆောင်ရွက်သွားမယ်။ တတိယအဆင့်က မတ် ၂၃ ရက်ကစပါတယ်။ ဇွန်လအကုန်မှာပြီးမယ်လို့ မှန်းပါတယ်။ ဒီမြို့နယ်တွေကတော့ လူဦးရေပထမအဆင့်လောက်လည်းမနည်းဘူး။ ဒုတိယအဆင့် ၁၄ မြို့နယ်လောက်လည်းမများဘူး။ အလယ်အလတ်ရှိတဲ့ မြို့နယ်တွေ။ အဲဒါတွေက တတိယအဆင့်မှာပါပါတယ်။ အခြေခံမဲဆန္ဒရှင်စာရင်းကို အဲဒီလို အဆင့်သုံးဆင့်နဲ့ ဆောင်ရွက်နေပါတယ်။ အခုကတော့ အဆင့်(၁)ကပ်ထားတဲ့ အချိန်ရောက်နေပါပြီ။

**မေး။ ။ ပထမအဆင့်၊ ဒုတိယအဆင့် တတိယအဆင့် (၃)ကြိမ်ကောက်ပြီးလို့ ကျန်သွားတဲ့ မဲစာရင်းတွေအတွက် ပြန်စိစစ်ဆောင်ရွက်သွားဖို့ရှိပါသလား။**

ဖြေ။ ။ ဒါလုံးဝဥဿုံပြည့်စုံမှန်ကန်တဲ့ မဲစာရင်းလို့ပြောလို့မရပါဘူး။ တတ်နိုင်သလောက်ပြုစုတယ်။ ကျန်သွားတာတွေ၊ မှားယွင်းတာတွေရှိရင်လည်း ပြင်ဆင်နိုင်အောင် မဲဆန္ဒရှင်တွေအနေနဲ့ လာကြည့်ကြပါ။ နှစ်ပတ်အချိန်ပေးကပ်ထားတယ်။ လာပြင်ကြပါ။ မှန်ကန်တယ်လို့ ပြောလို့မရသေးဘူး။ ရှိနေဦးမှာပဲ။ အခြေခံအကြမ်းဖျင်းအားဖြင့်တော့ မဲစာရင်းရသွားတာပေါ့။ အဲဒါကိုတော့ ကျွန်တော်တို့က ကိုင်ထားမယ်။ ကိုင်ထားပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ ကြေညာခဲ့သလိုပဲ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းလောက်မှာ ၂၀၁၅ ရွေးကောက်ပွဲကြီး စတင်တော့မှာဖြစ်ပါတယ်။ အဲဒီလိုစတင်တော့မယ်ဆိုရင် ဥပဒေအရ အနည်းဆုံး သုံးလ စတင်ကြေညာရမှာဖြစ်တယ်။ သုံးလကြိုပြီး ကြေညာရမယ်ဆိုတော့ ဩဂုတ်လလည်းဖြစ်နိုင်တယ်။ ဒီထက်လည်း စောနိုင်တယ်။ ရွေးကောက်ပွဲအတွက် မဲစာရင်းလုပ်မယ်လို့ ကြေညာလိုက်တဲ့အချိန်ကစပြီးတော့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကစပြီ။ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုကော်မရှင်၊ မြို့နယ်ကော်မရှင်တွေက ပြန်ပြီးပြုစုပြီးတဲ့အခါမှာ အခြေခံထားတဲ့ မဲစာရင်းကို အခြေခံပြီးတော့မှ လိုအပ်နေတာလေးတွေကို အဲဒီအချိန်မှာ ပြန်ပြီးလုပ်မှာပါ။ ပြန်ပြီးလုပ်ပြီးတဲ့နောက် ခုနစ်ရက်အချိန်ပေးပြီးကပ်ထားမယ်။ ကြေညာဦးမှာပါ။ ခုနလိုပဲ လာပြီးပြင်နိုင်ပါတယ်။ လာကြည့်မယ်။ လာပြင်မယ်။ ခုနစ်ရက်ကြေညာတာ ပြီးသွားလို့၊ သူတို့ပြင်ဆင်တဲ့သူတွေရဲ့ လျှောက်လွှာတွေရလို့ ပြင်ဆင်ပြီးပြီဆိုရင်တော့ အဲဒီမဲစာရင်းက တည်ငြိမ်တဲ့မဲစာရင်းဖြစ်သွားပါပြီ။ အတည်ပြုပြီးတဲ့ မဲစာရင်းဖြစ်သွားပါပြီ။ အဲဒီနောက်မှာတော့ ပြင်ဆင်တာ၊ ဖြည့်စွက်တာတွေ မရှိနိုင်တော့ပါဘူး။


ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို။

**မေး။ ။ ရွေးကောက်ပွဲကာလမှာ မဲလိမ်တာ၊ မဲမသမာမှု တွေ့ရှိလို့ ပြည်သူလူထုက တိုင်ကြားမယ်ဆိုရင် ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘယ်လိုအရေးယူဖြေရှင်းဆောင်ရွက်သွားမလဲ။**

ဖြေ။ ။ မဲလိမ်တာနဲ့ပတ်သက်ပြီး ပြည်သူလူထုက တိုင်ကြားမယ်ဆိုရင် ခိုင်မာတဲ့ သက်သေသက္ခာယတော့လိုတာပေါ့။ အဲဒါတွေပြည့်စုံလို့ တိုင်ကြားမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေနဲ့ အဲဒီတိုင်ကြားချက်ကို လက်ခံပါတယ်။ လက်ခံပြီးရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အချိန်နဲ့တစ်ပြေးညီ ချက်ချင်းသတင်းပို့ပါမယ်။ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေကို အားချင်းပဲဆောင်ရွက်ပါ့မယ်။ ဒီလိုမျိုးပြုလုပ်တဲ့ ကိုယ်စားလှယ်လောင်းဖြစ်စေ၊ ကိုယ်စားလှယ်ဘက်က လိုက်ပါဆောင်ရွက်သူကိုပဲဖြစ်စေ တရားနည်းလမ်းနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ။ ရွေးကောက်ပွဲရဲ့ ရလဒ်ကလည်း ပြောင်းလဲသွားနိုင်ပါတယ်။ မှန်ကန်တယ်ဆိုရင် မှန်မှန်ကန်ကန် လုပ်ပေးသွားမှာပါ။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေနဲ့ ရွေးကောက်ပွဲကာလမှာ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲနဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေက မဲစာရင်းတွေပြုစုမယ်။ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွေက ကိုယ်စားလှယ်လောင်းတွေကို လျှောက်လွှာတင်နိုင်တယ်လို့ ကြေညာမယ်။ လျှောက်လွှာတင်လာရင် စိစစ်မယ်။ အတည်ပြုမယ်။ ဒါက ခရိုင်ကော်မရှင်တွေက လုပ်မယ်။ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲတွေနဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေက မဲစာရင်းတွေကပ်မယ်။ မဲစာရင်းတွေ ပြုစုပြီးပြီဆိုရင် ခုနစ်ရက်ကြေညာပေးမယ်။ အဲဒီလိုကြေညာပြီးရင် မဲဆန္ဒရှင်တွေက လာကြည့်ကြမယ်။ ကြည့်ပြီး ပြင်စရာရှိတာ ပြင်ကြမယ်၊ ဖြည့်စရာရှိတာ ဖြည့်ကြမယ်ဆိုရင် အဲဒါကို ပြန်ပြီးကျွန်တော်တို့က ပြင်ဆင်ပေးမယ်။ ပြင်ပေးပြီးရင်တော့ မဲစာရင်းက ဒါအတည်ဖြစ်သွားပြီ။ နောက်ကိုယ်စားလှယ်လောင်းတွေထဲက လက်ခံတဲ့ ကိုယ်စားလှယ်လောင်းကို အတည်ပြုပေးမယ်။ မဲစာရင်းလည်းရပြီ။ ကိုယ်စားလှယ်လောင်းလည်းရပြီဆိုရင် မဲရုံတွေနေရာ သတ်မှတ်လို့ရပြီ။ မဲရုံတစ်ရုံကိုအနည်းဆုံး မဲဆန္ဒရှင် ၃၀၀ သတ်မှတ် ထားတယ်ဆိုတော့ အဲဒီနှုန်းနဲ့ မဲဆန္ဒရှင်စာရင်းနဲ့ တွက်လိုက်မယ်ဆို မဲရုံဘယ်လောက်ရမလဲ။ နေရာတွေဘာတွေရွေးပြီး မဲရုံဆောက်ဖို့လုပ်မယ်။ လိုအပ်တဲ့ ပြင်ဆင်မှုတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြပြီး လုပ်သွားမယ်။ မဲရုံမှူးတွေခန့်မယ်။ နောက်မဲရုံဝန်ထမ်းတွေခန့်မယ်။ ပညာပေးသင်တန်းတွေပေးမယ်။ ကိုယ်စားလှယ်လောင်းတွေ အတည်ပြုပြီးတဲ့အခါမှာ မဲဆွယ်စည်းရုံးတဲ့ကာလ စမှာပေါ့။ မြို့နယ်ကော်မတီအဖွဲ့ကမှ ဒီကိုယ်စားလှယ်လောင်းတွေ ဟောပြောတဲ့အခါမှာ အစစအရာရာ အဆင်ပြေအောင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲကနေပြီးတော့ တာဝန်ယူဆောင်ရွက်ပေးသွားမယ်။ မဲဆန္ဒရှင် ပညာပေးတာတွေလည်း အဲဒီအချိန်မှာ ရှိနေမယ်။ နည်းနည်းစောတဲ့အချိန်မှာကျတော့ ရပ်/ကျေးကော်မရှင်တို့၊ မြို့နယ်ကော်မရှင်တို့ကို သင်တန်းတွေ ပြန်ပေးဦးမယ်။ တကယ့်ရွေးကောက်ပွဲကြီး အချိန်နီးလာတဲ့အခါမှာ မဲလက်မှတ်တွေ သွားထုတ်တာတို့၊ လျှို့ဝှက်ဆန္ဒမဲပေးဖို့ အခန်းလေးတွေ သွားလုပ်ရမယ်။ မဲရုံတွေကို ဖြန့်ဝေပေးရမယ်။ ကြိုတင်မဲကိစ္စကို ဥပဒေနဲ့အညီ လုပ်ပေးမှာပါ။ ဒီတစ်ခါတော့ ဘယ်နှရက် ခွင့်ပြုမလဲမသိဘူးလေ။ ကြားဖြတ်တုန်းကတော့ နှစ်ရက်ကြိုခွင့်ပြုတယ်။ ကြိုတင်မဲပေးမယ်ဆိုတော့ ရွေးကောက်ပွဲရက်မတိုင်ခင်မှာ ကျွန်တော်တို့လုပ်ငန်းပေါ့။ ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံးက ကော်မရှင်အဆင့်ဆင့် ဆောင်ရွက်သွားမှာပါ။ တကယ့်ရွေးကောက်ပွဲနေ့မှာ မနက် ၆ နာရီကနေ ညနေ ၄ နာရီအထိ မဲရုံတိုင်းမှာ မဲဆန္ဒရှင်တွေ မဲပေးနိုင်ဖို့အတွက် တာဝန်တွေ ခွဲပေးပြီးသားပါ။ မဲရုံမှူးတွေ၊ ရပ်/ကျေး ကော်မရှင်တွေ၊ မြို့နယ်မှူးတွေက လိုက်စစ်မှာပါ၊ ကြပ်မတ်မှာပါ။ အဲဒီမှာ မဲပေးတာတွေရှိမယ်။ ညနေပိုင်း မဲရုံတွေမှာ မဲရေတွက်တာတွေရှိမယ်။ မဲရေတွက်တဲ့အခါ သက်ဆိုင်ရာ မဲရုံတွေမှာပဲ လုပ်မှာပါ။ မဲဆန္ဒရှင်တွေလည်း လာကြည့်လို့ရပါတယ်။ နောက်သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်းတွေလည်း ရှိမှာပါ။ အားလုံးရဲ့ရှေ့မှာပဲ မဲရေမှာပါ။ ပြီးတဲ့အခါ ဒီစာရင်းဇယားတွေနဲ့ ဒီချိတ်ပိတ်ထားတဲ့ မဲတွေကို မြို့နယ်ကော်မရှင်ရုံးကိုသွားမယ်။ မဲရုံတွေအားလုံးကစုံရင် မြို့နယ်ကော်မရှင်ရုံးမှာ ရောက်နေမယ့် မဲဆန္ဒနယ်ပြင်ပက ကြိုတင်မဲတွေကို ရေမယ်။ ပြီးရင် မဲရုံကရတဲ့မဲနဲ့ ကြိုတင်မဲနဲ့ပေါင်းပြီး ဒါနိုင်တယ်၊ ရှုံးတယ်ဆိုတာ အဖြေပေါ်မှာပါ။ အဲဒီကျရင် ကြေညာသွားမှာပါ။ ဒါရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးပါ။

**မေး။ ။ ရွေးကောက်ပွဲကာလမှာ မဲပေးခွင့်ရတယ်ဆိုတာ နိုင်ငံသားတစ်ယောက်အနေနဲ့ ဘယ်လောက်အရေးကြီးတယ်၊ အရေးပါတယ်ဆိုတာ သုံးသပ်ပေးပါ။**

ဖြေ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတိုင်း မဲပေးခွင့်ရှိသည်ဆိုပြီး အခွင့်အရေးရှိတယ်။ မပေးမနေရတော့မဟုတ်ဘူး။ သူ့ဆန္ဒနဲ့ မပေးချင်လည်းရပါတယ်။ အဲဒီလို မဲမပေးလိုက်ဘူးဆိုရင် ဘာဖြစ်သွားမလဲဆိုတော့သူနေတဲ့၊ အဲဒီနိုင်ငံသားနေတဲ့ မြို့ရွာ၊ ရပ်ကွက် လမ်း ကောင်းရာကောင်းကျိုးအတွက် အကျိုးဆောင်ပေးမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းမှာ မဲတစ်မဲနစ်နာသွားမှာပါ။ အဲဒီလိုလူတွေများလာရင် ပြည်သူလူထုအတွက် အကျိုးဆောင်ပေးမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းမှာ မဲတွေအများကြီးနစ်နာသွားမှာပါ။ ဒီမဲတွေ လျော့သွားတယ်ဆိုရင် ရွေးကောက်ပွဲဟာ စေတနာထားပြီး လုပ်ပေးပေမယ့် လုပ်ပေးရကျိုးမနပ်ဘူးပေါ့။ ရွေးကောက်တဲ့အခါမှာလည်း မိမိရဲ့နှလုံးသားခံစားချက်နဲ့မဲမပေးဘဲနဲ့ ဦးနှောက်ကိုသုံးပြီးတော့ မဲပေးဖို့လည်းလိုပါတယ်။ တကယ် ပြည်သူ့ကောင်းကျိုးဆောင်ရွက်မယ့်သူ၊ ကိုယ့်ရပ်ကွက်မြို့ရွာ ကောင်းကျိုးဆောင်ရွက်မယ့်သူ၊ တကယ်ပြောမယ့်သူ၊ တကယ်လုပ်မယ့်သူကို ခေါင်းနဲ့စဉ်းစားပြီးမဲပေးဖို့လို့ပါတယ်။ ဒါမှ လွှတ်တော်ထဲမှာ နိုင်ငံတော်ရဲ့ ကောင်းကျိုးကို ဆောင်ရွက်ပေးမယ့် အမတ်လောင်းတွေ လွှတ်တော်ထဲရောက်သွားမှာ၊ နိုင်ငံလည်းတိုးတက်မှာဖြစ်ပါတယ်။ မိမိနိုင်ငံတိုးတက်ရာ တိုးတက်ကြောင်းအတွက် ပြည်သူတွေရဲ့လုပ်ပိုင်ခွင့်ကိုသုံးပြီးတော့၊ ရွေးချယ်ပိုင်ခွင့်ကို သုံးပြီးတော့ အခွင့်အရေးရှိနေတဲ့အချိန်မှာ ဒီအခွင့်အရေးကို မသုံးလိုက်ဘူးဆိုရင် နိုင်ငံသားတစ်ယောက်အနေနဲ့ ဥပဒေကပေးတဲ့ အခွင့်အရေးကို အသုံးချမသွားတာ နှမြောစရာကောင်းတယ်လို့မြင်တယ်။ အရေးကြီးပါတယ်။ မဲတစ်ပြားကလည်း အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်း တစ်ယောက် ရွေးချယ်တဲ့နေရာမှာ အင်မတန်စကားပြောပါတယ်။ ဒါကြောင့်မဲကိုပေးဖြစ်အောင် ပေးစေချင်ပါတယ်။ ။

တွေ့ဆုံမေးမြန်း – မင်းသစ်၊ သီသီမင်း

ဓာတ်ပုံ – သစ်မင်း

# စတာလင်၏ အခြေအနေကို ရီးယဲလ်စောင့်ကြည့်နေဟု ဇီဒန်းပြောကြား



လီဗာပူးနှင့် စတာလင်တို့၏အခြေအနေကို ရီးယဲလ်မက်ဒရစ်ကစောင့်ကြည့်နေသည်ဟု ယခင်ရီးယဲလ်သူရဲကောင်း ဇီဒန်းကဆိုသည်။ စတာလင်အား အသင်းကြီးတော်တော်များများက စိတ်ဝင်တစားစောင့်ကြည့်လာရခြင်းမှာ ကစားသမားကိုယ်တိုင်က လီဗာပူး၏ စာချုပ်သစ်ကမ်းလှမ်းမှုကို နွေရာသီအပြောင်းအရွှေ့ကာလအထိ ရွှေ့ဆိုင်းထားခြင်းကြောင့်ဖြစ်သည်။

အဆိုပါ လီဗာပူးတောင်ပံတိုက်စစ်မှူးကို ပရီမီယာလိဂ်ပြိုင်ဘက်များဖြစ်သော အာဆင်နယ်၊ မန်စီးတီး၊ မန်ယူနှင့်ချယ်လ်ဆီးတို့ကလည်းခေါ်ယူရန် စိတ်ဝင်စားနေကြသည်။ လီဗာပူးနည်းပြဘရန်ဒန်ရော်ဂျာက စတာလင်ကဲ့သို့ ငယ်ရွယ်သည့်ကစားသမားများအတွက် ခြေစွမ်းတိုးတက်ရန် လီဗာပူးကသာ အသင့်လျော်ဆုံးအသင်းဟူ၍ သတိပေးပြောကြားထားသည်။

ယခုအခါဇီဒန်းကရီးယဲလ်အနေဖြင့်စတာလင်အားစိတ်ဝင်စားနေသည်ဟုဆိုခဲ့ခြင်းက လီဗာပူးအတွက် ၎င်းအားဆက်လက်ထိန်းသိမ်းရန် ခက်ခဲသောအခြေအနေကိုမီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။ ယခင်ကပရီမီယာလိဂ်၌အခြေကျနေသောကစားသမားများ (ဥပမာ-အိုဝင်၊ဘက်ခမ်း)သည် လာလီဂါတွင် အောင်မြင်လေ့မရှိခဲ့သော်လည်း နောက်ပိုင်းတွင် စီရိုနယ်ဒို၊ဂါရတ်ဘေးလ်တို့က လာလီဂါကစားဟန်နှင့်အလွယ်တကူ အသားကျခဲ့ရာရီးယဲလ်ကပရီမီယာလိဂ်မှကစားသမားများကိုခေါ်ယူရန်ပိုမိုစိတ်ဝင်စားလာခြင်းဖြစ်သည်။

ဇီဒန်းကလည်း အနာဂတ်ရီးယဲလ်နည်းပြအဖြစ်ရေပန်းစားနေရာ ၎င်းနည်းပြဖြစ်လာခဲ့လျှင် စတာလင်ကိုဦးစားပေးအနေဖြင့်ခေါ်ယူနိုင်သည်ဟုသတင်းများထွက်ပေါ်နေသည်။ဇီဒန်းက"တိုးတက်နေတဲ့ခြေစွမ်းခြေစရှိသူတွေကပဲ ရီးယဲလ်လူစာရင်းမှာပါဝင်ကစားခွင့်ရကြပါတယ်။ ကျွန်တော်တို့အသင်းကခြေစွမ်းတိုးတက်မှုရနေတဲ့လူငယ်ကစားသမားလေးတွေကို အထူးသတိထားပြီး စောင့်ကြည့်နေပါတယ်"ဟုပြောကြားခဲ့သည်။

စတာလင်သည် လက်ရှိတွင် လီဗာပူး၌ တစ်ပတ်လုပ်ခပေါင်သုံးသောင်းသာရရှိနေပြီး ကလပ်၏စာချုပ်သစ်ကမ်းလှမ်းမှုကို ပယ်ချထားသဖြင့် အသက်(၂၀)အရွယ်သာရှိသေးသောယင်းကစားသမားကိုအသင်းကြီးတော်တော်များများကခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သည်။ **(မေလှသင်း)**

# ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ဆုများရရှိ

**ရန်ကုန် ဧပြီ ၇**

၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၃ ရက်အထိ ထိုင်းနိုင်ငံ Siam Country Club(Bangkok)၌ ကျင်းပသည့် "14th True Visions International Junior Golf Championships 2015" လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် သက်တန်းအလိုက် ပြိုင်ပွဲအမျိုးမျိုးတွင် အမျိုးသားအားကစားသမား ကိုးဦး၊ အမျိုးသမီးအားကစားသမား နှစ်ဦး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသားဂေါက်သီးရိုက်အားကစားသမား လှိုင်မင်းထက်က (Boy Class A) တွင်ပထမဆု၊ အမျိုးသားဂေါက်သီးရိုက်အားကစားသမား ဇင်အောင်မင်းက (Boy Class A) တွင် ဒုတိယဆု၊ ရာဇာအောင်က (Boy Class B) တွင် တတိယဆု၊ စိုင်းအောင်စိုင်ဖက (Boy Class C)တွင် တတိယဆုနှင့် မင်းသံလွင်အောင်က (Boy Class D)တွင် ပဥ္စမဆုများ အသီးသီးရရှိခဲ့သည်။ ပြိုင်ပွဲဝင်အားကစားသမား မင်းစစ်သွေးသည် Official Practice Round ပြိုင်ပွဲကျင်းပမည့် ဂေါက်ကွင်း၏ ၁၆၅ ကိုက်ရှိသည့် ကျင်းအမှတ် (၃) တွင် Hole In One ရရှိခဲ့သည့်အတွက် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ခဲ့သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် ဧပြီ ၄ ရက် ညနေပိုင်းတွင် TG လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**



**ထိုင်းနိုင်ငံ 14th True Visions International Junior Golf Championships 2015 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းအား တွေ့ရစဉ်။**

# မန်ဇူကစ်၏ ခြေစွမ်းအပေါ် ဝေဖန်မှုများကို ဆီမြွန်နီတုံ့ပြန်



**အက်သလက်တီကိုနည်းပြ ဆီမြွန်နီက မန်ဇူကစ်သည်လွန်ခဲ့သည့်ဖေဖော်ဝါရီလကတည်းကခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သော်လည်းယင်းဒဏ်ရာအကင်းမသေသေးဘဲ အသင်း၏ပွဲစဉ်များကို ဝင်ရောက်ကစားပေးနေရခြင်း ဖြစ်သည်ဟုဆိုသည်။ မန်ဇူကစ်၏ဒဏ်ရာမှာလွန်ခဲ့သည့် သီတင်း ၁၀ ပတ်ကတည်းကရရှိခဲ့ခြင်းဖြစ်ကာ ဒဏ်ရာအကင်းမသေသဖြင့် နောက်ဆုံးကစားခဲ့သည့်ခုနစ်ပွဲတွင်တစ်ဂိုးသာသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်ဟုမန်ဇူကစ်၏ခြေစွမ်းအပေါ် ဝေဖန်မှုများကို ၎င်းက တုံ့ပြန်ပြောကြားပေးခဲ့သည်။**

ဆီမြွန်နီက"သူ့ဒဏ်ရာက သီတင်း ၁၀ ပတ်လောက်ကြာနေပြီ။ အားလုံးမြင်တဲ့အတိုင်းပဲ သူ့ဒဏ်ရာကြီးနဲ့ လေဗာကူဆင်နဲ့ပွဲကို ၈၈မိနစ်လောက်ဝင် ရောက်ကစားပေးခဲ့တယ်။ ဒါကသူ့ရဲ့ ပရော်ဖက်ရှင်နယ်စိတ်ဓာတ်နဲ့ အသင်းအပေါ် ဘယ်လောက်အလေးထားတယ်ဆိုတာ သက်သေပြနေတဲ့ အချက်တွေပဲလေ။ သူက ကျွန်တော်ဆီလာပြီးသူ့ရဲ့ ခြေချင်းဝတ်တော်တော်နာနေတယ်။ ဒါကြောင့် လာမယ့်ပွဲမှာ သူဝင်ရောက် မကစားပေးနိုင်ဘူးလို့ ဆိုတယ်။ အဲဒီလိုသူလာပြောတာကို ကျွန်တော်က ကျေးဇူးတင်တယ်။ ဘာလို့လဲဆိုတော့ သူက လေ့ကျင့်ရေးကွင်းမှာ သာမန်လိုပဲ လှုပ်ရှားနေတော့သိပ်ပြီး အလေးမမူမိဘူး။ ဒါကြောင့်လာမယ့်ပွဲမှာ သူ့ကိုကျွန်တော်ပွဲထွက်လူစာရင်းက ချန်လှပ်ထားပြီး လုံးဝကြံ့ခိုင်မှုပြည့်ဝတဲ့အထိ စောင့်ကြည့်သွားမှာပါ"ဟု ရှင်းပြခဲ့သည်။

အက်သလက်တီကိုသည် လက်ရှိတွင်အမှတ်ပေးဇယားဒုတိယနေရာရှိ ရီးယဲလ်ထက် နှစ်မှတ်လျော့ဖြင့်လည်းကောင်း၊ အမှတ်ပေးဇယားထိပ်ဆုံးမှ ဘာစီလိုနာထက် ခြောက်မှတ်လျော့နည်း၍လည်းကောင်းအမှတ်ပေးဇယားတတိယနေရာ၌ ရပ်တည်နေသည်။ နောက်ဆုံးကစားခဲ့သည့်ပွဲတွင် ဆိုစီဒက်ကိုအရေးနိမ့်ခဲ့သော်လည်း အနိမ့်ဆုံးတတိယနေရာဖြင့်ပင် ရာသီသိမ်းမည်ဟု ဆီမြွန်နီကဆိုသည်။

**(မေလှသင်း)**

□□

# ခရစ္စတယ်ပဲလေ့စ်ကို ရှုံးနိမ့်ခဲ့သည့် မန်စီးတီးအား ဝီလ်ဆင်ဝေဖန်

ဧပြီ ၆ ရက်က ယှဉ်ပြိုင်ခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် မန်စီးတီးက ခရစ္စတယ်ပဲလေ့စ်အား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ဘောလုံးသုံးသပ်ရေး ကျွမ်းကျင်ပညာရှင် ဝီလ်ဆင်က မန်စီးတီးအနေဖြင့် လွန်ခဲ့သည့် ၁၈ လတာကာလက အမြင့်ဆုံးခြေစွမ်းကို ရရှိခဲ့သော်လည်း လက်ရှိအနေအထားအရ လာမည့်နွေရာသီတွင် အပြောင်းအလဲများစွာပြုလုပ်ရန် လိုအပ်နေသည်ကို ဖော်ညွှန်းနေခြင်းပင် ဖြစ်သည်ဟု ဝေဖန်လိုက်သည်။

မန်စီးတီးမှာ ရင်းနှီးမြှုပ်နှံထားရသည့် လစာမြင့်မားသည့် ကစားသမားများ၏ စွမ်းဆောင်ရည်နှင့်ရရှိသည့် ဆုဖလားအရေအတွက်နှိုင်းယှဉ်လျှင် ထိုက်တန်မှုမရှိဟုလည်း ဆက်လက်ဝေဖန်ခဲ့သည်။ အပြောင်းအရွှေ့မူဝါဒအရ မန်စီးတီး၏ ငွေကြေးသုံးစွဲမှုမှာအံ့သြစရာမရှိသော်လည်း အရှိန်အဟုန်အသစ်တစ်ရပ်ဖြင့် လာမည့်ရာသီတွင် ချီတက်နိုင်ရန် ကြိုတင်ပြင်ဆင်သင့်ပြီဖြစ်ကြောင်းလည်း သတိပေးပြောကြားခဲ့သည်။


ယင်းပွဲစဉ်တွင် မန်စီးတီးမှာ ဘောလုံးပိုင်ဆိုင်မှုအရ အသာရခဲ့သော်လည်း အရည်အသွေးပိုင်းဆိုင်ရာ ဖန်တီးမှုတွင် အသာမရခဲ့ပေ။

ခရစ္စတယ်ပဲလေ့စ်သည် အသင်းကြီးများကို ဒုက္ခပေးနိုင်သည့် ခြေစွမ်းမျိုးရှိကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း လီဗာပူးအား သုံးဂိုး-သုံးဂိုး သရေရလဒ်ဖြင့် ပရီမီယာလိဂ်ချန်ပီယံအိပ်မက်ကို အဆုံးသတ်ပေးခဲ့သည်။ မန်စီးတီးနှင့် ချယ်လ်ဆီးမှာ အသင်းကြီးစာရင်း ဝင်နိုင်ရန် ငွေကြေးပုံအောပြီး ရင်းနှီးခဲ့ရသည့်အဖြစ်မှာ တူညီသော်လည်း လက်ရှိတွင် ချယ်လ်ဆီးက ကစားသမား အဝင်အထွက်စာရင်းမှ အမြတ်အစွန်းများစွာရရှိနေခဲ့ပြီဖြစ်သည်။

မန်စီးတီး၏ ကွင်းလယ်မောင်းနှင်အား ယာယာတိုရေး၊ နာဆရီတို့သာ ပုံမှန်ခြေစွမ်းရရှိနေပြီး အသင်းအတွက် သွင်းဂိုးများကို ကွင်းလယ်ကစားသမားများကသာ တာဝန်ယူနေရသည်။ ထို့ကြောင့် လာမည့်ရာသီအတွက် တိုက်စစ်မှူးစစ်စစ်တစ်ယောက် (သို့မဟုတ်) နှစ်ယောက်ဝယ်ယူရန် လိုအပ်နေကာ ကွင်းလယ်ကစားကွက် ထိန်းကျောင်းနိုင်မည့် ဗဟိုကွင်းလယ်ကစားသမားတစ်ဦး၊ တောင်ပံကွင်းလယ်တိုက်စစ်ကစားသမားတစ်ဦးကို ဝယ်ယူရတော့မည်ဟု ၎င်းက ထောက်ပြဝေဖန်ခဲ့ သည်။

မန်စီးတီးသည် လက်ရှိတွင် ဦးဆောင်သူ ချယ်လ်ဆီးထက် ကိုးမှတ် လျော့အနေအထားဖြင့် အမှတ်ပေးဇယား စတုတ္ထနေရာတွင်ရပ်တည်နေသည်။ အာဆင်နယ်နှင့် ချယ်လ်ဆီးမှာ ယခုနှစ်ဘောလုံးရာသီတွင် ဖန်တီးမှုကောင်းသော ကွင်းလယ်နှင့် သေသပ်သော တိုက်စစ်များကြောင့် ရလဒ်ကောင်းများရရှိနေရာ နောင်နှစ်ဘောလုံးရာသီတွင်လည်း ရှိရင်းစွဲကစားသမားအင်အားဖြင့်ပင် ပြိုင်ပွဲဝင်နိုင်သော အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။ **(မေလှသင်း)**

# လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဗန်ပါစီအား မန်ယူရောင်းချမည်



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် တိုက်စစ်မှူးဗန်ပါစီအား လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဈေးကောင်းရရှိပါကရောင်းချသွားမည်ဖြစ်ကြောင်း မန်ယူအသင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ အက်ဒ်ဝုဒ်ဝက်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဗန်ပါစီသည် ၂၀၁၂ ခုနှစ်တွင် အာဆင်နယ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်း၏ဂန္ထဝင်နည်းပြဟောင်း ဆာအဲလက်စ်ဖာဂူဆန် နည်းပြအဖြစ်မှ အနားမယူမီကာလအတွင်း အဓိကကစားသမားအဖြစ် ခေါ်ယူစာချုပ်ခဲ့ခြင်းဖြစ်သည်။

ဗန်ပါစီသည် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သည့် ပထမဘောလုံးရာသီတွင် ခြေစွမ်းကောင်းများ ပြသနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၃၀ အထိ သွင်းယူပေးကာ မန်ယူအသင်းအား ပရီမီယာလိဂ်ဖလားရရှိအောင်ပင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သို့ရာတွင် တိုက်စစ်မှူး ဗန်ပါစီသည် နည်းပြဖာဂူဆန်အနားယူခဲ့ပြီး နောက်ပိုင်း ပင်ကိုခြေစွမ်းကျဆင်းလာခဲ့ပြီး ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန်ပင် ရုန်းကန်ခဲ့ရသည်။ နည်းပြဒေးဗစ်မိုယက်လက်ထက်တွင် ပွဲထွက်ကစားခွင့် ပုံမှန်မရခဲ့သော်လည်း သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ နည်းပြဗန်ဟားလက်ထက် ယခုနှစ်ရာသီတွင်မူ ရာသီတစ်လျှောက်လုံးနီးပါး ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းကြောင့် ဗန်ဟားလ်အနေဖြင့် တိုက်စစ်မှူး ဗန်ပါစီအား ရောင်းချရန် ပြင်ဆင်လျက်ရှိပြီး ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး ကာဗာနီကို ခေါ်ယူကာ အစားထိုးသွားမည်ဖြစ်ကြောင်း ဗန်ဟားလ်က ဆိုသည်။

ထို့ပြင် နည်းပြဗန်ဟားလ်သည် တိုက်စစ်မှူး ကာဗာနီအပါအဝင် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အင်အားတောင့်တင်းသည့် အသင်းတစ်သင်းဖြစ်လာရေးအတွက် ပေါင် သန်း ၁၅၀ အထိ အကုန်အကျခံသုံးစွဲသွားမည် ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(ငွေကြယ်)**

# အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်ရာတွင် ခရီးသည်များကို ကယ်ဆယ်ခဲ့ကြသူများအား ဂုဏ်ပြုပွဲနှင့် သေဆုံးသူမိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ထပ်မံပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မေ ၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၄ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သည့် အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်ရာတွင် ခရီးသည်များ၏ အသက်ကို စေတနာရှေ့ထား၍ ကယ်ဆယ်ခဲ့ကြသည့် ရေလုပ်သား ၁၄ ဦးအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ရေယာဉ်နစ်မြုပ်သည့်နေ့တွင် ကနဦးကယ်ဆယ်ခဲ့သူ ရေလုပ်သား ငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ရေယာဉ်အထက်တန်း အခမဲ့ရာသက်ပန်စီးနင်းခွင့်လက်မှတ်များကိုလည်းကောင်း၊ ကျန်ရေလုပ်သား ကိုးဦးကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက ပေးအပ်ခဲ့သည်။**(ယာပုံ)**

ထို့နောက် အောင်တံခွန်(၃) ရေယာဉ်နစ်မြုပ်ရာတွင် ခရီးသည်များကို စေတနာရှေ့ထားကူညီကယ်ဆယ်ခဲ့ကြသည့် ရေလုပ်သားများကိုယ်စား မြောက်ကျိန်ကျေးရွာမှ ရေလုပ်သား ဦးအောင်မြင့်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာ လုံခြုံရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ လူမှုရေးဝန်ကြီးတို့နှင့် တွေ့ဆုံပြီး အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်ရာတွင် သေဆုံးသူ ၆၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ်သိန်း ၃၃၀ အား ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) ဒုတိယဝန်ကြီး ဦးဟံစိန်က ထပ်မံပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ကလည်း ရေယာဉ်နစ်မြုပ်မှုဖြစ်ပြီး မတ် ၁၄ ရက်တွင် ကျောက်ဖြူမြို့သို့သွားရောက်၍ သေဆုံးသူ



တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် အသက်ရှင်သူတစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂၉ ဒသမ ၅ သိန်းအား ပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့နောက် ရခိုင်ဌာနခွဲ စစ်တွေရှိ ရေယာဉ်များ ပြေးဆွဲနေမှုအခြေအနေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စစ်တွေသင်္ဘောကျင်းတွင် ရေယာဉ်များ ကျင်းတင်မွမ်းမံပြင်ဆင်နေမှုအခြေအနေ၊ စစ်တွေ-တောင်ကုတ်ခရီးလမ်းတွင် အင်အားဖြည့်ပြေးဆွဲမည့် အောင်တံခွန်(၇)ရေယာဉ်တို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အောင်တံခွန်(၇)ရေယာဉ်ကို စစ်တွေ-ကျောက်ဖြူ-တောင်ကုတ်ခရီးစဉ်တွင် မေ ၁၀ ရက်မှ စတင်၍ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများကို ပြည်သူလူထုအကျိုးအတွက် စနစ်တကျ စီမံအုပ်ချုပ်လျက်ရှိနေသကဲ့သို့ ဝိသမလောဘသားများ၏ တရားမဝင်သစ် ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများအား အခြားသော ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ် အရေးယူလျက်ရှိသည်။

ထိုသို့ ဖမ်းဆီးဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ပန်းခြံကွေ့အနီးနေရာမှ တရားမဝင် ပျဉ်းကတိုးသစ် ၁၂ လုံး(၁ ဒသမ ၇၇၄၀ တန်)၊ ယာဉ်အမှတ် ZH--- ယာဉ်တစ်စီးနှင့် လူတစ်ဦး၊ ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာ ဘုန်းကြီးကျောင်းဝင်းအနီးမှ တရားမဝင် သရက်၊ သဖန်း၊ ပျဉ်းမနှင့် သတီသစ် ၄၆ လုံး/ချောင်း (၂ ဒသမ ၇၈၂ တန်)နှင့် သစ်ဆက်စပ်ပစ္စည်းများ၊ ရေတာရှည်မြို့နယ် ကိုးပင်-သာဂရလမ်း မိုင်တိုင် ၇ ဖာလုံနေရာမှ တရားမဝင် ကျွန်းခားရွေ ၁၀ ချောင်း (သုည ဒသမ ၄၁၇၈ တန်)နှင့် ဆိုင်ကယ်တစ်စီး၊ လက်ပံတန်းမြို့နယ် ကဒင်ဘီးလင်းကြိုးဝိုင်းအတွင်းမှ ပိုင်ရှင်မဲ့ ကျွန်းသစ် ၁၀၃ လုံး (၂၀ ဒသမ ၀၀၆၀ တန်)၊ သစ်မာ ငါးလုံး(၁ ဒသမ ၉၈၆၀ တန်)၊ အခြားသစ် ခြောက်လုံး (သုည ဒသမ ၇၉၄၀ တန်)နှင့် တရုတ်ချိန်းဆော တစ်လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မေ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်း အကွက်အမှတ်(၁၈)အတွင်းမှ ကျွန်းသစ်လုံး/ခွဲသား ၂၃ လုံး/ချောင်း (၂ ဒသမ ၃၇၂၈ တန်)အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အလယ်နဝင်းကြိုးဝိုင်း အကွက်အမှတ်(၂၁)အတွင်းမှ ပိုင်ရှင်မဲ့ကျွန်းသစ် ကိုးလုံး(၁ ဒသမ ၆၇၂၀ တန်)၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရွှေဘို-ကျောက်မြောင်းလမ်း အမှတ်(၃) ခရိုင်ချင်းဆက်လမ်းဆုံအနီးနေရာမှ တရားမဝင် တမလန်းခားရွေ ၅၃ ချောင်း(၁ ဒသမ ၂၄၀၀ တန်)၊ မီးသွေးအိတ် ၁၂၀ တင်ဆောင်လာသော ယာဉ်အမှတ် ၉က/--- ဟီးနိုးမှန်လုံယာဉ် တစ်စီးအား လူနှစ်ဦးနှင့်အတူ သိမ်းဆည်းရမိကြောင်း သိရသည်။ **(ကြေးမုံ)**

# နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၇**

ယခုအချိန်ကာလသည် နွေရာသီကျောင်းပိတ်ရက်ဖြစ်ပြီး ခရီးသွားရာသီဖြစ်သဖြင့် မိသားစုလိုက်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ခရီးသွားခြင်း၊ ဘုရားဖူးထွက်ခြင်းတို့ကြောင့် ခရီးသွားယာဉ်များ များပြားလာပြီး ယာဉ်မတော်တဆမှုများလည်း သာမန်အချိန်များထက် ပိုမိုဖြစ်ပွားသည်ကို တွေ့ရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်၌ ခရီးသွားရာသီဖြစ်သော ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ သုံးလအတွင်း ၂၀၁၃ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၆၈ မှု၊ ၂၀၁၄ ခုနှစ်တွင် ၁၄၄ မှုဖြစ်ပွားခဲ့သဖြင့် သာမန်ကာလများထက် ၃၃ ရာခိုင်နှုန်း ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်။ ထို့အတူ လိုက်ထရပ်ယာဉ်နှင့် ခရီးသည်တင်မှန်လုံယာဉ်မတော်တဆမှုများလည်း ယခင်နှစ်ထက် ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှုလျှော့နည်းကျဆင်းစေရေးအတွက် လမ်းအသုံးပြုသူ ယာဉ်မောင်းများအနေဖြင့် အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ အရှိန်မြှင့်မောင်းနှင်ခြင်း၊ အိပ်ငိုက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ခြင်းများမရှိဘဲ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်းသာ စနစ်တကျအန္တရာယ်ကင်းစွာ မောင်းနှင်ခြင်းဖြင့် ကူညီဆောင်ရွက်ရန်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား အသုံးပြုသွားလာလျက်ရှိသော ခရီးသွားပြည်သူများအနေဖြင့် အရေးပေါ်အကူအညီများရယူရန် လိုအပ်ပါက အမြန်လမ်းမကြီးရဲတပ်ဖွဲ့ Hot Lines ဖုန်းနံပါတ်များဖြစ်သော ၀၉-၄၂၀၈၈၈၈၀၁ မှ ၀၉-၄၂၀၈၈၈၈၇၀ အထိနှင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၆၇-၈၁၀၀၀၈၇ တို့သို့ ဆက်သွယ်၍ လိုအပ်သည့်အကူအညီများအား ၂၄ နာရီပတ်လုံး တောင်းခံနိုင်ကြောင်း သိရသည်။

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာမည့် ယာဉ်မောင်းများအနေဖြင့် အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်း၊ အပြိုင်မောင်းနှင်ခြင်း၊ အရှိန်မြှင့် မောင်းနှင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားမှုမရှိစေရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့များဖြင့် အမြန်လမ်းတိုးဂိတ်မှနေ၍ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ရွေ့လျားအရှိန်နှုန်းတိုင်း ကိရိယာများဖြင့်လည်း မြန်နှုန်းမြင့်မောင်းနှင်သည့် ယာဉ်များအား စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

**မောင်တောမြို့နယ်**

နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၂)၊ နယ်မြေ(၆)မှ တပ်ဖွဲ့ဝင်များသည် မေ ၄ ရက်က မောင်တောမြို့နယ် အောင်ဗလချောင်းဝနှင့် ပြင်ဖြူချောင်းဝကြားတွင် ဘင်္ဂါလီအမျိုးသားတစ်ဦးအား ကြွပ်ကြွပ်အိတ် တစ်လုံး ကိုင်ဆွဲလာသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးရာ ကြွပ်ကြွပ်အိတ်ကိုပစ်ချ၍ ရွှေဇားကျေးရွာအတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ အဆိုပါအိတ်အား ဖွင့်ဖောက်စစ်ဆေးရာ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၅၈ အိတ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ သိမ်းဆည်းရမိသဖြင့် ကျီးကန်ပြင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိုပုံးမြို့နယ်**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက်က ဟိုပုံးမြို့မ ဆည်ကန်ပေါင်ပေါ်တွင် အောင်ကျော်ဖုန်း (ခ) မောင်လောင်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်နှင့် ခွန်ခွီး မောင်းနှင်ပြီး ခွန်လှအောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ အောင်ကျော်ဖုန်း လွယ်ထားသည့် လွယ်အိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ သိမ်းဆည်းရမိသဖြင့် အောင်ကျော်ဖုန်း(ခ)မောင်လောင်း(၂၃)နှစ်၊ ခွန်ခွီး(၂၆)နှစ် နှင့် ခွန်လှအောင် (၂၁)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**အောင်ကျော်ဖုန်း(ခ)မောင်လောင်း၊ ခွန်ခွီးနှင့် ခွန်လှအောင်တို့ သုံးဦးအား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**ကွတ်ခိုင်မြို့**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မေ ၄ ရက်က ကွတ်ခိုင်မြို့ ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းနှင့် ကွတ်ခိုင်-လားရှိုးသွား ကားလမ်းဆုံတွင် ကောင်းခါးမြို့သစ်ဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ အိုက်ဉာဏ် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ဆာလာအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ခုနစ်ခွက် (သုည ဒသမ ၀၇၇ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ တို့ကို သိမ်းဆည်းရမိသဖြင့် အိုက်ဉာဏ် (၁၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နမ့်ခမ်းမြို့နယ်**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက်က နမ့်ခမ်း- ၁၃ မိုင်သွားကားလမ်း ကောင်းဆာရွာအဝင် ညောင်ပင်အနီး ကားလမ်းမပေါ်တွင် ၁၃ မိုင်ဘက်မှ နမ့်ခမ်းဘက်သို့ ဟိန်းမင်းလတ် မောင်းနှင်ပြီး ကျော်သူလိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဟိန်းမင်းလတ်၏ လွယ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ခြောက်ခွက် (သုည ဒသမ ၀၇၂ ကီလို)နှင့် ကျော်သူဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် ဟိန်းမင်းလတ် (၂၀) နှစ်နှင့် ကျော်သူ (၃၂)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက်က နမ့်ခမ်းမြို့ ငွယ်အင်ကျေးရွာအဝင် ဘုန်းကြီးကျောင်းရှေ့ နမ့်ခမ်း-မုံးဝီးသွား ကားလမ်းပေါ်တွင် တာကွန့်ကျေးရွာဘက်မှ နမ့်ခမ်းမြို့ဘက်သို့ ကျန့်ချန့်ချမ်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်း အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄ ပြား သိမ်းဆည်းရမိသဖြင့် ကျန့်ချန့်ချမ်း(၂၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မြေနီကုန်းခုံးကျော်တံတား ယာဉ်လမ်းကြောင်းအရ မှတ်တိုင်နှစ်ခုရွှေ့ပြောင်းရန် အခြေအနေ သုံးသပ်နေ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်မြို့ ပြည်လမ်းမပေါ်တွင်ရှိသော မြေနီကုန်းလမ်းဆုံ၌ ဖြတ်သန်းတည်ဆောက်ထားသည့် မြေနီကုန်းခုံးကျော်တံတား ယာဉ်လမ်းကြောင်းများအရ မှတ်တိုင်နှစ်ခုကို ပြောင်းရွှေ့ရန် အခြေ အနေ သုံးသပ်စဉ်းစားနေကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

အဆိုပါ ယာဉ်လမ်းကြောင်းအခြေအနေအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ယာဉ်လိုင်းဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အခြေအနေကို လေ့လာနေခြင်းလည်းဖြစ်သည်။

"မြို့ထဲဘက်က လာတဲ့အခြမ်းမှာ ပြည်သူ့ရင်ပြင်နားက မှတ်တိုင်ဆိုရင် မှတ်တိုင်မှာရပ်တဲ့ယာဉ်တွေနဲ့ တံတားပေါ်ဖြတ်သန်းတဲ့ယာဉ်တွေနဲ့က ယာဉ်အန္တရာယ်တွေဖြစ်လာနိုင်တယ်။ မြေနီကုန်းတံတားအဆင်းက မဟာမြိုင်မှတ်တိုင်ဆိုရင်လည်း ဒီလိုပါပဲ။ တံတားပေါ်ကဆင်းလာတဲ့ ယာဉ်လမ်းကြောင်းနဲ့ ယာဉ်မတော်တဆဖြစ်စဉ်တွေ ကြုံလာမှာစိုးရတဲ့အတွက် ပြောင်းရွှေ့ဖို့စဉ်းစားနေကြတယ်" ဟု ၎င်းကရှင်းပြသည်။

ထိုမြေနီကုန်းခုံးကျော်တံတားကို လွန်ခဲ့သော မတ် ၂၇ ရက် တပ်မတော်နေ့က ဖွင့်လှစ်ခဲ့ကာ ယာဉ်များဖြတ်သန်းမောင်းနှင်ခွင့် ပြုလုပ်ပြီး ယခုနောက်ပိုင်းတွင် ယာဉ်အများစုက ဖြတ်သန်းမောင်းနှင်လာလျက်ရှိသည်။

ပြည်သူ့ရင်ပြင်အနီးတွင်ရှိသော မြေနီကုန်းမှတ်တိုင်သည် ယခင်က ရတနာပုံရုပ်ရှင်ရုံရှေ့ နားတွင် ရှိခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ယာဉ်လမ်းကြောင်းကောင်းမွန်စေရန် တံတားမဆောက်ခင်က ယင်းနေရာသို့ ပြောင်းရွှေ့ခဲ့ကြောင်းသိရသည်။

ထို့အတူ မဟာမြိုင်မှတ်တိုင်သည်လည်း မဟာမြိုင်အထူးကု ဆေးရုံရှေ့အနီးနေရာမှ ရှမ်းကုန်းလမ်းအနီးနေရာသို့ ပြောင်းရွှေ့ထားခြင်းဖြစ်သည်။

ယခုနောက်ပိုင်းတွင် တံတားတည်ဆောက်ပြီးစီးသွားသည့်အခါ ယင်းမှတ်တိုင်နေရာနှစ်ခုသည် တံတားအတက်နေရာနှင့် တံတားအဆင်းနေရာတို့တွင် ဖြစ်နေခဲ့ရာ ရေရှည်တွင် ယာဉ်အန္တရာယ်များ ကြုံ လာနိုင်သည့်အတွက် ပြောင်းရွှေ့ရန်စဉ်းစားကြခြင်းဖြစ်ကြောင်း သိရသည်။**ထက်နိုင်(စမ်းချောင်း)**



## သင်္ကြန်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရေစကြိုမြို့တွင် ပညာပေးဆောင်ရွက်

**ရေစကြို ဧပြီ ၇**

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကာလတွင် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားနိုင်ရန်နှင့် ယာဉ်အန္တရာယ်များ၊ အခြားမလိုလားအပ်သော ပြည်သူများမဖြစ်ပေါ်စေရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ ပညာပေးလုပ်ငန်းကို ဧပြီ ၆ ရက်က ရေစကြိုမြို့၏ အချက်အချာ ကျသော နေရာနှစ်နေရာတွင် ဆောင်ရွက်ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ယခုဆောင်ရွက်နေတဲ့လုပ်ငန်းကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကာလ အတွက် မော်တော်ဆိုင်ကယ်များ အိတ်ဇောဖြုတ်စီးတာ၊ အိတ်ဇောကိုပြုပြင်တပ်ဆင်မောင်းနှင်တာ အပါအဝင် နှစ်ဦးအထက်ပိုမစီးဖို့၊ ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့၊ မေးသိုင်းကြိုးတပ်ဖို့၊ အသက်(၁၈)နှစ်မပြည့်သေးသူများ ဆိုင်ကယ်မစီးဖို့နဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာကြရန် ပညာပေးဆောင်ရွက်နေတာ ပါ"ဟု ဒုတိယရဲမှူး စည်သူအောင်က ရှင်းလင်းပြောပြသည်။

အဆိုပါ ယာဉ်အန္တရာယ်အသိပညာပေးလုပ်ငန်းတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် တရားရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောပူးပေါင်းအဖွဲ့က မြို့အဝင် (ယ. က. က)ဂိတ်နှင့် ရွှေဂူကြီးလမ်းဆုံတို့တွင် လေးနာရီကြာဆောင်ရွက်ကြကြောင်း သိရသည်။

**(ဖေထွဏ်းဇော်-ရေစကြို)**

## ရေစကြိုမြို့၌ ထရန်စဖော်မာအသစ်တပ်ဆင်

**ရေစကြို ဧပြီ ၇**

ရေစကြိုမြို့ အမှတ်(၁)ထင်းတန်းရပ်ကွက်နေ ပြည်သူများလျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ရန်နှင့် တိုးချဲ့အသုံးပြုနိုင်ရန်အတွက် 200 KVA ထရန်စဖော်မာအသစ်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

"အခုတပ်ဆင်ပေးနေတဲ့ ထရန်စဖော်မာက 200 KVA ထရန်စဖော်မာဖြစ်ပါတယ်၊ အခုလို ထရန်စဖော်မာမှာ အသစ်တစ်လုံးကို အမှတ်(၁)ထင်းတန်းရပ်ကွက်မှာ တိုးချဲ့တပ်ဆင်ပေးနိုင်တဲ့အတွက် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝအသုံးပြုနိုင်တော့မှာဖြစ်သလို အရင်က လျှပ်စစ်မီတာမရှိသူများလည်း မီတာအသစ်လျှောက်ထားပြီး တိုးချဲ့အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။

"အမှတ်(၁)ထင်းတန်းရပ်ကွက်မှာ (၁၁)ကေဗွီလိုင်း ၁၁၀၀ ပေ၊ (၁၁/၀. ၄)ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနဲ့ ၄၀၀ဗို့ဓာတ်အားလိုင်း ၁၉၂၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းအားလုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ SAE ဦးထက်အောင်နိုင်က ပြောပြခဲ့သည်။

**(ဖေထွဏ်းဇော်-ရေစကြို)**

## ပုဂံရထားများသင်္ကြန်ရက်အတွင်း ပုံမှန်ပြေးဆွဲသွားမည်

**နွားထိုးကြီး ဧပြီ ၇**

၁၃၇၆ ခုနှစ် အတာသင်္ကြန်ရက်တွင်း မန္တလေး - ပုဂံရထားများ ရပ်နားခြင်းမရှိဘဲ ပုံမှန်ပြေးဆွဲပေးသွားမည်ဟု နွားထိုးကြီးရုံပိုင်က ပြောသည်။

မန္တလေး ပုဂံအမြန်နှင့် မန္တလေး ပုဂံလော်ကယ်ရထားများကို ပုံမှန်ပြေးဆွဲသွားမည်ဖြစ်သော်လည်း ခြံမြို့သာ ABE ရထားမှာမူ ခါသင်္ကြန်ရက်အတွင်း ရပ်နားထားမည်ဖြစ်ကြောင်း၎င်းက ဆက်ပြောသည်။

၁၃၇၆ ခုနှစ် အတာသင်္ကြန်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ လေးရက်ကြာမည်ဖြစ်ကြောင်း သိရသည်။ နှစ်စဉ်လည်း ပုဂံရထားများ မနား၍ ဒေသခံများ သွားလာရေးအဆင်ပြေနေကြောင်း ဒေသခံ ခရီးသွားများက ပြောသည်။

**(ရွှေမြင့်မောင်)**

## ထုတ်လုပ်မှသည် စားသောက်သည်ထိ၊ အဆင့်ဆင့်သန့်ရှင်းရောဂါကင်း၏

အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် "ထုတ်လုပ်၊ ထုပ်ပိုး၊ ဖြန့်ချိ၊ သိုလှောင်၊ သုံးစွဲ" ရာမှ ပါးစပ်အတွင်း ထည့်တော့မည့် အစားအသောက်များလည်း သန့်ရှင်းဖို့ အင်မတန်အရေးကြီးလှပါသည်။ ထို့ကြောင့်

(က) သန့်ရှင်းပါ
- အစားအစာများကိုမကိုင်တွယ်မီ၊ ပြင်ဆင်မချက်ပြုတ်မီ အိမ်သာမှ အဆင်းတွင် လက်များကို စင်ကြယ်စွာ ဆေးကြောပါ။
- အိုးခွက်ပန်းကန်များကို အသုံးမပြုမီ သန့်ရှင်းစွာ ဆေးကြောပါ
- မီးဖိုချောင်ကို သန့်ရှင်းစွာထားပါ။ အစားအသောက်များကို ဖုံးအုပ်ထားပါ။

(ခ) မချက်ပြုတ်ရသေးသည့် သားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြုတ်ပြီး ဟင်းလျာများကို အတူတကွ ရောမထားပါနှင့်
- သားစိမ်း၊ ငါးစိမ်းများကို အခြားစားသောက်မည့် အစားအစာများနှင့်ရောနှောမထားဘဲ သီးခြားစွာ ထားပါ
- ဓား၊ စဉ့်တီတုံးများကို သီးသန့်ထားပါ။

(ဂ) အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ။
- သား၊ငါး၊ ကြက်ဥ၊ ပင်လယ်စာများကို ကျက်သည်အထိ ချက်ပြုတ်ပြီး စားသောက်ပါ။
- မကျက်တကျက်မစားပါနှင့်၊ အေးစက်နေသော အစားအစာများကိုဆူပွက်သည်အထိ ပြန်နွှေးပြီးမှ စားပါ။

(ဃ) အစားအစာများကို လုံလောက်သော အပူချိန်တွင် ထားပါ။
- ချက်ပြုတ်ပြီးသော အစားအစာများကို သာမန်အပူချိန်အောက်တွင် နှစ်နာရီထက်ပိုမထားပါနှင့်။ (ဖြစ်နိုင်လျှင် ရေခဲသေတ္တာထဲတွင် သေချာစွာ သိမ်းထားပါ)
- အစားအစာများကို ပူပူနွေးနွေးစားပါ။

(င) သန့်ရှင်းသော ရေနှင့် အစားအစာများကိုသာ သုံးစွဲပါ။
- သန့်ရှင်းသောရေ(သို့) ပိုးသေအောင် ကျိုချက်ထားသော ရေနွေး၊ ကလိုရင်းခတ်ထားသော ရေကို သုံးစွဲပါ။
- လတ်ဆတ်သည့် သားငါး၊ ဟင်းသီးဟင်းရွက်များကိုသာ ရွေးချယ်ချက်ပြုတ်စားသောက်ပါ။
- အစိမ်းလိုက်စားမည့် သစ်သီး၊ တို့စရာ ဟင်းသီးဟင်းရွက်များကို ရေစင်စင်ဆေးပြီးမှ စားပါ။
- ရက်လွန်အစားအစာများကို လုံးဝမစားပါနှင့်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြောင်းလဲဆောင်ရွက်သည့် မြန်မာ-ထိုင်း နယ်စပ်ဒေသ တာချီလိတ်မြို့ရှိ ချစ်ကြည်ရေးတံတားယာဉ်ဖြတ်သန်းခ ပြည်သူများအခက်ကြုံ

**တာချီလိတ် ဧပြီ ၇**

မြန်မာ-ထိုင်း နယ်စပ်ဒေသ တာချီလိတ်မြို့ရှိ အမှတ် (၁) ချစ်ကြည်ရေးတံတားပေါ်တွင် နေ့စဉ်ယာဉ်မျိုးစုံ ဖြတ်သန်းသွားလာမှုပြုရာတွင် မော်တော်ဆိုင်ကယ်ဖြင့် ဖြတ်သန်းသွားလာနေကြသည့် ပြည်သူများအနေဖြင့် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြောင်းလည်းဆောင်ရွက်သည့်ယာဉ်ဖြတ်သန်းခကြောင့် အခက်အခဲအချို့နှင့် ကြုံတွေ့နေရ ကြောင်း သိရှိရသည်။

"ကျွန်တော်က မယ်ဆိုင်မြို့မှာ အလုပ်သွားရောက်လုပ်ကိုင်နေသူပါ။ လစာက ဘတ်ခြောက်ထောင်လောက်ရရှိပါတယ်။ မယ်ဆိုင်ကိုသွားရောက်အလုပ်လုပ်ကိုင်ရမှာ အရင်ကတော့ သိပ်အခက်အခဲမရှိပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလလောက်ကစပြီး ဆိုင်ကယ်ဖြတ်သန်းခတွေ တိုးမြှင့်လိုက်တဲ့အတွက် အတော်လေးကျပ်တည်းသွားခဲ့ပါတယ်။ တစ်ရက်တာကုန်ကျစရိတ်အနေနဲ့ ယာယီနယ်စပ်ဖြတ်သန်းခွင့်စာအုပ်က ၅၀၀ ကျပ်၊ နယ်စပ်ဖြတ်သန်းခက ၅၀၀ကျပ်၊ မြန်မာဘက်က ဆိုင်ကယ်တစ်စီးဖြတ်သန်းခ တစ်ထောင်ကျပ်၊ ထိုင်းအဝင်မှာက ၁၀ ဘတ်(မြန်မာငွေ ၃၀၀ကျပ်ခန့်)ဆိုင်ကယ်ခက ၁၀ ဘတ် စုစုပေါင်း တစ်ရက်တာကို ဘတ်ရှစ်ဆယ်လောက် ကုန်ကျပါတယ်။ တစ်လကို ပျမ်းမျှ ၂၄၀၀ ဘတ်လောက် ရှိပါတယ်။ ကျွန်တော်ရရှိတာက တစ်လမှ ၆၀၀၀ ကျော်ဆိုတော့ လစာ တစ်ဝက်နည်းပါးဖြစ်နေပြီလေ"ဟု မယ်ဆိုင်မြို့တွင် သွားရောက်အလုပ်လုပ်ကိုင်နေသူတစ်ဦးက ရင်ဖွင့်သည်။

"ကျွန်တော်က မော်တော်ယာဉ်နဲ့ ဖြတ်သန်းသွားလာတာပါ။ မော်တော်ယာဉ်ကောက်ခံလည်း တစ်ထောင်ကျပ်ပါပဲ။ ကျွန်တော်တို့လို လုပ်ငန်းရှင်တစ်ဦးအနေနဲ့ မထောင်းသာပေမယ့်လည်း လက်လုပ်လက်စားသမားတွေအတွက်တော့ အတော်များတဲ့ ပမာဏပါ။ မော်တော်ယာဉ်တောင် တစ်ထောင်ကျပ်ပဲ ကောက်တာ၊ ဆိုင်ကယ်လည်း တစ်ထောင်ကျပ်ပဲဆိုတော့ ပြန်သုံးသပ်စေချင်ပါတယ်။ ဥပမာ ငါးရာကျပ်လောက်ဆိုရင် နည်းနည်းတော်သေးတာပေ့ါဗျာ။ အခုကောက်တဲ့ငွေဟာ နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာဆိုတာ မှန်ပါတယ်။ သို့သော်လည်း ဆိုင်ကယ်တစ်စီးအတွက် ကောက်ခံမှုကတော့ အလွန်များပြားနေပါတယ်။ နိုင်ငံတော်အနေနဲ့ သာမန်လက်လုပ်လက်စား ပြည်သူတွေကို ငဲ့ညှာတဲ့အနေနဲ့ ဒီကောက်ခံမှုအပေါ်ပြန်ပြီး သုံးသပ်စေချင်ပါတယ်"ဟု လက်ဖက်လုပ်ငန်းရှင်တစ်ဦးကလည်း ကရုဏာစကားဆိုသည်။

"အရင်ကတော့ ဆိုင်ကယ်တစ်စီးကို ကျပ်တစ်ရာပဲ ကောက်ခံတာပါ။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် နိုဝင်ဘာလဆန်းကစပြီး စနစ်သစ်အရ တစ်ထောင်ကျပ်ကောက်ခံပါတယ်။ ငွေပမာဏ များပြားသွားတဲ့အတွက် အချို့ကလည်း ဌာနအပေါ် အမြင်လွဲမှားမှုတွေဖြစ်တယ်။ တချို့ကျတော့လည်း ပေးဆောင်ရမယ့် ငွေများပြားနေတော့ မပေးဆောင်ဘဲ ဆိုင်ကယ်ကို မောင်းပြေးတာတွေရှိတယ်။ ကျွန်တော်တို့ကလည်း နိုင်ငံတော်ဘဏ္ဍာငွေဖြစ်နေတဲ့အတွက် မပေးဆောင်တဲ့ ဆိုင်ကယ်တွေကို လိုက်လံတားဆီးရတာတွေ စကားအခြေအတင်ပြောရတာတွေလည်း ရှိနေပါတယ်" ဟု သက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးကလည်း ၎င်း၏ အတွေ့အကြုံကိုပြောပြသည်။

သို့ဖြစ်ပါသောကြောင့် တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားပေါ်တွင်ဆိုင်ကယ်ဖြတ်သန်းခတိုးမြှင့်လိုက်ခြင်းအတွက် ပြည်သူများအနေဖြင့် အခက်အခဲအချို့နှင့်ရင်ဆိုင်ကြုံတွေ့နေရပါသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြည်သူများအပေါ် ငဲ့ညှာသောအားဖြင့် ပြန်လည်သုံးသပ်ပေးနိုင်ရန် ပြောကြားကြကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

ဖတ်စရာ

# မြိတ်မြို့ရှိနှစ်ပေါင်း ၂၀၀ကျော်ရှေးဟောင်း မင်းကျောင်းတိုက်ကြီးအား လေ့လာနိုင်



**မြိတ် မေ ၇**

မန္တလေးနေပြည်တော်တွင် ဘိုးတော်မင်းတရားကြီး ထီးနန်းစိုးစံစဉ် မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၁၁၇၅ခုနှစ်၌ ပဲတောင်စားမင်းကို မြိတ်မြို့၏ ၁၀ ဆက်မြောက်မြို့ဝန်မင်းအဖြစ် ခန့်ထားခဲ့လေသည်။ ပဲတောင်စားမင်းသည် ထိုစဉ်ကမြို့၏အရှေ့ဘက်ဖြစ်သော နေရာတွင် နန်းတော်ကြီးကို တည်ဆောက်ပြီး သုံးနှစ်ခန့် မြို့ဝန်မင်းအဖြစ် မြိတ်မြို့ကိုအုပ်စိုးခဲ့လေသည်။ ထို့နောက် ဘိုးတော်မင်းတရားကြီးက အရေးကိစ္စကြောင့် မန္တလေးနေပြည်တော်သို့ပြန်လည်ခေါ်ယူရာတွင် ပဲတောင်စားမင်းသည် အဆိုပါနန်းတော်ကို ဒီအတိုင်းမထားခဲ့လိုသဖြင့် ဆရာတော် ဘန္တဒ္ဒဦးကောသလ္လဘွဲ့အမည်ရ ဆရာတော်ဘုရားကြီးကို ကျောင်းအဖြစ် ရေစက်ချကာ လှူဒါန်းခဲ့လေသည်။ ထိုအချိန်မှစ၍ အဆိုပါကျောင်းကြီးကို မြို့စားမင်းကလှူဒါန်းခဲ့သဖြင့် မင်းကျောင်းဟုအမည်တွင်လာခဲ့ရာ ယခုအခါ နှစ်ပေါင်း ၂၀၀ကျော်မျှကြာပြီဖြစ်သည်။

အဆိုပါ နှစ်ပေါင်း ၂၀၀ကျော်မျှသက်တမ်းရှိသော ရှေးဟောင်းသမိုင်းဝင်မင်းကျောင်းတိုက်ကြီး၏ အချို့နေရာများတွင် ရှေးယခင်ကဆောက်လုပ်ထားသော ဗိသုကာလက်ရာများကို ထူးဆန်းအံ့ဩဖွယ် ရှေးပုံစံမပျက်တည်ရှိနေသေး၍ လေ့လာနိုင်သေးသည်။

လူတစ်ကိုယ်ပိုက်မျှအရွယ်ရှိပြီး ပေခြောက်ဆယ်ခန့်မျှရှိသည့် ကျောင်းတိုင်သစ်လုံးကြီးများတွင် တိုင်အလယ်ကိုထွင်းဖောက်ပြီး ရစ်မတန်းကြီးများကို တိုးလျှိုပေါက်ထိုးလျှိုတည်ဆောက်ထားသည်များကို ထူးဆန်းအံ့ဩဖွယ်တွေ့နိုင်သလို ရှေးယခင်က မြန်မာ့ဗိသုကာ လက်ရာများ၏ အဆင့်အတန်းမြင့်မားပုံကို ဤကျောင်းတော်ကြီးတွင် မြင်တွေ့နိုင်သည်။

ထို့အပြင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ကျော်က အသုံးအဆောင်ပစ္စည်းများ၊ ယွန်းပစ္စည်းများ၊ ကြေးသွန်းဘုရားကြီးများ၊ ကြေးခွက်များ၊ ကြေးလင်ပန်းများ၊ ရွှေဖြင့်ခြယ်သထားသော နံ့ရုံဆေးရေးပန်းချီများ၊ ရွှေဖြင့်ခြယ်သထားသော ရှေးခေတ်ဗီရိုကြီးများစသည့် အဖိုးမဖြတ်နိုင်သော သမိုင်းဝင်ရှေးဟောင်းပစ္စည်းများစွာကို မြင်တွေ့လေ့လာနိုင်ပြီး ပဲတောင်စားမြို့စားမင်းက လှူဒါန်းခဲ့သည် အဆိုပါကျောင်း၏ ပထမဆုံးကျောင်းထိုင် ဆရာတော်ဘုရားကြီး၏ ပုံတူပန်းချီကိုလည်း ဖူးတွေ့ခဲ့ရသည်။

"ဦးပဥ္စင်းတို့လည်း တတ်နိုင်သမျှ လက်ရာမပျက် ထိန်းသိမ်းထားပါတယ်။ ကျောင်းရဲ့ တချို့အစိတ်အပိုင်းတွေကတော့ ယိုယွင်းလာလို့ပြန်ပြင်လိုက်ရတာတွေရှိတယ်။ ရှေးဟောင်းပစ္စည်းတွေကိုလည်း တတ်နိုင်သမျှ မပျောက်ပျက်အောင် ထိန်းသိမ်းထားပါတယ်။ သိတဲ့ခရီးသွားပြည်သူတွေကတော့ လာရောက်လေ့လာကြတယ်" ဟု လက်ရှိကျောင်းထိုင်ဆရာတော် ဘန္တဒ္ဒစန္ဒိမာက မိန့်ကြားခဲ့သည်။

အဆိုပါ နှစ်ပေါင်း ၂၀၀ကျော်သက်တမ်းရှိ သမိုင်းဝင်မင်းကျောင်းတိုက်ကြီးတွင် ယခုအခါ ပရိယတ္တိစာသင်တိုက်ဖွင့်လှစ်ထားရှိပြီး စာသင်သား ရဟန်း၊ သာမဏေအပါး ၃၀ ခန့်အား စာပေပရိယတ္တိများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ကျောင်း၏သမိုင်းကိုသိသော ခရီးသွားပြည်သူများသည် ကျောင်းတော်သို့လာရောက်ကြည့်ရှုလေ့လာလေ့ရှိသည်။ ထို့ကြောင့် မြိတ်မြို့သို့ လာရောက်လည်ပတ်သော ခရီးသွားပြည်သူများအနေဖြင့် အဆိုပါသမိုင်းဝင် မင်းကျောင်းတိုက်ကြီးသို့ လာရောက်လေ့လာကြည့်ရှုနိုင်စေရန် ရေးသားတင်ပြလိုက်ပါသည်။ **ဇော်မျိုးနိုင် (မြိတ်ခရိုင်ပြန်/ဆက်)**

## မန်းသင်္ကြန်အားမြင်းခြံခရိုင် ကိုယ်စားပြုယှဉ်ပြိုင်မည်

**နွားထိုးကြီး မေ ၇**

၁၃၇၆ခုနှစ် မန္တလေးအတာသင်္ကြန်ပွဲကို နွားထိုးကြီးမြို့နယ်က မြင်းခြံခရိုင် ကိုယ်စားပြု၍ အတာသင်္ကြန်အလှပြယာဉ်နှင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်က ပြောသည်။

မြင်းခြံခရိုင် လေးမြို့နယ်ကိုယ်စားပြု၍ မန္တလေးအတာသင်္ကြန်ပွဲတွင် နှစ်စဉ် အလှည့်ကျ အလှပြယာဉ်နှင့်အပါအဝင် ကပြယှဉ်ပြိုင်ခဲ့ရာ ယခုနှစ်တွင် နွားထိုးကြီး မြို့နယ်က တာဝန်ယူ ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ မြင်းခြံခရိုင်ကိုယ်စားပြု အလှပြယာဉ်ကို ငွေကျပ်သိန်း ၆၀အကုန်ခံ၍ မန္တလေးအတာသင်္ကြန်တွင် နှစ်စဉ်ယှဉ်ပြိုင်ကပြလျက်ရှိကြောင်း သိရသည်။

**ဒွေးမြင့်မောင်**

## မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ ကျင်းပ

**တောင်သာ မေ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးပါတီမှကြီးမှူးကျင်းပသော တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ အခမ်းအနားကို တောင်သာမြို့နယ် ပြည်ခိုင်ဖြိုး ခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ၊ မန္တလေးတိုင်းဒေသကြီး ပါတီကော်မတီဝင် ဦးအောင်ဝင်းကြည် မြင်းခြံခရိုင်ပါတီကော်မတီဝင်ဦးသိန်းညွန့်၊ တောင်သာမြို့နယ်ပါတီအတွင်းရေးမှူးဦးသန်းဌေးအောင်နှင့် မြို့နယ်ပါတီကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအသီးမှတောင်သူလယ်သမားရေးရာကိုယ်စားလှယ်များ ၂၅၀ တက်ရောက်ခဲ့သည်။ တိုင်းဒေသကြီး ပါတီကော်မတီဝင် ဦးအောင်ဝင်းကြည်က လမ်းညွှန်အမှာစကားပြောကြားပြီး ခရိုင်ပါတီကော်မတီဝင်ဦးသိန်းညွန့်ကတောင်သူလယ်သမားရေးရာလူထုတွေ့ဆုံပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

တက်ရောက်လာသောကိုယ်စားလှယ်များက အစုအဖွဲ့သုံးဖွဲ့ဖြင့် ဆွေးနွေးကြပြီး ကန်တော်(ရွာမ)ကျေးရွာမှ ဦးမောင်ပါ၊ အုန်းကျင်းကျေးရွာမှ ဦးနေဝင်း၊ချင်းယားတောင်ကျေးရွာမှဦးအေးကိုတို့က တွေ့ရှိချက်စာတမ်းများကိုတင်သွင်းကြသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ပါ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-
(က) လယ်ဝေးမြို့နယ်(25M)သေနတ်ပစ်ကွင်းတည်ဆောက်ခြင်း၊ အားကစားကွင်းပြုပြင်ခြင်း
(ခ) တပ်ကုန်းမြို့နယ် မီတာ(၁၀၀)Synthetic လမ်းခင်းခြင်း
(ဂ) တပ်ကုန်းမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း
(ဃ) ပေါင်းလောင်းအားကစားရုံ 11/0.4KV, 200 KVA Transformer(၁)လုံး တပ်ဆင်ခြင်းနှင့် မီးသွယ်တန်းခြင်းလုပ်ငန်း
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၄-၂၀၁၅ရက်မှ ၂၄-၄-၂၀၁၅ရက်ထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံ ဌာနခွဲတွင် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လာရောက် ဆက်သွယ်စုံစမ်းထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၅-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံ ဌာနခွဲသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကိုထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၆၇-၄၁၃၈၃၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ နေပြည်တော် အားကစားတက္ကသိုလ်တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
(က) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
(ခ) အတွင်းရေနုတ်မြောင်းဆောင်ရွက်ခြင်း
(ဂ) ကွန်ကရစ်လမ်းခင်းခြင်း
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၄-၂၀၁၅ရက်မှ ၂၄-၄-၂၀၁၅ရက်ထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံ ဌာနခွဲတွင် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လာရောက်ဆက်သွယ်စုံစမ်းထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၅-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံ ဌာနခွဲသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၆၇-၄၁၃၈၃၄

**အထူးဂုဏ်ယူဝမ်းမြောက်ခြင်း**

နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်အဆင့်ရှိ "Novotel Yangon Max Hotel" အား (၃-၄-၂၀၁၅) ရက်နေ့၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် Max Myanmar Holding Co.,Ltd. နှင့် ထပ်တူ အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ အောင်မြင်ပါစေကြောင်း နှစ်သစ်မင်္ဂလာအကြို ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Asia world Group Co.,Ltd.

# လူလေးသို့ ပေးစာများ –၉

**မြသန်းတင့်**



*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

**လန်ဒန်၊ ဧပြီလ ၃ ရက်၊ ၁၇၄၇ ခုနှစ်။**

**လူလေး**

ဖေဖေကြားရတဲ့ အတိုင်းသာ မှန်ရင် ဖေဖေဟာ ခု လူကြီးလူကောင်းတစ်ယောက်ဆီကို စာရေးနေတာပေါ့။ ရွှေခြည်ကွပ်ထားတဲ့ ကြက်သွေးရောင် ကုတ်အင်္ကျီ၊ အရိုက်တိ အတွင်းခံ ခါးပြတ်အင်္ကျီနဲ့ လူကြီးလူကောင်းတွေဝတ်ဆင်လေ့ရှိတဲ့ တစ်ခြားအဆောင်ယောင်၊ အဆင်တန်ဆာတွေနဲ့ပေါ့။ စာရေးဆရာတိုင်းဟာ ကိုယ်ရေးတဲ့စာအတွက် ကောင်းကြောင်း၊ ချီးမွမ်းသံကို ကြားရရင် ကျေနပ်ကြတာ ဓမ္မတာပဲ။

ခုလည်း ဖေဖေရဲ့ နောက်ဆုံးစာအုပ်ဟာ ချုပ်လုပ်တဲ့နေရာမှာ တော်တော်ကို ကောင်းတယ်လို့ မင့်ဆရာမစ္စတာ ဟာတီက ပြောတယ်ဆိုတာ ကြားရတော့ ဖေဖေတော်တော်လေး ဝမ်းသာရတယ်။ ဖေဖေ့စာအုပ်ကို သူက အနီရောင်သားရေဖုံး ထပ်ချုပ်ပြီး ရွှေကွပ်ထားတယ်ဆိုတော့ နောင်မှာ အနှောင့်ကို ရွှေစာလုံးနဲ့များ ထပ်ထိုးဦးမလားမပြောတတ်ဘူး။ အဲဒီလို လှလှပပ ချုပ်လုပ်ထားတယ်ဆိုတာ မျက်စိပသာဒကို ဆွဲဆောင်နိုင်တာအမှန်ပဲပေါ့။

စာအုပ်ကို မြင်သူတိုင်းကပဲ သတိပြုမိကြမှာပါပဲ။ ဒါပေမယ့် တစ်ခုတော့ရှိရဲ့။ မိန်းမများနဲ့ မိန်းမနဲ့တူသောယောကျ်ားများသာလျှင် စာအုပ်တစ်အုပ်ကို ကြည့်တဲ့နေရာမှာ အတွင်းသားထက် အဆုံးကိုဂရုစိုက်လေ့ရှိကြတယ်။ စဉ်းစားဉာဏ်ရှိပြီး အသိပညာရှိတဲ့ လူများကတော့ အဖုံးထက် အတွင်းကိုသာချက်ချင်းကောက်လှန်လေ့ရှိကြတယ်။ အကယ်၍ အတွင်းမှာ ပါတဲ့စာဟာ အဆုံးလှပကောင်းမွန်မှု လိုက်ဖက်ခြင်း မရှိတော့ဘူးဆိုရင် အကြီးဆုံးသော ဒေါသအမျက်၊ အကြီးဆုံးသော အထင်သေးမှုနဲ့ အဲဒီစာအုပ်ကိုပစ်ချလိုက်ကြတာပဲ။ ခုဖေဖေရဲ့ နောက်ဆုံးစာအုပ်ကို ကောက်လှန်ပြီး ဖတ်ကြည့်မိကြရင် အကောင်းဆုံးသောအကဲဖြတ်များဟာ အဖုံးနဲ့ အတွင်းစာသားတို့ရဲ့ လိုက်ဖက်မှု၊ ဆီလျော်မှု၊ ရှေ့နောက်ညီညွတ်မှု၊ သိပ်သည်းမှုတို့ကို တွေ့ရလိမ့်မယ်လို့ ဖေဖေ မျှော်လင့်တာပဲ။ မစ္စတာဟာတီက ဖေဖေ့စာအုပ်ကို ဘယ်လောက်ပဲ ချီးကျူးချီးကျူးမင်းကပါ ဝင်ရောက်ချီးကျူးခြင်းမပြုဘူးဆိုရင် ဘယ်မှာ ပြည့်စုံပါ့မလဲ။မြေထဲပင်လယ် တစ်ဝိုက်မှာ ဖေဖေတို့ဖက်က အနိုင်ရနေတယ်လို့ဆိုတဲ့ သတင်းကို ရေးလိုက်တဲ့အတွက်မင့်ကို ကျေးဇူးတင်တယ်။ မင်းပြောသလို နိုင်ငံတော်ဝန်ကြီးတစ်ဦးဟာ သတင်းတွေကို ပြည့်ပြည့်စုံစုံသိသင့်ပေတာပေါ့။ ဒါကြောင့်မို့ မင်းရတဲ့ သတင်းများကို ဖေဖေ့ဆီကို ရေးပို့လိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။

မင်းက သတင်းစုံကြားရတဲ့ အီတလီမှာ ရောက်နေတယ်မဟုတ်လား။ ပြီးတော့ မင်းက မြေပုံကို မကြာခဏကြည့်တတ်တဲ့ အလေ့အကျင့်ရှိတဲ့အတွက် အရေးကြီးတဲ့ စစ်ပွဲတွေနဲ့ ပတ်သက်လို့ တော်တော်လေး သိနေလိမ့်မယ်လို့လည်း ဖေဖေယူဆတယ်။

ဆားတွင်းတွေနဲ့ ပတ်သက်လို့ မင်းရေးလိုက်ပုံကို ဖေဖေသဘောကျတယ်။ မင့်စာကို ဖတ်လိုက်တာနဲ့ ဆားတွင်းတွေကို သွားကြည့်ခဲ့တုန်းက မင်းဘယ်လောက်ဂရုတစိုက်လေ့လာခဲ့သလဲဆိုတာကို အလွယ်နဲ့သိနိုင်တယ်။ မင်းပြောသလို ဆွစ်ဇာလန်က ဆားဟာကောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အက်တစ်ဆား (လို့ခေါ်တဲ့ အေသင်မြို့ကြီးသာတို့ရဲ့ ဇဝနဉာဏ်) ကိုတော့ မှီမယ် မထင်ဘူး။ အက်တစ်ဆားကတော့ ဂရိပြည်ကြီးတစ်ပြည်လုံးကို နူးညံ့ပျော့ပျောင်းသွားအောင် စီမံပေးခဲ့ပေတာပဲ။ အဲဒီ အက်တစ်ဆားဟာ နောက်တော့ ရောမကို တင်ပို့ခဲ့တယ်။ ရောမရောက်တော့ ယဉ်ကျေးသိမ့်မွေ့ခြင်းလို့ ခေါ်တဲ့ ဓာတ်ဆားတစ်မျိုးက အဲဒီဆားကို လိုက်တုခဲ့တယ်။ အဲဒီ ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတဲ့ ဓာတ်ဆားဟာ တစ်ခါမှာတော့ မူရင်းဖြစ်တဲ့ အက်တစ်ဆားလောက်နီးပါး အနံ့အရသာနဲ့ ပြည့်စုံလာခဲ့တယ်။ အဲဒီ ဆားနှစ်မျိုးကို ညက်ညက်ကြေအောင် ထောင်းပြီး သုံးသည်နှင့်အမျှ မင်းလည်းပိုသဘောကျလာပြီး ပိုအရသာတွေ့လာမှာ အမှန်ပဲ။

အာဒီယူး။ မစ္စတာ ဟာတီနဲ့ မစ္စတာ အဲလိယော့တို့ကို ဂါရဝပြုလိုက်ကြောင်း ပြောပြပါ။

❑ ❑ ❑

**လန်ဒန်၊ ဧပြီ ၁၄ ရက်၊ ၁၇၄၇ ခုနှစ်။**

**လူလေး**

မင်းနဲ့ ပတ်သက်လို့ မစ္စတာတီဆီက ကောင်းသတင်းကို ကြားရတဲ့အတွက် ဖေဖေဝမ်းသာသလို မင်းကောင်းကောင်းမွန်မွန် နေတာကို ကိုယ့်ဘာသာကို သိပြီး တစ်ဝက်လောက် ဝမ်းသာမယ်ဆိုရင် ဖေဖေ မင့်ကိုဘာမှ ဆုံးမကွပ်ညှပ်စရာအကြောင်း သိပ်မရှိတော့ဘူး။ ကိုယ့်ကိုယ်ကို ချစ်တတ်လို့ ရှိရင်မကောင်းမြစ်တား ကောင်းရာညွှန်လတ်ဆိုတဲ့ သဘောတွေကို အထူးပြောနေဖို့လည်း မလိုတော့ဘူး။ လောကမှာ ကိုယ့်ကိုယ်ကို ချစ်တတ်ရင် မကောင်းတာကို အလိုလိုရှောင်ပြီး ကောင်းရာဆောင်တတ်ကြတာ ဓမ္မတာပဲ။

မစ္စတာဟာတီက စာသင်ရာမှာ မင်းဂရုတစိုက်ရှိကြောင်း၊ စာပေကို လေ့လာလိုက်စားကြောင်း ရေးလိုက်တယ်။

ပြီးတော့ စာပေကို နားလည်လာရင် စာပေရဲ့ အရသာကို ခံတတ်လာတယ်ဆိုတာကိုလည်း ရေးလိုက်သေးတယ်။

စာပေကို လေ့လာရတာဟာ အင်မတန် ပျော်စရာကောင်းတယ်။ ပျော်စရာ ကောင်းလာသည်နှင့်အမျှ ပိုပြီး လေ့လာချင်လာလေဖြစ်မှာပဲ။ ဒီလိုလုပ်လာလို့ စာရင်းရှင်းလိုက်တဲ့အခါမှာ လက်ကျန်ဟာ မင်းကောင်းဖို့မင်းအကျိုးရှိဖို့ပဲ ဖြစ်မှာပဲ။

ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် သတ်သက်မှတ်မှတ် လုပ်ပါ၊ တစ်ချိန်တည်းမှာ အလုပ်နှစ်ခုကို မလုပ်ပါနဲ့လို့ မင်းကို ဖေဖေ မကြာခဏ ပြောခဲ့ဖူးတယ်။ ဒီလိုပြောတဲ့အတွက် တစ်နေ့လုံးစာအုပ်နဲ့မျက်နှာမခွာပဲတကုတ်ကုတ်စာတွေ လေ့လာကျက်မှတ်နေရမယ်လို့ဖေဖေပြောလိုတာ မဟုတ်ဘူး။ ဒီသဘောနဲ့ တစ်ခြားစီပဲ။ ဖေဖေဆိုလိုတာက မင်းမှာ ပျော်ရွှင်မှုလည်း ရှိသင့်တယ်လို့ ဆိုလိုတာဖြစ်တယ်။

စာတွေကို လေ့လာကျက်မှတ်တဲ့ အချိန်ရှိသလို ပျော်ရွှင်ဖို့အချိန်လည်း ရှိရမယ်။ ဒီနှစ်ခုကို အညီအမျှ ဂရုမထားခဲ့ဘူးဆိုရင် နှစ်ခုစလုံးမှာ ပျော်ရွှင်မှု၊ ဒါမှမဟုတ် ကျေနပ်မှုကို ရမှာမဟုတ်ဘူး။ လူတစ်ယောက်ဟာ မိမိရဲ့အာရုံကို လက်ရှိလုပ်နေတဲ့ အလုပ်အပေါ်မှာ စူးစိုက်ခြင်း မပြုခဲ့ရင်၊ သို့မဟုတ် မပြုနိုင်ခဲ့ရင် အဲဒီအချိန်မှာ အခြားသော အလုပ်များကို (တစ်စုံတစ်ခုသော အတိုင်းအတာဖြစ်စေ) ဖယ်ထုတ်မထားခဲ့ရင် အဲဒီလူဟာ အလုပ်လုပ်ဖို့လည်း မသင့်လျော်ဘူး။ ပျော်ရွှင်မှုအတွက်လည်း မသင့်လျော်ဘူး။ လူတစ်ယောက်ဟာ ကပွဲမှာ ဖြစ်စေ၊ ညစာစားပွဲမှာဖြစ်စေ၊ ဧည့်ခံပွဲဖြစ်စေ သူ့စိတ်ထဲမှာ ယူကလစ်ပုစ္ဆာတစ်ပုဒ်ကို တွက်နေရင် အဲဒီလူဟာ အလွန်ညံ့ဖျင်းတဲ့ အဖော်တစ်ယောက် ဖြစ်နေမှာပဲ။ အဲဒီ အသိုက်အဝန်းထဲမှာ အလွန်သနားစရာကောင်းတဲ့ သတ္တဝါတစ်ယောက်ပဲ ဖြစ်နေမှာပဲ။ ဒီလို မဟုတ်ဘဲ အခန်းထဲမှာ ပုစ္ဆာတစ်ပုဒ်ကို တွက်နေတုန်း အကအကြောင်းကို စဉ်းစားနေရင်လည်း သူဟာ အလွန်ညံ့ဖျင်းတဲ့ သင်္ချာသမားတစ်ယောက်သာ ဖြစ်လာလိမ့်မယ်လို့ ဖေဖေဆိုချင်တယ်။

တစ်ချိန်မှာ အလုပ်တစ်ခုကိုသာ လုပ်သွားရင် တစ်နေ့တစ်နေ့မှာ သူ့ဆိုင်ရာဆိုင်ရာလုပ်ဖို့ လုံလောက်တဲ့ အချိန်ရှိတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာ အလုပ်နှစ်ခုကို လုပ်မယ်ဆိုရင် တစ်နှစ်လုံးမှာတောင်လုံလောက်တဲ့အချိန်ရှိမှာ မဟုတ်ဘူး။

၁၆၇၂ ခုနှစ်တုန်းက ဒေါသထွက်နေတဲ့ လူအုပ်ရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတဲ့ (ဒတ်ချ်အမျိုးသားနိုင်ငံရေးခေါင်းဆောင်) ဒီဝစ်ဟာ သမ္မတနိုင်ငံရဲ့ တာဝန်အားလုံးကို ထမ်းရွက်နေပေမယ့် သူ့မှာညနေခင်းဝတ်တက်ဖို့ အချိန်ရှိတယ်။ မိတ်ဆွေအပေါင်းအသင်းများနဲ့ ညစာစားဖို့ အချိန်ရှိတယ်။ နိုင်ငံအတွက်အလုပ်တွေကိုလည်း လုပ်သေးတယ်၊ ညနေခင်းမှာ ဘုရားတရားကို အာရုံစိုက်ဖို့လည်း အချိန်ရသေးတယ်၊ အပေါင်းအသင်းမိတ်ဆွေများနဲ့ ထမင်းလက်ဆုံလည်း စားလိုက်သေးတယ်။

ဒီလိုလုပ်ဖို့ ဘယ့်နှယ်လုပ်အချိန်တွေရသလဲလို့ သူ့ကို မေးတော့ သူကလွယ်လွယ်ကလေးပါပဲတဲ့။ အချိန်တစ်ချိန်မှာ အလုပ်တစ်ခုပဲလုပ်ပါတဲ့။ ဒီနေ့လုပ်လို့ရတာ မှန်သမျှကို မနက်ဖြန်ကို ဘယ်တော့မှ မရွှေ့ပါနဲ့တဲ့။အလုပ်ကိစ္စတစ်ခုတည်းကို မသွေမဖည်တည်တည်ငြိမ်ငြိမ် အာရုံစိုက်ခြင်းဟာ စိတ်တန်ခိုးသတ္တိကြီးပြီး ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အမှတ်လက္ခဏာဖြစ်တယ်။ ရေးကြီးသုတ်ပျာနိုင်ခြင်း၊ ဒရောသောပါးလုပ်ခြင်း၊ စိတ်လှုပ်ရှားခြင်း စသည်တို့ကတော့ စိတ်တန်ခိုး အားနည်းပြီး ပေါ့ပေါ့လွှင့်လွှင့်နေတတ်တဲ့လူတွေရဲ့ ခွဲခွာမရတဲ့ လက္ခဏာတွေဖြစ်တယ်။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

**A1 Construction Co.,Ltd.**
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
E.mail: info@a1companies.biz
**ဝန်ထမ်းအလို့ရှိသည်။**

**1. Quality Control Engineer — Male (3) Posts**
- B.E (Civil, M & E) ဘွဲ့တစ်ခုခုရရှိထားရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် Q.C လုပ်ငန်းဆောင်ရွက်ခဲ့သည့်အတွေ့အကြုံရှိရမည်။

**2. Draftsman — Male (2) Posts**
- Auto CAD Software အသုံးပြု၍ အဆောက်အဦးဒီဇိုင်းများ၊ Drawing ပုံများ ရေးဆွဲနိုင်ရမည်။
- Adobe Photoshop, Adobe Illustrator, Corel Draw and Powerpoint Softwareများ ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

**3. Site Manager — Male (5) Posts**
- ဘွဲ့တစ်ခုခုရရှိထားရမည်။
- သွက်လက်ထက်မြက်သူဖြစ်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် Site Managerလုပ်ငန်းဆောင်ရွက်ဖူးသည့်အတွေ့အကြုံရှိသူ ဦးစားပေးမည်။

**4. Receptionist — Female (2) Posts**
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စကားအသင့်အတင့်ပြောဆိုနိုင်သူဖြစ်ရမည်။
- ယဉ်ကျေးချိုသာစွာ နေထိုင်ပြောဆိုတတ်သူဖြစ်ရမည်။
- လျှောက်ထားလိုသူသည် ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံသုံးပုံ၊ နိုင်ငံသားစီစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာနှင့်အတူ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ(ရုံးချုပ်)သို့ လာရောက်လျှောက်ထား နိုင်ပါသည်။
- ဖုန်း ၀၁-၃၇၇၈၉၃

**JOB OPENINGS**

We are seeking enthusiastic result orientated medical professionals to add our Sales and Marketing team. Proactive, drive to succeed and superior interpersonal skills can be advantaged. Under 30 years old of age in preferred.
A competitive salary and incentive scheme is offered based on skills and experience.

1. **M.B.B.S – Medical Product Assistant (M/F 5p)**
2. **B. Med Tech (Lab) – Medical Product Specialist (M/F 5p)**
3. **B. Pharm – Medical Representative (M/F 5p)**
4. **B. N. Sc – Sales and Marketing (M/F 5p)**

Applications can be submitted to 306/99B Myaynu Street, Myaynu Condo, Myaynigone, Sanchaung Township, Yangon from Monday to Saturday during office hours. Please bring your recent passport-sized photo and CV form together with a copy of NRC card, family registration, police clearance and labour registration card to your application

**ဝန်ထမ်းအလိုရှိသည်**
(ရန်ကုန်နှင့်ပြည်တွင်းနယ်ဆိုက်များ၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **Senior Engineer** (ကျား) ၁ - ဦး
**A.G.T.I/B.Tech/B.E (Mechanical)**
လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့်အထက်ရှိသူဖြစ်ပြီး PVC ပိုက်ထုတ်လုပ်ရေးစက်ရုံ၌ ထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှုတွင် ကျွမ်းကျင်စွာအုပ်ချုပ်နိုင်သူဖြစ်ရမည်။ (ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်)

၂။ **Quality Control (Q.C)** (ကျား/မ) ၁ - ဦး
(အင်ဂျင်နီယာဘွဲ့ရ)
လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက်ရှိသူဖြစ်ပြီး Production စက်ရုံတွင် Testing Equipments များ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သူဖြစ်ရမည်။ (ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်)

အထက်ပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည်
ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (၁) လအတွင်း ရဲစခန်းထောက်ခံချက်၊ သုံးလအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**AUTHENTIC PRODUCTION CO.,LTD**
အခန်း (၃၀၄)၊ ကွန်ဒို (D)၊ ကမ္ဘာအေးဗီလာဝင်း၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၅၅၆၉၀၊ ၆၅၆၀၂၀၊ ၆၅၆၀၅၀၊ ၆၅၆၃၃၀၊ ၆၅၁၇၅၆

ပြည်တွင်းရေးရာ



# ပါဠိ ပထမပြန်စာမေးပွဲများ မလှိုင်မြို့နယ် ၌ကျင်းပ

**မလှိုင် မေ ၇**

သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲများကို မေ ၁ ရက်နေ့မှ စတင်၍ ၇ ရက်ထိ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ၌ကျင်းပ လျှက်ရှိကြောင်းသိရသည်။

ပထမပြန် စာမေးပွဲတွင် မလှိုင်မြို့ နယ်ရှိ စာသင်တိုက်များမှ ပထမကြီးတန်း ၃၀ ပါး ၊ပထမလတ် ၂၂ ပါး နှင့် ပထမငယ်တန်းတွင် ၃၁ ပါး စုစုပေါင်း ၈၃ ပါး(သီလရှင်အပါဝင်) ဝင်ရောက်ဖြေဆိုလျှက်ရှိသည်။

စာဖြေ သံဃာတော်များအား မြို့နယ်အုပ်ချုပ်ရေးမှူး အမှူးပြုသော ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များက အလှူည့်ကျဆွမ်း၊ ဘောစဉ်များ ဆက်ကပ်လှူဒါန်းပြီး ကုသိုလ်ပြုလျက်ရှိကြောင်းသိရသည်။ **အောင်ငွေး(မလှိုင်)**

# စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**တောင်တွင်းကြီး မေ ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အတွင်းရှိ စာကြည့်တိုက်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များအသင်းတို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို မြို့ နယ်ပြန်ဆက်ဦးစီးခန်းမ၌ မေ ၃ရက် နံနက် ၉နာရီတွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင် ဦးစီးအရာရှိ ဦးမြင့်သန်းက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်နှင်းဆီ၊ မကွေး၊ရေနံချောင်း၊ ချောက်၊ နတ်မောက်မြို့သစ်မြို့တို့မှ မြို့နယ် ဦးစီးမှူးများနှင့် ရပ်ကွက်ကျေးရွာ စာကြည့်တိုက်မှူးများက ၎င်းတို့ရပ်ကွက် ကျေးရွာအတွင်းရှိ စာကြည့်တိုက်များတွင် စာဖတ်သူတိုးပွားလာစေပြီး ပြည်သူများ အသိပညာတိုးပွားလာစေရန်အတွက် စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး သန်းဌေးဟန်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်ခင်မို့မို့ထွန်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ စာကြည့်တိုက်မှူးများ စုစုပေါင်း အင်အား ၅၀ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**

# ကနီမြို့နယ်သရက်ပင်ကျေးရွာရှိ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံမကြာမီဖွင့်လှစ်တော့မည်

**ကနီ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချိုင်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာတွင် ဆောက်လုပ်ပြီးစီးနေသည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီးအား မေလအတွင်း၌ ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ သရက်ပင်ကျေးရွာ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံကို မြေဧက ၄ဒသမ ၅၂၈ကေပေါ်တွင် အလျား ၁၃၄ ပေ၊ အနံ ပေ ၁၀၀ နှင့် အမြင့် ၁၆ ပေရှိ RC ကွန်ကရစ်အဆောက်အအုံ အမျိုးအစားဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ဖေဖော်ဝါရီ ၄ရက်မှ စတင်ဆောက်လုပ်ခဲ့သည်။

ပင်မဆောင်တွင်(၁၆)ခုတင်ဆံ့ အမျိုးသား၊ အမျိုးသမီးလူနာကုဆောင်၊ ဆရာဝန်နာနေခန်း၊ ဆရာမများနားနေခန်း၊ ပြင်ပလူနာခန်း၊ အစည်းအဝေးခန်းမ၊ မှတ်တမ်းရုံး၊ သားဖွားပြီးနားနေဆောင်၊ ဓာတ်ခွဲခန်း၊ သားဖွားဆောင်၊ ဆေးစတို၊ ပစ္စည်းစတိုနှင့် ခွဲစိတ်ဆောင် အလျား ၄၀ ပေ၊ အနံ ၄၀ ပေရှိသော RC ကွန်ကရစ်အမျိုးအစားများကို ဆောက်လုပ်ထားသည်။

မကြာမီ ဖွင့်လှစ်တော့မည့် (၁၆)ခုတင်ဆံ့သရက်ပင်တိုက်နယ်ဆေးရုံမှာ ချင်းတွင်းမြစ်နံဘေးနှင့် ကနီ-ချောင်းမ-မုံရွာ ကားလမ်းမကြီးမှလည်း ဝင်ထွက်သွားလာနိုင်၍ ရေလမ်းရောကုန်းလမ်းပါ သွားလာနိုင်ပြီး ကနီမြို့နယ် တောင်ဘက်ခြမ်းတွင် အချက်အချာကျသောနေရာဖြစ်သဖြင့် ကနီမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ကျေးရွာပေါင်း ၃၅ ရွာအပြင် ဘုတလင်မြို့နယ်အတွင်းမှ ကျေးရွာခုနစ်ရွာမှ ဒေသခံပြည်သူ နှစ်သောင်းကျော်သုံးသောင်းတို့အား ကျန်းမာရေးစောင့်ရှောက် ကုသပေးနိုင်တော့မည် ဖြစ်သည်။

ယင်း (၁၆)ခုတင်ဆံ့သရက်ပင်တိုက်နယ်ဆေးရုံကို ဦးသန်းဇော်ထွန်း ဇနီးဒေါ်မျိုးမျိုး၊ သားမောင်အောင်ဘုန်းမြတ်၊ မောင်အောင်သီဟကျော် (APM ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုတို့မှ မြေနေရာနှင့် အဆောက်အအုံများကို တစ်ဦးတည်းအကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းငွေးအောင်(ကနီ)**

# သင်္ကြန်တွင်း မြို့ပတ်နှင့်ဆင်ခြေဖုံး လော်ကယ်ရထား၁၆စင်းရပ်နားမည်

**ရန်ကုန် မေ ၇**

လာမည့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော မြို့ပတ်နှင့် ဆင် ခြေဖုံးလော်ကယ်ရထား ၁၆ စင်း ရပ်နားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ ကာလဖြစ်သော ဧပြီ ၁၃ ရက်မှ ၁၆ ရက်ကာလအတွင်းတွင် ပြေးဆွဲခြင်းမပြုသည့် ရထားများနှင့် ပတ်သက်ပြီး ခရီးသွားပြည်သူများသိရှိစေရန် မြို့ပတ်နှင့် ဆင်ခြေဖုံး ဘူတာရုံများတွင် ကြေညာထားလျက်ရှိသည်။ ထိုပြေးဆွဲခြင်းမပြုဘဲ ရပ်နားမည့် ရထား ၁၆ စင်းတွင် "ခ"၊ "ဇ"၊ "လ"၊ "ဇ"၊ "ဒ"၊ "သ"၊ "ဟ"၊ "အ"၊ "ည"၊ "ယ"၊ "ဘ"၊ "ဃ"၊ "ထ"၊ "ယ"၊ "ဂ" စသော အဲကွန်းရထားနှင့် ရိုးရိုးရထားများအပြင် ကမ်းနားလမ်းသစ်တစ်လျှောက် ပြေးဆွဲနေသော RBE ရထားများလည်းပါဝင်ကြောင်းသိရသည်။

ထို့အပြင်သင်္ကြန်တွင်းပြေးဆွဲမည့်ရထားများနှင့် ပတ်သက်၍လည်း လက်မှတ်ခနှုန်းများကို တိုးမြှင့်ခြင်းမျိုးမရှိဘဲ မူလအတိုင်း ငွေကျပ် ၅၀၊ ၁၀၀၊ ၂၀၀၊၃၀၀ စသည့် သတ်မှတ်နှုန်းထားများအတိုင်းသာ ရောင်းချသွားမည်ဟု မြန်မာ့မီးရထားမှ သိရသည်။

**(၆၈၀)**

# ချုံနွယ်၊အမှိုက်နှင့်ပိတ်ဆို့ရေဆိုးများရှင်းလင်း

**ရန်ကုန် မေ ၇**

အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးမင်းလတ်ဦးစီးသော အင်အား၂၅၀ကျော်ပါတပ်ဖွဲ့ဝင်များသည် မေ ၄ရက်နံနက်၆နာရီက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံခန်းအတွင်း၊ အပြင် ချုံနွယ်ပိတ်ပေါင်း၊အမှိုက်နှင့်ပိတ်ဆို့ရေဆိုး ထုတ်မြောင်းစသည့် ကျန်းမာရေးအကျိုးပြုလုပ်ငန်းစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ မြို့နယ်ဆေးရုံဆရာဝန်ကြီး ခင်ရှုပါစိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူများပူးပေါင်းအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ကြကြောင်း သိရသည်။

**၃၂၉**


**ရက္ခပူရသာသနာလင်္ကာရစာမေးပွဲ ပထမဆင့်စာဝါများ(အထူး)သင်တန်းပို့ချမည်။**

ရက္ခပူရသာသနာလင်္ကာရစာမေးပွဲကို ၁၃၇၇ခု တပို့တွဲလဆန်း ၃၊ ၄၊ ၅ (၂၀၁၆ ခု ဖေဖော်ဝါရီလ (၁၀၊ ၁၁၊ ၁၂)နေ့များတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျင်းပမည်ဖြစ်ပါသည်။

သို့ပါ၍ ရခိုင်ပြည်နယ်(၁၇)မြို့နယ်ရှိ သာမဏေကျော်စာမေးပွဲဖြေဆိုရန် အရည်အချင်းလုံလောက်သော ရဟန်းသာမဏေများအား (၃)လ အထူးစာဝါသင်တန်းပို့ချပေးပါမည်။ စာချဆရာတော်များအားလည်း မွမ်းမံသင်တန်းပို့ချပေးပါမည်။

သင်တန်းဖွင့်ရက် - ၂၇-၄-၂၀၁၅

သင်တန်းတည်နေရာ - မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သင်တန်းဆရာများ - မဟာဝိဟာရကျောင်းတိုက် ဂဏဝါစကအဖွဲ့နှင့် ပြင်ပ ပညာရှင်ဆရာတော်များ

သင်တန်းသားများသည် ၂၆-၄-၂၀၁၅ နေ့ နောက်ဆုံးထား၍ မဟာဝိဟာရကျောင်းတိုက်သို့ ရောက်ရပါမည်။ စာလိုက်သံဃာတော်များ သင်တန်းကာလအတွင်း နေထိုင်ရေးနှင့် ဆွမ်းကွမ်းဝေယျာဝစ္စအားလုံးကို ရက္ခပူရသာသနာလင်္ကာရအဖွဲ့မှ အားလုံးတာဝန်ယူပေးမည်ဖြစ်ပြီး အဆောင်နေ ကျောင်းသားများကိုသာ လက်ခံပါမည်။

ဩဝါဒစရိယဆရာတော်များ၏ ဩဝါဒအတိုင်းနေထိုင်ကြရပါမည်။ သီလရှင်စာသင်သားများအတွက်လည်း သီလရှင်သာမဏေကျော်စာသင်တိုက်များ၌ စာဝါလိုက်နိုင်ရန်စီစဉ်ပေးပါမည်။ (ရက္ခပူရသာသနာလင်္ကာရအသင်း)

ဆက်သွယ်ရန်

| ရက္ခပူရသာသနာလင်္ကာရအသင်း (စစ်တွေ) | | ရက္ခပူရသာသနာလင်္ကာရအသင်း (ရန်ကုန်ဌာနခွဲ) | |
|---|---|---|---|
| ဦးမြင့်ဦး (ဥက္ကဋ္ဌ) | 09450539830 | ကိုအောင်မိုးဦး (အတွင်းရေးမှူး) | 095406075 |
| ဒေါက်တာထွန်းလင်းကျော် (အတွင်းရေးမှူး) | 09421735895 | ကိုကျော်ဘုန်းလွင် (တွဲဖက်အတွင်းရေးမှူး) | 095152632 |
| ဦးကျော်ဇေအောင် (ဘဏ္ဍာရေးမှူး) | 09568022 | ကိုကောင်းမြတ်သူ (ပြန်ကြားရေးမှူး) | 0943024762 |
| ဒေါ်မယ်သူမောင် (တွဲဖက်ဘဏ္ဍာရေးမှူး) | 09250755567 | | |
| ဦးအောင်သိန်းကျော် (ပြန်ကြားရေးမှူး) | 098500882 | | |

NEW MOTION Travels & Tours

ပုဂံ - April; 12,13, 30
မိုးကုတ် - April; 13
မန္တလေး - April; 14, 30
ပုဂံ-တောင်ကြီး - April; 11,12
တောင်ကြီး - April; 30

ငွေဆောင်ခရီးစဉ် - April - 13~15 / April - 15~17
( Myanmar Treasure Resort , Aureum Resort & Spa )

Ph; 527 922, 538 811, 09-731 48922, 09-4925 2911, 4925 2922.

AYARWADDY LEGEND TRAVELS & TOURS မှ စီစဉ်သော

စိန်ရောင်ခြည်

ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း

ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကြိုက်ကြီး ဘုရားဖူး

အထူးအစီအစဉ်

May (1) ရက်နေ့ထွက်မည်။ (2N/3D) ခရီးစဉ်

အထူးခရီးစဉ်

450,000Ks

Phone- 01- 252007,252008,398303,09-421106452,09-33940413

Konica ရွှေချာရ WEDDING DRESS PHOTO STUDIO

အမှတ်(၁၃၄)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ရှေ့၊ ကျောက်တံတားမြို့နယ်။



မင်္ဂလာ ဓာတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်

ဘွဲ့ ဓာတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်

ထွန်းကိုကို+နန်းခင်ဇေယျာ

Tel:01 256251, 01 372292

ပိတ်ပြိုဗျို့

သင်္ကြန်ရက်ရှည်ပိတ်ပါမည်။ (12)ရက်မှာစပိတ်ပြီး (20)ရက် ပြန်ဖွင့်ပါမယ်...

09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
09 730 77711 ☎ 01-682928
09 730 77722 ☎ 01-686212

ပေါ်ဆန်းမွှေး နှစ်အိတ်ဝယ်လျှင် T ရှပ် တစ်ထည်ရယူပါ။ စိတ်ကောင်းကြည်လင် ချန်ပီယံ ပေါ်ဆန်းမွှေး

**Job Vacancy**
**(Full-time & Part-time)**
Eye Level Learning Center
No.(9), Building(A), Pearl Condo, Saya San Road, Bahan, Yangon.
mrinfostar@gmail.com
09-259301418, 09-43051318
English Main Teacher- 5 Persons
Englilsh Asst Teacher - 10 Persons
Math Main Teacher - 5 Persons
Math Asst Teacher - 10 Persons
Remarks:Can apply Foreigner & Citizen.

## ယဉ်ကျေးလိမ္မာသင်တန်းနှင့် အလယ်တန်းဆင့် အခြေခံ ဗုဒ္ဓဘာသာစာမေးပွဲဖြေဆို

**ညောင်တုန်း ဧပြီ ၇**

ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် ဗုဒ္ဓဘာသာအခြေခံအသိပညာများရရှိလာစေရန်နှင့် လိမ္မာရေးခြားရှိစေရန်အတွက် အခြေခံဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးလိမ္မာသင်တန်းနှင့် အလယ်တန်းအဆင့်အခြေခံဗုဒ္ဓဘာသာစာပေ ဗဟုသုတဆိုင်ရာနားလည်မှုစာမေးပွဲကို ဧပြီ ၃ ရက် နံနက် ၉ နာရီက မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက် သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အလယ်တန်းအဆင့် အခြေခံဗုဒ္ဓဘာသာဆိုင်ရာစာမေးပွဲဖြေဆိုနေမှုများကို မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဦးဥတ္တမ (သာသနာ့ဓမ္မာစရိယ) ကျောင်းတိုက်နာယကဆရာတော် ဦးဆောင်ကြီးကြပ်ပြီး အခြေခံပညာမူလတန်းကျောင်းအုပ်ကြီးများနှင့် ကော်မတီဝင်များက စစ်ဆေးကြသည်။

အဆိုပါ နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် ဗုဒ္ဓဘာသာစာပေဗဟုသုတအသိပညာဆိုင်ရာ ယဉ်ကျေးမှုစာမေးပွဲသို့ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ထူးချွန်စွာအောင်မြင်သူများအား အထူးဆု၊ ဂုဏ်ပြုဆုများအားထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။ **ထွန်းကျော်(ညောင်တုန်း)**

## ရှမ်းပြည်တောင်ပိုင်း ဒေသအချို့ရှိသောက်သုံးရေအခက်အခဲ ကွင်းဆင်းဆောင်ရွက်



**ကလော ဧပြီ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်နှင့် အောင်ပန်းမြို့အနီးဝန်းကျင်ကျေးရွာအုပ်စုများတွင် သောက်သုံးရေအခက်အခဲများ တွေ့ကြုံနေရသဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောင်ပန်းမြို့ နန်းအွန်ရေထွက်၊ ငချောင်အိုင်ရေထွက်၊ လွယ်မောဆည်တို့မှ ရေသွယ်ယူသိုလှောင်ပြီး မြို့လူထုကို ဖြန့်ဝေပေးနေသော ရေကန်များမှရေကို ဧပြီ ၂ ရက်မှစ၍ ရေခက်ခဲမှုအခြေအနေအလိုက် နယ်မြေခွဲခြားစီစဉ်ပြီး ကျေးရွာများသို့ နေ့စဉ်ရေပေးဝေနေကြောင်း သိရသည်။

"ခုချိန်ဆိုရင် အိမ်တိုင်းရှိ ရေလှောင်ကန်မှရေကုန်သွားသလို ဘီလူးချောင်းမှာလည်း ရေမရှိတော့လို့ တစ်ရွာလုံး လူနှင့် ကျွဲနွားတိရစ္ဆာန်များပါ သောက်သုံးရေအခက်အခဲဖြစ်နေကြတယ်" ဟု အဆိုပါမွေတော်ကျေးရွာမှ ရွာလူကြီးဦးအုန်းဆောင်က ပြောသည်။

"ကလောမြို့နယ် ကျေးရွာတော်တော်များများက တောင်ပေါ်မှာဖြစ်ကြတော့ ရေအခက်အခဲ နှစ်စဉ်ကြုံကြရတယ်။ အောင်ပန်းကတော့ မြို့ဖွံ့ဖြိုးရေးအဖွဲ့တွေ စာသင်တိုက်ကျောင်းထိုင်ဘုန်းတော်ကြီးတွေ မြို့နယ်စည်ပင်သာယာရေးနှင့် တခြားစေတနာရှင်တွေအကူအညီနဲ့ ရေလှောင်ကန်ကြီးတွေ မြို့ပတ်ပတ်လည်တည်ဆောက်ထားတယ်။ အဲဒါကြောင့်လည်း ခုလိုရေအခက်အခဲရှိတဲ့ကျေးရွာတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ မြို့နယ်စည်ပင်သာယာက ရေဂါလန် ၁၂၀၀ ဆံ့ရေကားနဲ့ လိုက်ဝေနိုင်တာ။ မနက်ဖြန်ဆို ပင်မှိကျေးရွာအုပ်စု မြေခြားကျေးရွာကို သွားဝေမယ်။ နောက်နေ့တွေမှာလည်း တစ်ခြားရွာတွေကို ဆက်ဝေသွားမယ်" ဟု အောင်ပန်းမြို့စည်ပင်သာယာရေးဦးစီးမှူး ဦးရဲအောင်က ပြောသည်။

ကလောမြို့နယ် ပင်မှိကျေးရွာအုပ်စု မွေတော်ကျေးရွာသည် အောင်ပန်းမြို့တောင်ဘက် ၁၀ မိုင်ခန့်အကွာ အောင်ပန်းနှင့် ညောင်ရွှေ-အင်းတိန်-အင်းလေး ဖောင်တော်ဦးဘုရားဖူးသွား ဖြတ်လမ်းပေါ်တွင်ရှိပြီး အိမ်ခြေ ၈၁ အိမ်၊ လူဦးရေ ၂၅၀ ကျော်ရှိသည်။ အိမ်တိုင်းတွင် မိုးရေလှောင်ကန်ကြီးများဖြင့် တစ်မိုးတွင်းလုံး မိုးရေများလှောင်ထားပြီး တစ်နှစ်ပတ်လုံးသုံးစွဲကြရသည်။ ယင်းရေလှောင်ကန်တွင် ရေမရှိပါက တစ်မိုင်ခွဲ၊ နှစ်မိုင်ခန့်ရှိသော ဘီလူးချောင်းမှရေကို နွားလှည်း၊ ကျွဲလှည်း၊ ထော်လာဂျီများဖြင့် သယ်ယူသုံးစွဲကြရသည်။ **ဇော်သိန်းရည်**

## ဘိုးဘွားရိပ်သာတွင် သန့်ရှင်းရေးပြုလုပ်၍ အဘိုး၊အဘွားများအတွက် ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဧပြီ ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်မင်းဟန်ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၈၀ ဦးသည် ဧပြီ ၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်မှ နံနက် ၉ နာရီခွဲထိ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ 'သီရိခေတ္တရာ' ဘိုးဘွားရိပ်သာတွင် အဘိုး၊ အဘွားများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးအတွက် အဆောင်များ၊ ထမင်းစားဆောင်များ၊ တရားရိပ်သာတို့အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းစသည့် အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းနောက် အဘိုး၊အဘွားများအတွက် ထောက်ပံ့ငွေ ကျပ် ၁၁၀၀၀၀ လှူဒါန်းခဲ့သည်။ **ရဲပြန်ကြား**

## မွန်ပြည်နယ် ရေးမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေး

**ရေး ဧပြီ ၇**

မွန်ပြည်နယ် ရေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များမှ မြို့နယ်အဆင့် သတင်းမီဒီယာများ၊ နိုင်ငံရေးပါတီများ၊ NGO များ၊ CSO များနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအတွက်လုပ်ငန်းဆိုင်ရာကိစ္စများနှင့် ပြည့်စုံမှန်ကန်သော မဲစာရင်းများပြုစုခြင်းဆိုင်ရာ အချက်များကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ဧင်(ပြန်/ဆက်)**

THE LINS
Travels & Tours Co., Ltd
အမှတ်(၄၇) မြေညီထပ်၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
PH : 01-296531, 01-201784, 01-201785, 09-73006060,09-250358089
ဘာလီ (အင်ဒိုနီးရှား) ခရီးစဉ် ——— ၃ ညအိပ်-၄ ရက်/ ၄ ညအိပ် - ၅ ရက်
ဟိုချီမင်း + ဟနွိုင်း ခရီးစဉ် ——— ၄ ညအိပ်-၅ ရက်/ ၅ ညအိပ် - ၆ ရက်
ကမ္ဘောဒီးယား ခရီးစဉ် ——— ၃ ညအိပ်-၄ ရက်/ ၄ ညအိပ် - ၅ ရက်
စင်ကာပူခရီးစဉ် ——— ၃ ညအိပ်-၄ ရက်
ဘန်ကောက် ခရီးစဉ် ——— ၃ ညအိပ်-၄ ရက်
ဘန်ကောက်-ပတ္တရား ခရီးစဉ် ——— ၄ ညအိပ်-၅ ရက်
ဘန်ကောက် -အယုဒ္ဓယ ခရီးစဉ် ——— ၃ ညအိပ်-၄ ရက်
ဘန်ကောက် - ဖူးခက် ခရီးစဉ် ——— ၆ ညအိပ်-၇ ရက်
76000

GUSTO
Institute of Information Technology
လုပ်ငန်းလိုအပ်ချက်နှင့်ကိုက်ညီသော Database တစ်ခုကို စနစ်တကျ Design ချ၍ အကောင်အထည်ဖော်လိုသူများအတွက်
SQL Server 2008
Database Design & Development Course
✦ ယနေ့ခေတ် Commercial Software Application တိုင်းတွင် Database သည် မပါမဖြစ် ဖြစ်သောကြောင့် ပြည်တွင်း၊ ပြည်ပတွင် အောင်မြင်သော Software Developer ဖြစ်လိုသူတိုင်းသည် Programming နည်းပညာများကိုသာမက Database တစ်ခုကို စနစ်တကျ Design ချ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် လေ့လာထားသင့်ပါသည်။
✦ ဤသင်တန်းတွင် လုပ်ငန်းလိုအပ်ချက် (Requirement) ပေါ်မူတည်၍ အကောင်းဆုံး Database Design တစ်ခု ထွက်ပေါ်လာစေရန် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Requirement Analysis, Conceptual Design, Logical Design, Physical Design) အစရှိသည် တို့ကို Case Studies များသုံး၍ လက်တွေ့လေ့လာရမည်ဖြစ်သည်။
ပြည်တွင်း ပြည်ပတွင် Database Specialist လုပ်လိုသူများအပြင် NGO များ၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများတွင် Database နှင့် သက်ဆိုင်သော Information Officer လုပ်နေသူများပါ တက်ရောက်သင့်ပါသည်။
No. 289 (A) , Pyay Road ,Sanchaung Tsp; Yangon. Tel: 09 - 73031302, 09 - 8628806, 01 - 503715.




တရုတ်
ENGLISH
Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော၊ စကားပြန်
TAMWE-540714, 09 5183636, 09 420230133
သင်္ကြန်အထူး 10%Discount (1.4.15 to 11.4.15)

မြေနှင့်တိုက်ခန်းရောင်းမည်


(၁)နီလာလမ်း၊ရတနာ့အိမ်ယာ၊ VIPကွက်၊သာကေတမြို့နယ်။
(၂)၂၀X ၄၅ပေ၊Bဆောင်၊ညောင်ပင်လေးဈေးပလာဇာ၊လမ်းမတော်မြို့နယ်။
ဆက်သွယ်ရန် ။ ၀၉၇၃၀၄၀၈၉၃ ၊ ၀၉၂၅၂၈၀၉၆၆၄
(အကျိုးဆောင်များအားဆက်သွယ်နိုင်ပါသည်)

# မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ဘားအံ ဧပြီ ၇**

ကရင်ပြည်နယ် ဘားအံမြို့ရဲတပ်ဖွဲ့မှ သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးများ၊ လိင်စိတ်ကြွဆေးဝါးများသုံးစွဲခြင်း ရောင်းဝယ်ခြင်း မရှိရေးအတွက် ဆေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဟောပြောခြင်းကို ဧပြီ ၁ ရက်၊ နံနက် ၁၀ နာရီခွဲ၌ ဘားအံမြို့မ ရဲစခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသို့ဟောပြောရာတွင် ဘားအံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက်ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်အေး၊ ဘားအံမူးယစ်တပ်စု (၃၁) မှ ဒုတိယရဲမှူး အောင်မြင့်ဇော်တို့က သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားရေး၊ မူးယစ်ဆေးဝါးများ၊ လိင်စိတ်ကြွစေသော ဆေးဝါးများ သုံးစွဲခြင်းမရှိရေးနှင့် ရောင်းဝယ်ခြင်း မရှိရေးကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်မိုးသွယ်က အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနမှ ထုတ်ပြန်သော စံမညီ ဆေးဝါး၊ ဆေးဝါးအတု မှတ်ပုံတင်ခြင်းမရှိသော ဆေးဝါးအမျိုးအစား ၄၀ နှင့် ဆေးဝါး ရောင်းချသူများ လိုက်နာရမည့် အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါပညာပေးဟောပြောပွဲတွင် ဘားအံမြို့နယ်အတွင်းရှိ ဆေးဝါးရောင်းချသော အရောင်းဆိုင်ပိုင်ရှင် ၂၅ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများအား ပညာပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# လူနာဆောင်တိုးချဲ့ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ရာနှုန်းပြည့်ပြီးစီး

**ကနီ ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ လူနာဆောင်တိုးချဲ့ ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုကို ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင် တိုးချဲ့ဆောင်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၃၀၀ ဖြင့် Bright Star Wave ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

ဆေးရုံလူနာဆောင် တိုးချဲ့ဆောက်လုပ်ရာတွင် အလျား ပေ ၇၀၊ အနံ ၂၈ ပေရှိ သံကူကွန်ကရစ် RC တစ်ထပ်ဆောင်ကို ပင်မလူနာဆောင်၏ လက်ဝဲဘက်နှင့် လက်ယာဘက်တို့တွင် ဆောက်လုပ်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပြီး အလျား ၈၈ ပေ၊ အနံ ၃၂ ပေအကျယ်ရှိ အခန်း (၄)ခန်းတွဲ သံကူကွန်ကရစ် RC (၄)ထပ်ဆောင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုမှာလည်း သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း ကုမ္ပဏီ၏ ဆောက်လုပ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။

အဆိုပါ လေးထပ်ဆောင်ဝန်ထမ်းအိမ်ရာမှာ ကနီမြို့တွင် ပထမဆုံး အထပ်မြင့်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ယင်း မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင် တိုးချဲ့ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း ပြီးစီးမှုအခြေအနေများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ် အထောက်အကူပြုကော်မတီနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဧပြီ ၃ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သန်းဌွေးအောင်(ကနီ)**

# ကံမမြို့နယ်၌ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးဆွေးနွေး

**ကံမ ဧပြီ ၇**

သရက်ခရိုင် ကံမမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြုလုပ်သည့် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကို အ. ထ. က (ကံမ) ၌ ဧပြီ ၁ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော် စိုးမိုးထွန်းကအမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ကာ တက်ရောက်လာကြသောစာကြည့်တိုက်မှူးများ၊စာကြည့် တိုက်ကော်မတီဝင်များနှင့်စာပေဝါသနာရှင်များက အဖွဲ့သုံးဖွဲ့ခွဲ၍ စာကြည့်တိုက်လုပ်ငန်းများ၏ အားနည်းချက်၊အားသာချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ကြောင်းသိရသည်။ ကံမမြို့နယ်၊ အလယ်ချောင်းကျေးရွာတွင်လည်း ဧပြီ ၅ ရက်တွင် အလားတူ ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# ပါဠိပထမပြန်စာမေးပွဲ လွိုင်လင်မြို့နှင့်ပင်လုံမြို့တို့တွင်ဖြေဆို

**လွိုင်လင် ဧပြီ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ မြို့လယ်ကျောင်းတိုက်နှင့် ပင်လုံမြို့ ဘုရားကြီးတို့တွင် သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲအား ခရိုင်အတွင်းရှိသံဃာများမှ ဧပြီ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် စတင်ဖြေဆိုခဲ့ကြသည်။

လွိုင်လင်စာဖြေဌာနတွင် ပထမကြီးတန်း ၂၆ ပါး၊ ပထမလတ်တန်း ၂၂ ပါး၊ ပထမငယ်တန်း ၉၈ ပါး စုစုပေါင်း ၁၄၆ ပါးဖြေဆိုရန် စာရင်းရှိသော်လည်း ဖြေဆိုသံဃာ ၁၄၂ ပါး၊ ပျက်ကွက် ၂၂ ပါး ရှိကြောင်းသိရသည်။

ပင်လုံစာဖြေဌာနတွင် ပထမကြီးတန်း ငါးပါး၊ ပထမ လတ်တန်း ၁၅ ပါး၊ပထမငယ်တန်း ၁၄၄ ပါး စုစုပေါင်း ၁၆၄ ပါး ဖြေဆိုရန်စာရင်းရှိပြီး ဖြေဆိုသံဃာ ၁၃၇ ပါး၊ ပျက်ကွက် ၂၇ ပါးတို့ရှိကြောင်းနှင့် စာမေးပွဲ ဖြေဆိုရက်မှာ ဧပြီလ ၁ ရက်မှ စတင်ကာ ဧပြီလ ၇ ရက် နေ့အထိ ဖြေဆိုခဲ့ကြောင်းသိရသည်။

**ဝင်းမင်းသန်း**(IPRD)

POPULAR STAR Travel & Services
Find us on Facebook
တောင်ကြီး – အင်းလေး – ပင်းတယ
ကလော – ထမ်ဆမ်း – မွေတော်ကက္ကူ
Apr 11,12,13,17 - 190000 ကျပ်
Apr 30 - 130000 ကျပ်
မန္တလေး – မင်းကွန်း
ပြင်ဦးလွင် – စစ်ကိုင်း
Apr 12 - 150000 ကျပ်
Scania (2+2) Bus, 3 Stars Hotel, Restaurants
အမှတ် ၇၄ (ပထမထပ်)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 799676523

Modern Myanmar Travels
ကားမျိုးစုံဝီးလုံးငှား အထူးစီစဉ်ပေးပါသည်။
✦ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ
✦ တောင်ကြီး၊ အင်းလေး၊ မွေတော်ကက္ကူ
✦ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ချောင်းသာ(သင်္ကြန်)Guest Package
ငွေဆောင် (သင်္ကြန်)Hotel + ကား
April 12,13,17, 24 ထွက်မည်
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး(နေ့စဉ်)
* မန်းရွှေစက်တော်ဘုရားပွဲတော် နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* အလောင်းတော်ကဿပ (ဗိုလ်ဝင်တောင်၊ ရွှေဘတောင်)ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
* တောင်ကြီး (ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ)၊ အင်းလေး (လွိုင်ကော်)
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ဇွဲကပင်၊ မြို့တောင်
* ထားဝယ်(ရှင်ကိုးရှင်)၊ မြောက်ဦး၊ မောင်းမကန်ကမ်းခြေ * ကျိုက္ခမီ
မဟာသင်္ကြန်ခရီးစဉ်များ (12-4-2015)(13-4-2015)
နှင့် (17-4-2015) လက်မှတ်များ ကြိုတင်ရောင်းပြီ
* ☎ 371317,095124678, 09401589907

သိုးရာသီ ဝမ္မဒါန
ရွှေစက်တော်+ပုဂံဘုရားစုံ
တောင်ကြီး-အင်းလေး-ပင်းတယ
Apr 12,17
420144148, 421153797

နွေရာသီရေကူးသင်တန်းများ
ဖွင့်လှစ်သင်ကြားပေးနေပါပြီ
တက္ကသိုလ်ရေကူးကန်
(အင်ယားလမ်း)
Ph:09-73105276,
09-254067394

ရောင်စုံကမ္ဘာ
ဓါတ်ပုံ၊ ဗီနိုင်း
အထူးဈေးနှုန်း
မြန်နှုန်းမြင့်၊ အရောင် ( ၆ )မျိုး၊ အဆင့်မြင့်စက်သစ်ကြီးဖြင့်
ဗီနိုင်းအမြန် ကူးပေးသည်။
အထူး အမြန်
ဂျပန်စက်ဖြင့်
ရောင်မြန်စတောကာ
ဗီနိုင်း | ရောင်မြန်ဗီနိုင်း
Backlit | PPBoard
PhotoPaper | Sticker
ဖဲသားပိတ်စပေါ်တွင် တံဆိပ်၊ အလံ၊ ကြော်ငြာ၊ ဓါတ်ပုံ ကူးပေးသည်။
» အမှတ်(၁၂၉)၊ ၃၄ လမ်း(အလယ်)။ Ph: 389128, 373024
» အမှတ်(၃)၊ ဇေဒင်တိုက်(၇)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံ။ Ph: 09 450058898

မီးသတိပြု

ပလုတ်တုတ်



The Ship for Southeast Asian and
Japanese Youth Program (SSEAYP) မှာ လိုက်ပါခွင့်ရသူ
၃,၂၀၀ ကျပ်

# မွန်ပြည်နယ်၌ နိုင်ငံတကာ ခရီးသွားများအား အနုပညာဖျော်ဖြေပွဲဖြင့် ဆွဲဆောင်

**မော်လမြိုင် ဧပြီ ၇**

မွန်ပြည်နယ်အတွင်းသို့ နိုင်ငံတကာ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာပြီး ချမ်းမြေ့ကြည်နူးစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အက၊ အလှများကို ကမ္ဘာက သိရှိနိုင်ရန်အတွက် မော်လမြိုင်မြို့ Strand Hotel တွင် ဧပြီ ၁ ရက်မှစတင်၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ည ၇ နာရီမှ ည ၉ နာရီအထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ မွန်ပြည်နယ်ကို နိုင်ငံခြားသားတွေရော ပြည်တွင်းခရီးသွားတွေကပါ လာရောက်လည်ပတ်တာ များလာပါတယ်။ ဒီထက်ပိုများအောင် ဆွဲဆောင်မှုတစ်ခုအနေနဲ့ အခုလို တိုင်းရင်းသားရိုးရာ အစားအစာ(ထမင်း)နဲ့ ရိုးရာအဆို အက၊ အလှတွေကို ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပါတယ်။

'နိုင်ငံခြားသားတစ်ဦးကို ၁၅ ဒေါ်လာ၊ မြန်မာနိုင်ငံသားဆို ကျပ် ၁၅၀၀၀ ပေးဆောင်ရမှာဖြစ်ပြီး၊ အခြား ပြင်ပအစားအစာတွေကိုလည်း သီးသန့်မှာနိုင်ပါတယ်။ သည်ဟိုတယ်မှာ မတည်းခဲ့ရင်လည်း သတ်မှတ်နှုန်းထားအတိုင်း ပေးဆောင်ပြီး ဝင်ရောက်နိုင်ပါတယ်။ ဒါ့အပြင် အယောက် ၅၀ နဲ့အထက် တောင်းဆိုခဲ့ရင်လည်း သူတို့တောင်းဆိုတဲ့ရက်ကို စီစဉ်ပေးပါတယ်" ဟု Strand Hotel မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဤသို့ ဖျော်ဖြေတင်ဆက်ခြင်း အစီစဉ်သည် မော်လမြိုင်တွင် ပထမဦးဆုံး လုပ်ဆောင်ခြင်းဖြစ်ပြီး၊ မြန်မာ့ရိုးရာ အစားအစာနှင့် ရိုးရာယဉ်ကျေးမှု အက၊ အလှ တီးမှုတ်သံစဉ်များကို နိုင်ငံခြားသားများအထူး ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

**ဆက်နေမင်းအောင်**



တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့တွင် ရာသီဥတုပူပြင်းလာသောကြောင့် ရေတွင်းရေကန်များတွင် ရေများခန်းခြောက်လျက်ရှိရာ ပြည်သူများရေသုံးစွဲမှု အဆင်ပြေစေရေးအတွက် ပုလောမြို့နယ် မီးသတ်စခန်းမှ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ကားဖြင့် အမှတ်(၁)ရပ်ကွက် ရွှေပင်လယ်လမ်း၊ အမှတ် (၂) ရပ်ကွက် မြဝတီလမ်း၊ ခရေပင်လမ်းနှင့် အမှတ်(၃)ရပ်ကွက် နန္ဒဝန်ဘုန်းတော်ကြီးကျောင်းများသို့ ရေများ အခမဲ့ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ပုလောပြန်/ဆက်

## ရွာမအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ရန်ကုန် ဧပြီ ၇**

မိုးပွင့် အထူးစီမံချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးဌာနမှူး ဦးထိန်လင်းသိန်းနှင့် လ-ဝ-က ဝန်ထမ်းများသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး ဇွန် ၃၀ ရက်အထိ မြို့နယ်အတွင်း ရပ်ကွက် ၂၁ ရပ်ကွက်အတွင်း အလှည့်ကျ ကွင်းဆင်း၍ အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းများကို မတ်လအတွင်း အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အိမ်ထောင်စုစာရင်းရှိသည့် နိုင်ငံသားအရည်အချင်း ပြည့်မီသူတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ရန်အတွက် တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကြည်လင်းက ပေးအပ်ခဲ့သည်။ ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင် လ-ဝ-က ဦးစီးဌာနမှူး ဦးရဲရင့်ထွန်း၊ မြို့နယ် ဦးစီးဌာနမှူး ဦးထိန်လင်းသိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်လှိုင်၊ ရပ်ကွက်အထောက်အကူပြုဥက္ကဋ္ဌတို့ တက်ရောက်ခဲ့သည်။ **(မဂေ)**

## အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲများပါဝင်သည့် အလုပ်အကိုင်ပြပွဲကို MICT Park တွင် မေ ၂ ရက်၌ စတင်ကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

အလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းတစ်ခုဖြစ်သည့် Work.com.mm ၏ ပထမအကြိမ် ပြုလုပ်သည့် အလုပ်အကိုင်အခွင့်လမ်းဆိုင်ရာ ဟောပြောပွဲများပါဝင်သော Recruitment Days အလုပ်အကိုင်ပြပွဲကို မေ ၂ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ MICT Park လှိုင်တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲကို အလုပ်လိုအပ်သောသူများနှင့် အလုပ်ခန့်ထားလိုသူ လုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကျွမ်းကျင်မှုအလိုက် Talent ပေါ်မူတည်ပြီး အလုပ်အကိုင် ပြောင်းလဲလိုသူများ၊ အခွင့်အလမ်းကောင်းများဖြင့် လစာကောင်းသောရာထူးကြီးနေရာ အလုပ်အကိုင်များနှင့် အလုပ်စလုပ်ရန် ဆုံးဖြတ်ပြီး အလုပ်ရှာနေသည့် လူငယ်များနှင့် ကိုက်ညီသည့် အလုပ်အကိုင်များ စုစုပေါင်း အလုပ်နေရာ ၁၀၀ ကျော် လျှောက်ထားနိုင်မည်ဖြစ်သည်။ နာမည်ကြီး ပြည်တွင်း Company ကြီးများဖြစ်ကြသည့် Telenor, Huawei, Coca-Cola, RMA, Hyundai, DKSH, CDSG, Inya Land, Friesland စသည် ကုမ္ပဏီပေါင်း ၂၀ တို့တွင် တစ်ခါတည်း အလုပ်အကိုင် လျှောက်ထားနိုင်ရန် စီစဉ်ကျင်းပသည့်ပွဲလည်းဖြစ်ကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

ချာဒုံသား သကြၤန်အထူးခရီးစဉ်များ
Apr-11
Apr-12
ကျိုက်ထီးရိုး / ချောင်းသာ (ခနစဉ်)
Ph:09-425334456, 09-49578205, 09-49323965, 09-250233599

ရခိုင်ပြည်ဘုရားဖူး ကောင်းထက်စံနှင့်အဖွဲ့
သကြၤန်အထူးအစီအစဉ်မဟာမြတ်မုနိ၊ မြောက်ဦးဘုရားပုထိုးများ၊ ဦးရာဇ်တောင်စေတီ၊ ပွိုင့်ပင်လယ်ကမ်းခြေ သံတွဲ ငပလီအပ် Apr 12 (150000) (6)ရက်ခရီး။ နံနက်စာအပါဆိုင်ကျွေး။ တည်း။ (ငြိမ်း) ဗီဒီယိုမှတ်တမ်း လက်ဆောင်။ (40) ဦးသာ။ ☎: 09448003431, 0949660481.

ယဉ်ယဉ်မိသားစု သကြၤန်အဆင့်မြင့်အထူးခရီးစဉ်
ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဝေါ
(စရိတ်ငြိမ်း ၂၀၀၀၀၀/ကျပ် Hotel အိပ်၊ Hotel စား)
ဧပြီ(၁၁မှ ၁၅ထိ) L~7 ယုဇနပလာဇာမြေညီ
ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅၊ ၀၉-၇၃၀၀၉၈၄၁

သန္တာသုခ သကြၤန်
APR 13
APR 13
09 423 743 233, 09 4210 14940

အမည်ဖြည့်စွက်နှင့်မွေးသက္ကရာဇ်အမှန်
ဆုံးမြို့ ဆင်ပါတ်အုပ်စု လုံထန်ကျေးရွာနေ (ဘ) ဦးဗျာဆာ၏သား မောင်လာဝါအား မောင်လာဝါ (ခ) မောင်လယ်ဝမ်း ဟုဖြည့်စွက်ခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၁-၁၉၉၆ဖြစ်ပါသည်။






# မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်ခြင်း

မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသော ကာလနှစ်ခုရှိပါသည်။ မိုးဦးကာလ (ဧပြီလ-မေလ)နှင့် မိုးနှောင်းကာလ (အောက်တိုဘာလ-နိုဝင်ဘာလ)တို့ဖြစ်ပြီး ယခုမိုးဦးကာလကျရောက်လာပြီဖြစ်ပါသဖြင့် အောက်ပါတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ပါသည်။

၁။ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ

(က) ရေဒီယိုအမြဲဖွင့်၍ သတင်းနားထောင်ပါ။
(ခ) ငါးဖမ်းထွက်ခြင်း၊ ရေလမ်းခရီးထွက်ခြင်းမှ ရှောင်ကြဉ်ပါ။
(ဂ) သောက်ရေ၊ ဆေးဝါး၊ ချက်လွယ်ကျက်လွယ်သော ရိက္ခာ (၇) ရက်စာတို့ကို အသင့်ပြင်ဆင်ထုပ်ပိုးထားပါ။
(ဃ) လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်အသင့်ဆောင်ထားပါ။
(င) အရေးကြီးသော စာရွက်စာတမ်းများကို ရေစိုခံအိတ်ထဲတွင် ထည့်ထားပါ။ သယ်မသွားနိုင်သော ပစ္စည်းများကို စဥ့်အိုး၊ရေစိုခံအိတ်ထဲထည့်၍ မြေမြှုပ်ပါ။ ခိုင်ခံ့စွာ ချည်နှောင် ထားပါ။
(စ) စပါး၊ ပဲကဲ့သို့ မျိုးစေ့များကို ပလတ်စတစ်အိတ်ထဲသို့ လုံခြုံ အောင်ထည့်ပြီး ကုန်းမြေမြင့်တစ်နေရာတွင် မြေမြှုပ်ပါ။
(ဆ) အိမ်နှင့်အမိုးခိုင်ခံ့ပါက ထိုအိမ်တွင်သာ ခိုလှုံပါ။
(ဇ) မုန်တိုင်းခိုနေရာများသို့ ကျွဲ၊ နွားများနှင့်အတူ အလျင်အမြန် ပြောင်းရွှေ့ပါ။
(ဈ) မိသားစုများ တစ်ဦးစီကွဲသွားသည့်အခါ ပြန်ဆုံနိုင်မည့် နေရာကို ကြိုတင်သတ်မှတ်ထားပါ။
(ည) သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် မကျန်းမာသူများအား ခိုအောင်းရ မည့်နေရာသို့ ဦးစားပေးပို့ဆောင်ပေးပါ။

၂။ မုန်တိုင်းတိုက်ခတ်ချိန်တွင် ဆောင်ရွက်ရန်အချက်များ

(က) ရပ်ရွာမှ တာဝန်ရှိသူများ၏ အကြံပြုချက်အတိုင်းလိုက်နာဆောင်ရွက်ပါ။
(ခ) လျှပ်စစ်မီးလိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို ဖြတ်တောက်ပစ်ပါ။
(ဂ) လွင့်ပျံလာသောအရာဝတ္ထုများနှင့် ထိခိုက်မှုမရှိစေရန်အတွက် ခိုအောင်းရာနေရာ၌သာနေပါ၊ အပြင်ထွက်ရပါက လွင့်ပါလာသောသွပ်များနှင့်ထိခိုက်မှုမှ ကာကွယ်နိုင်ရန် ဦးခေါင်းကို အဝတ်ထူနှင့်ပတ်ပြီးပြေးပါ။
(ဃ) အဆောက်အအုံ၏ ခိုင်ခံ့သောအပိုင်းတွင်သာခိုလှုံပါ။ရေဒီယိုမှ သတင်းထုတ်ပြန်ချက်ကို အဆက်မပြတ်နားထောင်ပါ။
(င) အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ ပလတ်စတစ်ရေပုံး အလွတ်၊ ငှက်ပျောတုံး၊ ကားတာယာကျွတ်များကို မိမိတို့နှင့်အတူ ဆောင်ထားပါ။
(စ) တံခါးနှင့်ပြတင်းပေါက်များကို သေသေချာချာပိတ်ထားပါ။ မုန်တိုင်းအရှိန်ကြောင့်ပွင့်ထွက်သွားပါက မျက်နှာချင်းဆိုင်ဘက်မှ လေထွက်ပေါက်တစ်ခု အမြန်ပြုလုပ်ပါ။
(ဆ) လေလာသည့်ဘက်မှ တံခါးပေါက်များကိုပိတ်ထားပြီး လေကွယ်ရာအရပ်ရှိတံခါးပေါက်များကို ဖွင့်ထားပါ။
(ဇ) နေအိမ်စတင်ပြိုကျလာပါက ခန္ဓာကိုယ်ကို မွေ့ရာများ၊ စောင်များဖြင့် အကာအကွယ်ပေးထားပါ(သို့မဟုတ်) ခိုင်ခံ့သော စားပွဲများအောက်တွင်နေပါ။
(ဈ) မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း နာရီဝက်ခန့်အကြာတွင် ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ ဝင်ရောက်လာတတ်သည်ကို သတိပြုပါ။
(ည) လေမုန်တိုင်းခေတ္တလျော့ပါးချိန်တွင် အိမ်အပြင်သို့ ထွက်ခြင်း၊ ကမ်းခြေသို့ သွားခြင်းမပြုပါနှင့်။

၃။ မုန်တိုင်းကျရောက်ပြီးနောက်ဆောင်ရွက်ရန်အချက်များ

(က) ရေဒီယိုကိုဖွင့်ထားပြီး သတိပေးချက်နှင့်အကြံပြုချက်များကို နားထောင်ပါ။
(ခ) မုန်တိုင်းအန္တရာယ်စိတ်ချရပြီဆိုသော သတင်းရရှိမှသာ နေအိမ်သို့ပြန်ပါ။
(ဂ) ဒဏ်ရာရရှိသူများကိုပြုစုပါ၊ လိုအပ်လျှင် ဆေးခန်း၊ ဆေးရုံသို့ပို့ပါ။
(ဃ) ပြုတ်ကျပြတ်တောက်နေသော ဓာတ်ကြိုးများကို တွေ့ရှိလျှင် မကိုင်မထိစေရန်သတိပြုပါ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။
(င) ပြိုကျပျက်စီးနိုင်သော အဆောက်အအုံ၊ သစ်ပင်များနှင့် ဝေးဝေးနေပါ။
(စ) မြွေနှင့် အဆိပ်ရှိသောသတ္တဝါများကို သတိထားပါ။
(ဆ) ရေဝပ်သောနေရာများတွင် ကျင်းများ၊ ချိုင့်များ ရှိလျှင် ရေနစ်တတ်သဖြင့် ကလေးများကို ၎င်းနေရာတွင် မကစားရန်ထိန်းသိမ်းပါ။
(ဇ) လမ်းနှင့် ရပ်ရွာသန့်ရှင်းရေးပြုလုပ်ပါ။ ရေကို ကျိုချက်သောက်ပါ။
(ဈ) ကယ်ဆယ်ရေးလုပ်ငန်းများတွင်ကူညီပါ။
(ည) ကောလာဟလသတင်းများကို နားမထောင်ပါနှင့်။

## ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာများရှင်းလင်း

**လိပ်သို ဧပြီ ၇**

၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီက လိပ်သိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတောင်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစောယိုစီးယာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစောတီမသေက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေခံမဲဆန္ဒရှင်စာရင်း ကွန်ပျူတာရေးသွင်းမှု၊ မဲရုံစာရင်းပြုစုထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးဖြစ်ကြသော ရပ်ကွက်ကျေးရွာအုပ်စု စာရေးများက သိရှိလိုသည်များ မဲရုံထားရှိမည့်နေရာများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြသည်။

"အချိန်ကာလအားဖြင့် ခုနစ်လပဲ ကျန်ပါတော့တယ်။ မဲစာရင်းကွန်ပျူတာ ရေးသွင်းမှုတော့ ၅၀ ရာခိုင်နှုန်းတော့ပြီးပြီ။ မတ် ၃ ရက်က စရိုက်တာ မေလကုန် ၃၁ ရက်အထိအပြီးရိုက်သွားမှာဖြစ်တယ်။ မဲရုံစာရင်းကိုတော့ ဒီဆွေးနွေးပွဲအပြီးမှာ အတည်ပြုနိုင်ပါလိမ့်မယ်။ ပညာပေးသင်တန်းတွေလည်း လုပ်ရအုံးမယ်"ဟု မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစောတီမသေက ပြောကြားခဲ့ကြောင်း သိရသည်။

**လိပ်သို(ပြန်/ဆက်)**

## ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**လှည်းကူး ဧပြီ ၇**

